# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၃၇)


# ရခိုင်ပြည်နယ်အရေးသည် အလွန်အရေးကြီးသည့်အတွက် ဝိုင်းဝန်းအဖြေထုတ်ရမည်ဖြစ်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်** (သတင်းစဉ်)

**ရန်ကုန် စက်တင်ဘာ ၅**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုဖီအာနန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်တို့ တက်ရောက်၍ အမှာစကားများ ပြောကြားကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အရေးကိစ္စသည် မိမိတို့အားလုံးအတွက် အရေးအကြီးဆုံး ကိစ္စရပ်တစ်ခု ဖြစ်နေပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း *စာမျက်နှာ ၃ ကော်လံ ၁* ✻

> **“အနာဂတ်မြန်မာနိုင်ငံ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိမည့် အကြံပြုချက်များကိုလည်း ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း မစ္စတာ ကိုဖီအာနန် ပြောကြား”**

## စက်တင်ဘာ ၁၃ ရက်သည် အီဒွလ်အဿွဟာ(ဘက္ကရီအီးဒ်)နေ့ဖြစ်၍ အများပြည်သူအလုပ်ပိတ်ရက်အဖြစ်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၅**

၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၃ ရက်) အင်္ဂါနေ့သည် အီဒွလ်အဿွဟာ(ဘက္ကရီအီးဒ်) နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာထားသည်။ **(သတင်းစဉ်)**

## မြန်မာလေဆိပ်များ ဝန်ဆောင်မှုကောင်းမွန်ရေး ဂျပန်ကူညီမည်

**သတင်း-မြင့်မောင်စိုး**

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာနိုင်ငံလေဆိပ်များတွင် ပိုမိုကောင်းမွန်သော လေဆိပ်ဝန်ဆောင်မှုဖြစ်ရေးအတွက် ဂျပန်နိုင်ငံအနေဖြင့် အကူအညီများပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတီရှိ ဟီဂူချီက ပြောသည်။

“နှစ်နိုင်ငံသဘောတူညီချက်အရ မြန်မာနိုင်ငံရှိ လေဆိပ်တွေမှာ ပိုမိုဝန်ဆောင်မှုပေးနိုင်ဖို့ ကူညီပေးသွားမှာဖြစ်ပါတယ်”ဟု ဂျပန်သံအမတ်ကြီးက ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး လေကြောင်းပညာသိပ္ပံ၌ ကျင်းပသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ANA Holdings Inc(ANA) တို့ ပူးပေါင်းဖွင့်လှစ်သည့် ဒုတိယအကြိမ် လေဆိပ်မြေပြင်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ယခု ဒုတိယအကြိမ် ဖွင့်လှစ်သည့် အခြေခံသင်တန်းမှာ နှစ်လကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် ထူးချွန်သော သင်တန်းသားများအား လာမည့် ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ နာရီတာလေဆိပ်၌ လေဆိပ်မြေပြင်ဝန်ဆောင်မှုတန်းမြှင့် သုံးနှစ်သင်တန်းသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ANA Holdings Inc တို့အကြား ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် နားလည်မှုစာချုပ်အရ ဒုတိယအကြိမ်သင်တန်းကို ပို့ချရခြင်းဖြစ်ကြောင်း၊ ယင်းစာချုပ်မှတ်တမ်းအရ ပထမအကြိမ်လေဆိပ်မြေပြင်ဝန်ဆောင်မှု အခြေခံသင်တန်းကို ရန်ကုန်မြို့လေကြောင်းသိပ္ပံ၌ ၂၄-၇-၂၀၁၅ ရက်မှ ၂၇-၁၀-၂၀၁၅ ရက်အထိ ပို့ချခဲ့ကြောင်း၊ ယင်းပထမအကြိမ်မှ *စာမျက်နှာ ၃ ကော်လံ ၁* ❐




မြန်မာ့အလင်း

# ကျွမ်းကျင်အလုပ်သမားဈေးကွက်နှင့် ပုဂ္ဂလိက ကဏ္ဍမှ လေ့ကျင့်ပျိုးထောင်မှု

မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခုပင် တင်းတင်းပြည့်တော့မည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့မှာ လက် ၁၀ ချောင်းသဖွယ် အတိုအရှည်တို့ မတူညီသည့်အလျောက် အာဆီယံနိုင်ငံများတည်ရှိရာ အရှေ့တောင်အာရှဒေသကို တည်ငြိမ်သော၊ အောင်မြင်ကြွယ်ဝသော၊ အချိုးညီညီဖွံ့ဖြိုးတိုးတက်သော၊ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုရေး၊ စီးပွားရေးကွာဟချက်တို့နည်းပါးသော ဒေသဖြစ်လာစေရန်အတွက် နောက်ကျကျန်ရစ်သော ဒေသတွင်းနိုင်ငံများက ရှေ့သို့ရောက်နှင့်နေသော ဒေသတွင်းနိုင်ငံများကို အမီလိုက်နိုင်ရန် ကြိုးပမ်းဖို့လိုအပ်လျက်ရှိသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ကို ၂၀၁၅ ခုနှစ်တွင် ထူထောင်ခဲ့ပြီးဖြစ်သည့်အလျောက် အာဆီယံနိုင်ငံများအတွင်း လွတ်လပ်စွာကုန်စည်စီးဆင်းနိုင်ခြင်း (Free Flow of Goods)၊ လွတ်လပ်စွာဝန်ဆောင်မှုစီးဆင်းနိုင်ခြင်း (Free Flow of Services)၊ လွတ်လပ်စွာရင်းနှီးမြှုပ်နှံမှုပြုနိုင်ခြင်း(Free Flow of Capital)၊ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာစီးဆင်းနိုင်ခြင်း (Free Flow of Skilled Labour) စသည့် အခြေအနေများလည်း ဖြစ်ပေါ်လျက်ရှိပြီဖြစ်သည်။ အာဆီယံနိုင်ငံများ၏ စီးပွားရေးပေါင်းစပ်မှုနှင့်အတူ "ဘုံ" အလုပ်သမားဈေးကွက်ဖြစ်ပေါ်စေရေးကိုလည်း ဦးတည်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စွမ်းရည်မြင့် ကျွမ်းကျင်လုပ်သားများ လျင်မြန်စွာမွေးထုတ်ပေးရန် အခြေအနေအရပ်ရပ်က တောင်းဆိုနေပြီဖြစ်သည်။

အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက ယမန်နှစ်အတွင်း ကောက်ယူခဲ့သော လုပ်သားအင်အားစစ်တမ်းအရ မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်နှင့် အထက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းရှိလူဦးရေ(Working Age Population-WAP) ၃၃ ဒသမ ၉ သန်းရှိသည်ဟု ခန့်မှန်းထားပြီး အဆိုပါ အသက်အပိုင်းအခြားတွင် လုပ်သားအင်အားပါဝင်မှုနှုန်း (Labour Force Participation Rate-LFPR) ၆၄ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယခုအခါ မိမိတို့နိုင်ငံအတွင်းသို့ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာလျက်ရှိရာ လုပ်ငန်းအမျိုးအစားအလိုက် ကျွမ်းကျင်လုပ်သားများစွာ လိုအပ်လျက်ရှိနေသည်။ ပြည်တွင်းလုပ်သားဈေးကွက်တွင် ကျွမ်းကျင်လုပ်သားရှားပါးသည်နှင့်အမျှ နိုင်ငံခြားသား အလုပ်သမားများကသာ နေရာယူလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းက အာဆီယံနိုင်ငံတစ်ခုဖြစ်သော ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်မြို့တွင် ဆောက်လုပ်ရေးစီမံကိန်းကြီးတစ်ခုကို အကောင်အထည်ဖော်ခဲ့ရာတွင် မိမိတို့နိုင်ငံမှ ကျွမ်းကျင်လုပ်သားများ လုံလောက်စွာမရရှိနိုင်ခြင်းကြောင့် ၎င်းတို့နိုင်ငံသား ဆောက်လုပ်ရေးကျွမ်းကျင်လုပ်သားများနှင့်သာ လုပ်ကိုင်သွားခဲ့ကြောင်း သိရသည်။

ယခုနှစ် (၂၀၁၆-၂၀၁၇)အတွင်း မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က အမျိုးသားအဆင့် အလုပ်အကိုင်ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရန် အလုပ်အကိုင် ၂၅ မျိုးကို ရွေးချယ်ထားရာ လေအေးပေးစက်တပ်ဆင်သူ၊ လျှပ်စစ်တပ်ဆင်မှုကျွမ်းကျင်၊ ပရိဘောဂလက်သမား၊ အဆောက်အအုံလက်သမား၊ ဂဟေဆက်လုပ်သား၊ ဟိုတယ်စားပွဲထိုး၊ အရောင်းဆိုင် ငွေကိုင်ဝန်ထမ်း၊ အရောင်းဝန်ထမ်း၊ အုတ်စီလုပ်သား၊ အထည်ချုပ်ကျွမ်းကျင်သူ၊ အိပ်ခန်းစောင့်ဝန်ထမ်း၊ မော်တော်ယာဉ်စက်ပြင်၊ မော်တော်ယာဉ်စက်စစ်ဆေးသူ၊ ဟိုတယ်ဧည့်ကြိုဝန်ထမ်း၊ ကွန်ကရစ်ဖျော်လုပ်သား၊ သံရည်ကျိုပုံသွန်းလုပ်သား၊ ဓာတ်ငွေ့ဂဟေဆက်လုပ်သား၊ တွင်ခုံဖောက်ခုံလုပ်သား၊ သတ္တုတွင်းလုပ်သား၊ လယ်ယာသုံးစက်ကိရိယာစက်ပြင်၊ ပိုက်ဆက်လုပ်သား၊ ကြွေပြားကပ်လုပ်သား၊ အသေးစားစက်ပြင်၊ Public Area Attendant၊ Pneumatic Technician တို့ ပါဝင်သည်။ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများနှင့် စစ်ဆေးရေးဌာနများကို ပုဂ္ဂလိကများအား လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကမူ အလုပ်အကိုင်တိုးတက်ရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိအမှတ်ပြုရေး၊ ပြည်တွင်းကျွမ်းကျင်မှု စံသတ်မှတ်ရေး၊ အလုပ်သင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေထူထောင်ခြင်းတို့ကို ကြီးကြပ်သွားမည်ဟု သိရှိရသည်။

လုပ်သားအင်အား ပါဝင်နှုန်းမြင့်မားသည့် မိမိတို့နိုင်ငံအနေဖြင့် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိသူများကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ကာ အာဆီယံအလုပ်သမားဈေးကွက်တွင် ရင်ပေါင်တန်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုးပမ်းခြင်းဖြင့် ပေါ်ပေါက်လာသော အခွင့်အလမ်းများကို ရယူနိုင်ကြပါစေ လိုကြောင်း။ ။



## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဆင်း

**သုံးခွ စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဆင်းပွဲကို ကဒပွန ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ်လနောက်ဆုံးပတ်က ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဇော်လင်းနိုင်က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ထူးချွန်သင်တန်းသားများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် ဆုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## (၁၃)ကြိမ်မြောက် သင်္ချာဉာဏ်စမ်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၅**

ကျောင်းသား ကျောင်းသူများ၏ ဆန်းစစ်ဝေဖန်ပိုင်းခြားနိုင်သော စွမ်းရည်တိုးတက်လာစေရန်နှင့် သင်္ချာဘာသာရပ်ကို စိတ်အားထက်သန်မှု မြင့်တက်လာစေရန် မတူညီသောအဆင့်များအတွက် မတူညီသော ဉာဏ်စမ်းပုစ္ဆာများ ပါဝင်သော ပြိုင်ပွဲကြီးကို Horizon ကျောင်းများ၏ သင်္ချာဌာနမှူးကြီးမှူး၍ (၁၃)ကြိမ်မြောက်သင်္ချာဉာဏ်စမ်းပြိုင်ပွဲကို မန္တလေးမြို့ စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ကျောင်းများမှ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အလိုက် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၄ ရက်က မန္တလေးမြို့ပတ်လမ်း လမ်း ၃၀ နှင့် ၃၁ လမ်းကြားရှိ ဟိုတယ်ရွှေပြည်သာ ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါသင်္ချာဉာဏ်စမ်းပြိုင်ပွဲသို့ မန္တလေးစာစစ်ဌာနမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄၃၄ ဦး၊ စစ်ကိုင်းစာစစ်ဌာနမှ ကျောင်းသား ကျောင်းသူ ၁၁၁၃ ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အဆင့်တစ်ခုစီတိုင်းမှ ဆုရရှိကြသူ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ အပါအဝင် အဆင့် ၂၀ အထိ ဆုများချီးမြှင့်ပေးအပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကားပြောကြားပြီး ဆုရရှိသူများကို ဆုချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့နောက် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်း၊ Horizon ကျောင်းအုပ်ကြီး မစ္စတာရီဆွတ်နှင့် ကိုယ်ပိုင်ပညာရေး ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများက ဆုများနှင့်ဂုဏ်ပြုလွှာများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရေဘေးရှောင်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**အင်္ဂပူ စက်တင်ဘာ ၅**

အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ ဗိုလ်အောင်ကျော်ခန်းမ၌ စက်တင်ဘာ ၄ ရက်က ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှအထူးကုဆရာဝန်ကြီးများက ရေဘေးရှောင်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

အဆိုပါရေဘေးရှောင်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှအရိုးအကြောနှင့်ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေး ပါမောက္ခဒေါက်တာ ဒေါ်သန်းသန်းဌေး ဦးဆောင်သောအထူးကုဆရာဝန် ၁၀ ဦးနှင့် ဆေးကျောင်းသား ကျောင်းသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်စိုး၊ မဲဇလီကုန်းမြို့တိုက်နယ် ဆရာဝန်ဒေါက်တာပြည့်ဖြိုးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့များနှင့်ပူးပေါင်းပြီး အင်္ဂပူမြို့နယ်နှင့် မဲဇလီကုန်းမြို့နှင့်အနီးဝန်းကျင် ကျေးရွာများမှ ရေဘေးရှောင်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။



ယင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(မြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၅-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/ ၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈.၃၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၉၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၂ |
| တရုတ် | တစ်ယွမ် | ၁၈၁.၁၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၁.၁၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ ရှေ့ဖုံးမှ

ရခိုင်ပြည်နယ်အရေးသည် အလွန်အရေးကြီးသည့်အတွက် မိမိတို့အားလုံး ဝိုင်းဝန်းပြီး အဖြေထုတ်ရမည်ဖြစ်ပါကြောင်း၊ မစ္စတာ ကိုဖီအာနန်အပါအဝင် အားလုံးသော အဖွဲ့ဝင်များကလည်း အဖြေထုတ်သည့်နေရာတွင် နည်းလမ်းများ ရှာဖွေပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် မစ္စတာ ကိုဖီအာနန်က မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးကာလတွင် မိမိအနေဖြင့် ယခုကဲ့သို့ ပါဝင်ခွင့်ရသည်ကို ဝမ်းမြောက်ပါကြောင်း၊ အနာဂတ်မြန်မာနိုင်ငံတည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိမည့် အကြံပြုချက်များကိုလည်း ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ သိမ်မွေ့နက်နဲသည့် အရေးကိစ္စများကို ဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်းကောင်းများကို ရှာဖွေသွားမည်ဖြစ်ကြောင်း၊ နည်းလမ်းကောင်းများရရှိရေးအတွက် အကြံပြုပေးရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၄ ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အကြံပေးကော်မရှင်တွင် ဘက်လိုက်မှုကင်းသည့်၊ လူအများလေးစားသည့်၊ အတွေ့အကြုံရင့်ကျက်သည့်၊ ထင်ပေါ်ကျော်ကြားသည့် မြန်မာနိုင်ငံသားပုဂ္ဂိုလ် ခြောက်ဦး၊ နိုင်ငံတကာမှပုဂ္ဂိုလ်သုံးဦး စုစုပေါင်းအဖွဲ့ဝင် ကိုးဦးပါဝင်ပြီး အဆိုပါကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် ကိုဖီအာနန်ဖောင်ဒေးရှင်း တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာ ကိုဖီအာနန်က ဆောင်ရွက်မည်ဖြစ်သည်။ **(သတင်းစဉ်)**



**ကိုဖီအာနန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်**
(သတင်းစဉ်)



**စက်တင်ဘာ ၅ ရက်က မလေးရှားနိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညစာခံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်ဇနီး ဒေါ်လှလှမူတို့အား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E.Mr.Mohd Haniff Bin Abd Rahman ကြိုဆိုနှုတ်ဆက်စဉ်**
(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ထူးချွန်သူများကို ဂျပန်နိုင်ငံ နာရီတာလေဆိပ်၌ သုံးနှစ်သင်တန်းသို့ မြန်မာနိုင်ငံသား သင်တန်းသား ၁၅ ဦး စာတွေ့လက်တွေ့ တက်ရောက်လျက်ရှိကြောင်း၊ ယခု ရန်ကုန်နှစ်လသင်တန်းတွင် သင်တန်းသား ၁၄ ဦး တက်ရောက်လျက်ရှိပြီး ထူးချွန်သူများ ဂျပန်နိုင်ငံသို့ ထပ်မံသွားရောက်ကာ စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ပူးတွဲ) ဦးအောင်ကျော်ထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတီရှို ဟီဂူချီတို့က အမှာစကားပြောကြားခဲ့ပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်းများ၊ လေဆိပ်မြေပြင်ဝန်ဆောင်မှု ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ANA Holdings Inc နှင့် နာရီတာလေဆိပ်ဝန်ဆောင်မှုမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့သည်။ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းမှာ လေယာဉ်များ စနစ်တကျ ဆင်းသက်ရပ်နားခြင်း၊ လေဆိပ်သန့်ရှင်းရေး၊ ကုန်စည်များ စနစ်တကျထားရှိရေး စသော လုပ်ငန်းများ ပါဝင်သည်။

## မိုးစပါးမျိုးသန့် မျိုးစေ့ထုတ်စိုက်ကွက်မျိုးကွဲနုတ်ပယ်

**သဲကုန်း စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးတွင် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် ဆင်းသွယ်လတ်မျိုးသန့် မျိုးစေ့ထုတ်စိုက်ကွက် ဧက ၅၀ ကို ကွင်းအမှတ် (၈၈၆) ၌ စိုက်ပျိုးခဲ့သည်။ အဆိုပါစိုက်ကွက်၌ တောင်သူပညာပေးဆွေးနွေးပွဲနှင့် မျိုးကွဲနုတ်ပယ်ခြင်းကို စက်တင်ဘာ ၂ ရက် နံနက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်၊ ပြည်ခရိုင် မျိုးစေ့တာဝန်ခံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တောင်သူများ၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများတက်ရောက်ကြပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက မျိုးစေ့ထုတ်စိုက်ကွက် ပီပြင်စွာဆောင်ရွက်ရန်နှင့် ခရိုင်မျိုးစေ့တာဝန်ခံက မျိုးစေ့ဥပဒေနှင့် မျိုးကွဲများ စနစ်တကျ နုတ်ပယ်ခြင်းနည်းပညာများအား လက်တွေ့ကွင်းဆင်း ပြသခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပန်းချီဘွဲ့ရကျောင်းသူများ၏ 93 Art Exhibition ပန်းချီပြပွဲ ပြသ

**ရန်ကုန် စက်တင်ဘာ ၅**

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၌ ၁၉၉၃ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ပန်းချီပညာသင်ယူခဲ့ပြီးနောက် နယ်ပယ်အသီးသီးတွင် အသက်မွေးဝမ်းကျောင်း ပြုလုပ်လျက်ရှိသော ပန်းချီဘွဲ့ရကျောင်းသူ ၁၁ ဦးနှင့် ဆရာနှစ်ဦးတို့၏ ၉၃ အမည်ရှိ အမှတ်တရအုပ်စုလိုက် ပန်းချီပြပွဲ 93 Art Exhibition ကို ရန်ကုန်မြို့ ယောမင်းကြီးလမ်း ခြံအမှတ်(၆၅)တွင် စက်တင်ဘာ ၃ ရက်မှ ၅ ရက် အထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအတွင်း ခင်းကျင်းပြသခဲ့သည်။

အဆိုပါပြပွဲတွင် ပါဝင်ရေးဆွဲပြသခဲ့သူ လက်ရှိဖက်ရှင်ဒီဇိုင်နာ မဝတ်ရည်ဦးက "ကျောင်းပြီးကတည်းက ပန်းချီကို မဆွဲဖြစ်တာ အနှစ် ၂၀ လောက်ရှိပြီ၊ ဒီပွဲမှာ သူငယ်ချင်းတွေ စုစည်းပြသတဲ့ ပွဲဖြစ်တာကြောင့် ဝင်ရောက်ဆွဲဖြစ်တာပါ၊ Acrylic အမျိုးအစားကို ဆွဲခဲ့တယ်။ ပန်းချီပညာရပ်က လက်ရှိလုပ်နေတာနဲ့လည်းဆက်စပ်ပါတယ်။ အခြေခံ သဘောတရားတွေအားလုံးက အတူတူပါပဲ၊ ပန်းချီပညာက လူတစ်ယောက်ရဲ့ပုံသဏ္ဌာန်ကို ပိုမြင်တဲ့ အရည်အချင်းရှိတယ်။ ဘယ်အရောင်နဲ့ဆိုလိုက်မယ် မလိုက်ဘူး ခံစားလို့ရတယ်။ ကျွန်မ ဖန်တီးတဲ့အထဲမှာ ဝတ်စုံဒီဇိုင်းတွေကို ပန်းချီပညာနဲ့ ဖန်တီးလို့ရတယ်ဆိုတာလည်း ပြသထားတယ်။ ပန်းချီပညာဆိုတာက အခြေခံပဲ တတ်တတ်၊ ဝါသနာပဲပါပါ အလွန်ကောင်းပါတယ်။ အမြဲတမ်းပျော်ရွှင်စေတဲ့ အနုပညာရပ်တစ်ခုဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ပြသသည့် ၉၃ အမည်ရှိ အမှတ်တရအုပ်စုလိုက် ပန်းချီပြပွဲတွင် ပန်းချီကားပေါင်း ၆၉ ကား ပါဝင်ပြသကာ မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းဓလေ့ကိုဖော်ကျူးသည့် ပန်းချီများကို အဓိက ရေးဆွဲပြသထားကြောင်းသိရသည်။ ပန်းချီကားများမှာ ဆီဆေး၊ ရေဆေး၊ Acrylic အမျိုးအစားများ ဖြစ်ပြီး Acrylic ပန်းချီကားက ပိုမိုများပြားသည်။

ပြပွဲစီစဉ်သူပန်းချီဆရာ ဦးသိန်းဝင်းက "ဒီပွဲမှာရေးဆွဲဖြစ်တာက မြန်မာ့ရိုးရာထုံးတမ်းဓလေ့ကို သိရှိအောင် ပြန်လည်စုစည်းပြီးပြသတာပါ၊ Acrylic အမျိုးအစားနဲ့ ရေးဆွဲထားတာပါ၊ Acrylic က သုံးရလွယ်တယ်၊ ဝယ်ယူရလည်းလွယ်တာကြောင့် တော်တော်များများ သုံးကြတယ်"ဟု ပြောသည်။

လက်ရှိပန်းချီကားများ၏ ဈေးကွက်အနေနှင့် စပ်လျဉ်း၍ ၎င်းက "ဈေးကွက်အနေအထားက ကောင်းတဲ့အခါလည်း ကောင်းတယ်၊ မကောင်းတဲ့အခါလည်း မကောင်းဘူး၊ အဓိကကတော့ ပြပွဲပြသဖို့ နေရာ အခက်အခဲပါပဲ၊ တချို့က ပြပွဲပြဖို့ နေရာမရှိဘူး။ တချို့ပြခန်းတွေကဈေးကြီးတာကလည်း အပါအဝင်ပါပဲ၊ ပြခန်းတွေ ဈေးနှုန်းချိုသာရင်၊ ဒီထက်မက ပြပွဲတွေ စည်စည်ကားကားဖြစ်လာမယ်ဆိုရင် ပိုကောင်းလိမ့်မယ်"ဟု ၎င်း၏အမြင်ကို သုံးသပ်ခဲ့သည်။



93 Art Exhibition ပြပွဲတွင် ရှုမျှော်ခင်း၊ လူပုံတူ၊ သစ်ပင်ပန်းမန်၊ လူမှုဘဝတို့အပြင် မြန်မာ့ရိုးရာနှင့် နိုင်ငံတကာ ရေးဆွဲဟန်များဖြစ်သည့် သင်္ကေတဟန်၊ သရုပ်မှန်၊ မော်ဒန်၊ အိပ်စ်ပရက်ရှင်၊ ဒြပ်မဲ့ပုံစံစသည့် ပန်းချီဆရာများ၏ စိတ်ကူးစိတ်သန်းများအား ရသမျိုးစုံ ပါဝင်ရေးဆွဲထားသည်ကို တွေ့ရသည်။

ယခု သုံးရက်တာ ကျင်းပလျက်ရှိသည့် ပန်းချီအုပ်စုပြပွဲမှ ရရှိလာမည့် ရလဒ်များကိုသုံးသပ်ပြီး ရှေ့နှစ်များ၌လည်း ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ စီနီယာကျောင်းသူများ၏ အုပ်စုလိုက် ပန်းချီပြပွဲများကို ဆက်လက်တင်ဆက်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်း-ဝင်းစန္ဒီ**

## မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ် ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်းများ (ဆင့်ပွား) သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၅**

နေပြည်တော် ဥတ္တရခရိုင်ရဲတပ်ဖွဲ့ မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်လှစ်ခြင်းကို စက်တင်ဘာ ၅ ရက် မွန်းတည့် ၁၂ နာရီက ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မရဲစခန်း သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သိန်းဝင်းက အမှာစကားပြောကြားခဲ့သည်။ **(ယာပုံ)** ယနေ့ ဖွင့်လှစ်သည့် မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်းသို့ ဥတ္တရသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်သန်း၊ ဘုရားကုန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇော်ဝင်းနှင့် သင်တန်းသားအရာရှိ လေးဦး၊ အခြားအဆင့် ၁၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၅ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်(ရုပ်မြင်သံကြား)**



# မြန်မာ-တရုတ် ချစ်ကြည်ရေး၊ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေး၊ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ နန်နင်းမြို့တွင် ကျင်းပမည့် (၁၃) ကြိမ်မြောက် တရုတ်-အာဆီယံပြပွဲသို့ တက်ရောက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

# အလုပ်သမားရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးဆိုင်ရာသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)တို့ပူးပေါင်းပြီး The Livelihoods and Food Security Fund (LIFT) အကူအညီဖြင့် အလုပ်သမား ရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော် Hotel Max ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။




ရွှေ့ပြောင်းသွားလာခြင်း စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းဝန်ဆောင်မှုများ တိုးမြှင့်ပေးရေးတို့အတွက် ဒေသအဆင့် ရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရန် အဆိုပါ သင်တန်းကို စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သင်တန်းသို့ ရွှေ့ပြောင်းအလုပ်သမားရေးရာ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ သင်တန်းသား ၄၀ တက်ရောက်ခဲ့သည်။

အလုပ်သမားရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးဆိုင်ရာ သင်တန်းဖွင့်လှစ်ခြင်းဖြင့် ဒေသအတွင်း ရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်လာစေ၍ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးရေး၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှု လျော့နည်းပပျောက်ရေး၊ တရားဝင်ရွှေ့ပြောင်းသွားလာမှု တိုးတက်ဖြစ်ပေါ်စေရေး၊ ရွှေ့ပြောင်းသွားလာမှုဖြစ်စဉ်မှ ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ အလားတူ သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ကျင်းပခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးတွင် စက်တင်ဘာလအတွင်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ခင်ရတနာ**

# မုဒုံမြို့ မြို့မစာကြည့်တိုက်တွင် အသုံးပြုရန် စာအုပ်တင် မှန်ဗီရိုနှစ်လုံးလှူဒါန်း

**မုဒုံ စက်တင်ဘာ ၅**

ကရင်ပြည်နယ် မြဝတီမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာရန်နိုင်စိုး မိသားစုတို့က မုဒုံမြို့ မြို့မစာကြည့်တိုက်၌ အသုံးပြုရန်အတွက် ငွေကျပ် ၃၄၀၀၀၀ တန်ဖိုးရှိ စာအုပ်တင် မှန်ဗီရိုနှစ်လုံးကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက မုဒုံမြို့ မြို့မ(၂)ရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်အနီးရှိ စာကြည့်တိုက်ခန်းမ၌ စာကြည့်တိုက်ကော်မတီဝင်များထံ လာရောက်လှူဒါန်းခဲ့သည်။

၂၀၁၂ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည့် မုဒုံမြို့ မြို့မစာကြည့်တိုက်တွင် ဘာသာရပ်မျိုးစုံ စာအုပ်စာစောင် ၃၀၀၀၀ ခန့်ရှိရာ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စာပေဗဟုသုတမြင့်မားရေးကို ရည်ရွယ်ကာ အဆိုပါ စာအုပ်စာစောင်များကို အခမဲ့ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**ကိုချစ်**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁၂)အား စီရင်ချက်(အမိန့်)ချမှတ်

**နေပြည်တော် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမြင့်အောင်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီမှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်းအပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပေးပြီး ဒုတိယခိုင်လုံမဲအများဆုံးရရှိသူ ၎င်းအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ အရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်က ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၁၂/၂၀၁၅)ဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ လက်ခံခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဦးတင်မြင့်နှင့် ဦးမောင်မောင်လေးမြင့်တို့ ခုံအဖွဲ့ဝင်များအဖြစ်ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၃)က ဆက်လက်ကြားနာစစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမြင့်အောင်အား အဆိုပါမဲဆန္ဒနယ်၏ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြု ကြေညာပေးစေရန် စရိတ်နှင့်တကွ ဆုံးဖြတ်ကြောင်း၊ လျှောက်ထားခံရသူ ဦးလွင်စိုးမင်း၏ ပြန်လှန်ကန့်ကွက်လွှာအား စရိတ်နှင့်တကွ ပလပ်ကြောင်းနှင့် ရှေ့နေစရိတ် ကျပ်တစ်သိန်းတိတိ သတ်မှတ်သည့် စီရင်ချက်(အမိန့်) ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံရုံးများမှ ဆုံးဖြတ်ချက်(အမိန့်) ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုပေါင်းမှာ စက်တင်ဘာ ၅ ရက်အထိ (၃၁)မှု ရှိပြီး အပြီးသတ်အမိန့် ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ (၂၀)မှုရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မုတ်သုံလေ အားအသင့် အတင့်မှ အားကောင်းမည်

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံသည်းထန်နိုင်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။

(မိုး/ဇလ)

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အများပြည်သူသို့ မူခင်းအသိရရှိစေရန် မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အများပြည်သူသိရှိရန် မူခင်းပညာပေးအစီအစဉ်ဖြစ်သည့် UD Counter ၁၀ ဘီးယာဉ်ဖြင့် မူခင်းပညာပေးပြခန်းဖွင့်လှစ်၍ ပညာပေးလုပ်ငန်းများကို စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မူခင်းပညာပေးပြခန်းယာဉ်သည် စက်တင်ဘာ၅ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ညောင်ပိုင်းကျေးရွာအုပ်စု မြိုင်သာယာ အထက်တန်းကျောင်းရှေ့၌ မူခင်းအသိပညာပေး ဆောင်ရွက်ခဲ့ရာ ဆရာ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ခန့်လေ့လာခဲ့ကြောင်း၊ ယင်းနောက် မွန်းလွဲပိုင်းတွင် ကျောက်တန်းမြို့နယ် ကျိုက်မော်ဝန်း ရေလယ်ဘုရားရှေ့၌ မူခင်းအသိပညာပေး ဆောင်ရွက်ခဲ့ရာ ဘုရားဖူးလာပြည်သူ ၁၅၀ ခန့် လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ မူခင်းပညာပေးပြခန်းယာဉ်တွင် မူခင်းကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ အသိပညာပေးပြသထားရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပေါ်ရပ်ကွက်များသာမက ကျေးလက်ဒေသများအထိ သွားရောက်လှည့်လည်ပြသဆောင်ရွက်သွားမည်ဖြစ်၍ ခရီးသွားပြည်သူများအနေဖြင့်လည်း မူခင်းဆိုင်ရာ အသိပညာများကို အလွယ်တကူ လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



**မူခင်းပညာပေးပြခန်းယာဉ်၌ ပြသထားသည့် ပညာပေးမှတ်တမ်းပုံများကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်**

❀ *ကျောဖုံးမှ*

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်သည့်နေရာတွင် အတတ်နိုင်ဆုံး အကောင်းဆုံးနည်းပညာများဖြင့် ရေရှည်တည်တံ့ခိုင်မြဲရန် အဓိကဦးစားပေး ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ၁၉၇၄ ခုနှစ်မတိုင်မီက မှတ်တမ်းများ၊ ၁၉၇၄ ခုနှစ်တွင် ပြန်လည်ပြုပြင်ပြီးသည့် မှတ်တမ်းများ၊ ဒုတိယအကြိမ်မြောက် ထိခိုက်ပျက်စီးဆုံးရှုံးမှုအား ပြန်လည်ပြုပြင်မွမ်းမံပြီး အနေအထားမှတ်တမ်းများကို သေချာစွာ စုဆောင်းထားရှိရန် အကြံပြုတိုက်တွန်းလိုပါကြောင်း၊ ဘုရား၊ ပုထိုး၊ စေတီများ ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများတွင် ကဏ္ဍပေါင်းစုံက နေပြီး ပူးပေါင်းပါဝင်ကြသည့် ဌာနဆိုင်ရာ၊ ယူနက်စကို အပါအဝင် အဖွဲ့အစည်းမျိုးစုံ၊ အလှူရှင်၊ စေတနာရှင်ပုဂ္ဂိုလ်များအားလုံးအား နိုင်ငံတော်၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ လှူဒါန်းငွေကျပ်သိန်းတစ်ထောင်ကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူထံ စီဘီဘဏ်မှ ငွေကျပ်သိန်းတစ်ထောင်နှင့် သီရိပစ္စယာဟိုတယ်မှ ဒေါ်လာ ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် Myanmar Tourism Federation က ငွေကျပ်သိန်း ၅၀၀ နှင့် ဦးရန်ဝင်းက ငွေကျပ်သိန်း ၁၀၀၊ ပုဂံဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၇၅ သိန်း နှစ်သောင်းနှင့် ဦးအောင်မျိုးမင်းဒင်က ငွေကျပ်သိန်း ၃၀၊ ဦးညီညီက ငွေကျပ် ၂၅ သိန်း၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဆရာတော်က ငွေကျပ်သိန်း ၆၀ နှင့် မစုသက်နွယ်က ဒေါ်လာ ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က လက်ခံကြသည်။

ပုဂံစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရာတွင် လိုအပ်ပါက အသုံးပြုနိုင်ရန် အုတ်များကို Mother Industrial Co.,Ltd. မှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ သဗ္ဗညုဘုရား၊ စေတနာကြီး ဘုရား၊ စူဠာမဏိဘုရား၊ ဂူပြောက်ကြီးဘုရားတို့၌ ပြုပြင်ထိန်းသိမ်းရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီပုထိုးပေါင်း ၃၂၅၂ ဆူအနက် ၄၄၉ ဆူ ထိခိုက်ပျက်စီးခဲ့သည်။ အဆိုပါစေတီပုထိုးများ ပြန်လည်ပြုပြင်နိုင်ရန်အတွက် စေတနာရှင်ပြည်သူများမှ စက်တင်ဘာ ၄ ရက်အထိ ငွေကျပ်သိန်းပေါင်း ၁၈၆၁၇ သိန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၁၇၀၀ တို့ကို လှူဒါန်းထားကြောင်း သိရသည်။

ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများအား စက်တင်ဘာ ၄ ရက်အထိ ဆောင်ရွက်ထားမှုများမှာ အရေးပေါ် အမိုးအကာအုပ်ခြင်း အဆူ ၄၀၊ အပျက်အစီးများ ရှင်းလင်းဆဲ ငါးဆူ၊ ရှင်းလင်းပြီး ၁၇ ဆူ၊ အရေးပေါ်ထိန်းသိမ်းပြုပြင်ရန် ဝါးငြမ်းဆင်ပြီး နှစ်ဆူ၊ ငြမ်းဆင်ဆဲ ရှစ်ဆူ၊ ဝင်ရောက်ခြင်းမပြုရန် ဆိုင်းဘုတ်တပ်ဆင်ခြင်း ၅၇ ဆူ၊ အသေးစိတ် စာရင်းကောက်ယူခြင်း အဆူ ၃၅၀ တို့ကို ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူထံ စီဘီဘဏ်မှ ငွေကျပ် သိန်းတစ်ထောင်ပေးအပ်လှူဒါန်းစဉ်** (သတင်းစဉ်)

# ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ "ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်" ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ (၁၊၂၊၃၊၄) ရက်တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် စာတမ်းဖတ်ကြားလိုသူများသည် "၁၉၄၈ ခုနှစ်မှ မျက်မှောက်ကာလအထိ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေ (နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအလိုက်)များ "ကို အောက်ခြေမှတ်စု၊ ကျမ်းကိုးစာရင်း စသည်တို့ ပြည့်စုံစွာဖော်ပြပြီး စာတမ်းအင်္ဂါရပ်နှင့်အညီ ရေးသားပြုစု၍ စာတည်းမှူးချုပ်၊ စာပေဗိမာန်၊ အမှတ် ၅၂၉ -၅၃၁ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် ရန်ကုန်မြို့သို့ လိပ်မူပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

စာတမ်းများပေးပို့ရာတွင် ကိုယ်ရေးအကျဉ်းနှစ်စုံ (ဓာတ်ပုံကပ်လျက်) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ(ဖုန်းနံပါတ် အပါအဝင်) စာတမ်း(မူရင်း)တစ်စုံ ( A4 တွင် မျက်နှာတစ်ဖက်တည်း၌ Page Maker တွင်Win -Innwa (Size 15)ဖြင့် ရိုက်ထားသော စာမျက်နှာအများဆုံး ၃၀ သာပါရှိရမည်)၊ စာတမ်း Soft Copy တစ်စုံနှင့်အတူ ပေးပို့ကြရမည် ဖြစ်သည်။

ရောက်ရှိလာသော စာတမ်းများကို စာတမ်းစိစစ်ရွေးချယ်ရေးဆပ်ကော်မတီက စနစ်တကျရွေးချယ်ပြီး သဘာပတိအဖွဲ့သို့ ဆက်လက်တင်ပြ၍ သဘာပတိအဖွဲ့က အကောင်းဆုံးစာတမ်းများကို အတည်ပြုရွေးချယ်မည်ဖြစ်သည်။ သတ်မှတ်ရက်ထက်နောက်ကျရောက်လာသော စာတမ်းများ၊ စာတမ်းအင်္ဂါရပ်နှင့်မညီညွတ်သော စာတမ်းများ၊ လမ်းညွှန်ချက်နှင့် အညီ မပေးပို့သော စာတမ်းများကို စဉ်းစားမည်မဟုတ်ကြောင်း၊ အဘယ့်ကြောင့် မရွေးချယ်ရသည်ကို ဖြေကြားရှင်းလင်းမည်မဟုတ်ကြောင်း စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။ ရွေးချယ်ခံရသော စာတမ်းရှင်များသည် စာတမ်းဖတ်ပွဲတွင် တက်ရောက်ဖတ်ကြားနိုင်ရန် အချိန်မီအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၃၈၁၄၄၉၊ ၀၁-၃၇၄၅၃၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# လေဆိပ်တွင် ပိုင်ရှင်မဲ့တွေ့ရှိသည့် လက်ဆွဲအိတ်အား ပိုင်ရှင်ထံ ပြန်လည်အပ်နှံ

**နေပြည်တော် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လေကြောင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)၊ လုံခြုံရေးတပ်စု(၁)မှ ရဲတပ်သား ချမ်းမြေ့သည် စက်တင်ဘာ ၃ ရက်က ရန်ကုန်လေဆိပ်(T-1) ပြည်ပ ထွက်ခွာဂိတ်(၄)၌ တာဝန်ထမ်းဆောင်နေစဉ် ဂိတ်အပြင်ဘက် လက်တွန်းလှည်းပေါ်မှ အနက်ရောင် သားရေလက်ဆွဲအိတ် တစ်လုံးအား ပိုင်ရှင်မဲ့တွေ့ရှိသဖြင့် စစ်ဆေးရာ Apple အမျိုးအစား Laptop တစ်လုံး၊ Apple အမျိုးအစား Tablet နှစ်လုံးတို့အား တွေ့ရှိသဖြင့် ရဲအုပ် စောသစ်လွင်ထံ အပ်နှံထားခဲ့ပြီး ပိုင်ရှင်အား စုံစမ်းရှာဖွေခဲ့သည်။

ထိုသို့စုံစမ်းနေစဉ် ည ၉ နာရီခန့်တွင် မရမ်းကုန်းမြို့နယ်နေ ဦးရာဇာ(၃၀နှစ်)သည် အမှတ်(၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲရုံးသို့ ရောက်ရှိလာပြီး ၎င်း၏ Apple အမျိုးအစား Laptop တစ်လုံး၊ Apple အမျိုးအစား Tablet နှစ်လုံးပါလက်ဆွဲအိတ်တစ်လုံး မေ့ကျန်ခဲ့သဖြင့် လာရောက်စုံစမ်းခြင်းဖြစ်ကြောင်း သိရှိရ၍ စိစစ်ရာ မှန်ကန်သဖြင့် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# ရော်ဘာခြံ မိုးနှောင်းမြေဩဇာကျွေးနည်းနှင့် မိုင်းအန္တရာယ် ပညာပေး

**ကော့ကရိတ် စက်တင်ဘာ ၅**

ရော်ဘာခြံများတွင် မိုးနှောင်းမြေဩဇာ ထိရောက်စွာ ကျွေးနည်းစနစ်များကို ကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာရှိ တောင်သူ ဦးသိန်းမြိုင်၏ ရော်ဘာအစေးလှီးခြံတွင် စိုက်ပျိုးရေးဦးစီးဌာနက စက်တင်ဘာ ၃ ရက်တွင် ပညာပေး ကွင်းဆင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါဒေသသည် ပဋိပက္ခများ မကြာခဏဖြစ်ပွားလေ့ရှိသဖြင့် ရော်ဘာခြံလုပ်သားများ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် စစ်ကျန်လက်နက်ပစ္စည်းများ၏ အန္တရာယ်ကို သိရှိရှောင်ရှားနိုင်ရန် မိုင်းအန္တရာယ်ပညာပေး ဆရာဖြစ်သင်တန်း တက်ရောက်ထားသည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးရေးပညာပေး ကွင်းဆင်းခြင်းများ ဆောင်ရွက်ရာတွင် မိုင်းအန္တရာယ် အသိပညာပေး ဟောပြောပွဲများပါ ထည့်သွင်းပညာပေးရခြင်းဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်က ရှင်းလင်းပြောကြားသည်။

ပညာပေး ဟောပြောပွဲသို့ ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စိုက်ပျိုးရေး ပညာရှင်များ၊ ရော်ဘာခြံရှင်များ စုစုပေါင်း ၆၉ ဦး တက်ရောက်ခဲ့ပြီး ကော့ကရိတ်ခရိုင်၏ ရော်ဘာစိုက်ဧက ၁၅၁၉၇၈ ဧကအနက် ၈၈၂၅၀ ဧကတွင် စီးပွားဖြစ် ရော်ဘာပြားများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီ၊ ပဲခူး၊ ရေဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍လည်းကောင်း၊ မွန်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်လည်းကောင်း မိုးကြီးနိုင်သည်။

(မိုး/ဇလ)

✻ *ကျောဖုံးမှ*

မြန်မာပြည်၏ တစ်ခုတည်းသော Safety (IOSA) လက်မှတ်ရလေကြောင်းလိုင်းဖြစ်သော ကမ္ဘောဇအုပ်စုပိုင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)သည် မန္တလေး-ဗန်ကောက်-မန္တလေး ခရီးစဉ်သစ်ကို စက်တင်ဘာ ၃ ရက်မှစတင်ကာ ပျံသန်းပြေးဆွဲလျက်ရှိသည်။ ယင်းခရီးစဉ် အသွား/အပြန် လေယာဉ်လက်မှတ်အား အထူးအစီအစဉ်ဖြင့် အမေရိကန်ဒေါ်လာ ၁၆၅ ဒေါ်လာဖြင့် ရောင်းချပေးလျက်ရှိပြီး တနင်္လာ၊ ဗုဒ္ဓဟူးနှင့် စနေနေ့တို့တွင် တစ်ပတ်သုံးကြိမ် ပျံသန်းလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံရှိ လာရောက်လည်ပတ်ချင်စရာကောင်းသော နေရာများအနက် အထက်မြန်မာပြည်ဘက်တွင်လည်း များစွာရှိပြီး ယခုမန္တလေးမြို့ကို အခြေပြုပျံသန်းနေသောကြောင့် မန္တလေးမြို့အပါအဝင် ပုဂံ၊ စစ်ကိုင်း၊ မုံရွာ စသည့် အထင်ကရနေရာများသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်နိုင်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)သည် ၁၉၉၃ ခုနှစ်မှစတင်ကာ ပြည်ပခရီးစဉ်များ ပျံသန်းခဲ့ပြီး လက်ရှိတွင် ရန်ကုန်မြို့မှ ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ကွမ်ကျိုးနှင့် ဂါယာမြို့များသို့ Airbus A320 (လူဦးရေ ၁၈၀ ဆံ့)၊ Airbus A319 (လူဦးရေ ၁၂၀ ဆံ့) လေယာဉ်များဖြင့် ပုံမှန်ပျံသန်းပေးလျက်ရှိပြီး စင်းလုံးငှားခရီးစဉ်များလည်း ပြည်ပနိုင်ငံများအတွက် ငှားရမ်းနိုင်သည်။ ယခု မန္တလေး-ဗန်ကောက်-မန္တလေးခရီးစဉ်တွင် လေယာဉ်ပေါ်၌ ကံစမ်းမဲထည့်ဝင်၍ MAI ၏ မည်သည့်ခရီးစဉ်မဆို စီးနင်းနိုင်သော အသွား/အပြန် လက်မှတ်နှစ်စောင်ထပ်မံရရှိနိုင်မည်ဖြစ်ပြီး ကံစမ်းမဲများကို အပတ်စဉ်ကြေညာပေးသွားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# မြန်မာ့ကုမ္ပဏီဆိုင်ရာကဏ္ဍအတွက် ထိရောက်စွာ ပြုပြင်ပြောင်းလဲပေးမည့် ဥပဒေသစ်

**မောင်ဒီကာ**

မြန်မာနိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုအားကောင်းလာစေဖို့ သိသာထင်ရှားတဲ့ စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုတွေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးဆိုင်ရာဖြေလျှော့မှုတွေ ဆောင်ရွက်ရာမှာ အထောက်အကူပြုစေမယ့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ဖို့လည်း အချိန်သင့်ပြီ ဖြစ်ပါတယ်။ ဒေသတွင်းမှာရှိတဲ့ ပတ်ဝန်းကျင်နိုင်ငံတွေမှာ ကုမ္ပဏီဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေလုပ်ခဲ့ပြီးတဲ့နောက် သိသာထင်ရှားတဲ့စီးပွားရေးတိုးတက်လာမှုတွေ ပေါ်ထွက်ခဲ့တာကိုလည်း တွေ့ခဲ့ရပြီးဖြစ်ပါတယ်။ အဲဒီလို ကုမ္ပဏီဥပဒေကို ပြုပြင်ပြောင်းလဲတဲ့အခါ ကုမ္ပဏီ လွယ်လွယ်ကူကူ ထူထောင်နိုင်ဖို့၊ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေအပေါ် သက်ရောက်နေတဲ့ဥပဒေဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေ လျှော့ချပေးဖို့၊ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ပိုမိုအားကောင်းလာစေဖို့နဲ့ ကုမ္ပဏီရဲ့ ရှယ်ယာတွေကို စီမံခန့်ခွဲတဲ့အခါ ပြောင်းလွယ်ပြင်လွယ်ရှိစေဖို့ ဆောင်ရွက်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေထဲမှာ စီးပွားရေးလုပ်ငန်းတစ်ခု လွယ်လွယ်ကူကူ စတင်ထူထောင်လုပ်ကိုင်နိုင်ဖို့၊ စွန့်စားတီထွင်လုပ်ကိုင်မှုတွေကို ထောက်ကူပေးဖို့နဲ့ ပုဂ္ဂလိကကဏ္ဍကို အားကောင်းမောင်းသန် ဖွံ့ဖြိုးတိုးတက်စေဖို့ ဦးတည်ဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးဆဲဖြစ်တဲ့ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေဟာ သက်တမ်းရာကျော်ခဲ့ပြီဖြစ်ပါတယ်။ ဒီဥပဒေဟာ ဒေသတွင်းမှာရှိတဲ့ စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင် စတဲ့နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ကုမ္ပဏီဥပဒေများနဲ့ အခြေခံဝိသေသခြင်း တူညီမှုများစွာရှိတာ တွေ့ရပါတယ်။ သို့ပါသော်လည်း မြန်မာနိုင်ငံရဲ့ဥပဒေမှာပါရှိတဲ့ ပြဋ္ဌာန်းချက်အချို့ဟာ ၁၉ ရာစုအချိန်က စီးပွားရေးဝန်းကျင်အတွက် ရေးဆွဲခဲ့တာဖြစ်လို့ များစွာ ခေတ်နောက်ကျနေပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် ဥပဒေလိုလားချက်တွေ ပါရှိနေတာလည်း တွေ့ရပါတယ်။ ဒီလို လိုလားချက်တွေထဲမှာ ကုမ္ပဏီရဲ့ နာမည်ပြောင်းချင်ရင် သမ္မတထံက အတည်ပြုချက်ရယူရတာ၊ ကုမ္ပဏီရဲ့လုပ်ငန်းရည်ရွယ်ချက်ပြောင်းချင်ရင် တရားရုံးရဲ့ အတည်ပြုချက် ရယူဖို့လိုအပ်တာ စတာတွေလည်း ပါဝင်နေပြန်ပါတယ်။

မြန်မာနိုင်ငံရဲ့ကုမ္ပဏီအက်ဥပဒေနဲ့ ဆင်တူတဲ့ အခြားနိုင်ငံတွေကတော့ သူတို့ရဲ့ကုမ္ပဏီဥပဒေများကို ခေတ်မီစီးပွားရေးလုပ်ငန်းများရဲ့ ပကတိအခြေအနေနဲ့ကိုက်ညီအောင် နိုးနိုးကြားကြား ပြုပြင်ပြောင်းလဲထားခဲ့ကြပြီး ဖြစ်ပါတယ်။ ကုမ္ပဏီဥပဒေများကို ထဲထဲဝင်ဝင် ပြုပြင်ပြောင်းလဲမှုတွေဟာ ပြီးခဲ့တဲ့နှစ် အနည်းငယ်ကတည်းက အရှိန်ရထားပြီးဖြစ်ပါတယ်။ စင်ကာပူနိုင်ငံက ကုမ္ပဏီအက်ဥပဒေအသစ်ကို ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီး ဟောင်ကောင်ကလည်း ကုမ္ပဏီဆိုင်ရာဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ၂၀၁၄ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့အပြင် မလေးရှားနိုင်ငံကလည်း လွန်ခဲ့တဲ့ လအနည်းငယ်အတွင်းက ကုမ္ပဏီအက်ဥပဒေသစ်ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေသစ်တွေရဲ့အဓိကပြောင်းလဲချက်တွေဟာ ယူနိုက်တက်ကင်းဒမ်း၊ သြစတြေးလျနဲ့ နယူးဇီလန်နိုင်ငံ အစရှိတဲ့ ဥပဒေကျော်ရိုးတူညီတဲ့နိုင်ငံတွေမှာ ကျင့်သုံးခဲ့တဲ့ စမ်းသပ်ကျင့်သုံးဆောင်ရွက်မှု အယူအဆအရ ဖြစ်ပေါ်လာခဲ့တဲ့ အတွေ့အကြုံနဲ့ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေရဲ့ရလဒ်တွေကို အခြေခံဆောင်ရွက်ထားကြကြောင်းလည်း တွေ့ရပါတယ်။

ထိုနည်းတူပါပဲ မြန်မာနိုင်ငံအနေနဲ့လည်း ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ နိုင်ငံစီးပွားရေးရဲ့ကဏ္ဍစုံမှာ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေဖို့ အလားတူ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုကို စတင်တော့မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (မူကြမ်း) ကို နိုင်ငံတကာအတွေ့အကြုံတွေအပြင် စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်စတဲ့ နိုင်ငံတွေမှာ ဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီဥပဒေ ပြုပြင်ပြောင်းလဲမှုရလဒ်တွေကိုသုံးသပ်ပြီး ပြင်ဆင်ရေးဆွဲခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (မူကြမ်း) မှာ အောက်ပါအဓိကပြောင်းလဲမှု ပါဝင်လာမှာ ဖြစ်ပါ တယ်-

(၁) ပုဂ္ဂလိကကုမ္ပဏီများကို ဒါရိုက်တာတစ်ဦး၊ ရှယ်ယာပိုင်ရှင်တစ်ဦးနဲ့ ဖွဲ့စည်းတည်ထောင်ခွင့်ပြုမှာဖြစ်တဲ့အတွက် များစွာလွယ်ကူ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

(၂) ကုမ္ပဏီအငယ်စားတွေအပေါ် နှစ်စဉ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရခြင်း၊ နှစ်စဉ် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများပေးပို့ရခြင်းစတဲ့ လိုအပ်ချက်တွေ ဖယ်ရှားပေးသွားမှာ ဖြစ်ပါတယ်။

(၃) အစည်းအဝေးကျင်းပခြင်းအစား ရှယ်ယာပိုင်ရှင်များနဲ့ ဒါရိုက်တာများ သဘောတူလက်မှတ်ရေးထိုးထားတဲ့ စာနှင့် ရေးသားထားသောဆုံးဖြတ်ချက်ကိုလည်း လက်ခံပေးသွားမှာဖြစ်ပါတယ်။

(၄) သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတင်ပြရခြင်း လိုအပ်ချက်ကိုလည်း ပယ်ဖျက်ပေးပြီး ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကိုသာတင်ပြဖို့ လိုအပ်တော့မှာဖြစ်ပါတယ်။

(၅) ကုမ္ပဏီတွေအနေနဲ့ မိမိတို့ရဲ့ ရှယ်ယာတိုးခြင်း၊ လျှော့ခြင်းဆိုင်ရာကိစ္စရပ်တွေကို လွယ်ကူလွတ်လပ်စွာ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

(၆) ကုမ္ပဏီတွေရဲ့ စီမံခန့်ခွဲမှုတွေဟာ နိုင်ငံတကာ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု စံနှုန်းတွေနဲ့ ကိုက်ညီသွားအောင် ကုမ္ပဏီဒါရိုက်တာတွေရဲ့ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားတွေကိုလည်း ထည့်သွင်းပြဋ္ဌာန်းသွားမှာ ဖြစ်ပါတယ်။

အဆိုပါပြုပြင်ပြောင်းလဲမှုတွေဟာ ကုမ္ပဏီတွေရဲ့ စီမံဆောင်ရွက်မှုနဲ့ ကော်ပိုရိတ်ဆိုင်ရာ ကိစ္စရပ်တွေကို ခေတ်နဲ့အညီ ဖြစ်ပေါ်ပြောင်းလဲစေမှာ ဖြစ်ပါတယ်။ ကုမ္ပဏီတွေဟာ ဥပဒေဆိုင်ရာလိုအပ်ချက်တွေကို ရှင်းလင်းစွာ သိမြင်စေမှာဖြစ်ပြီး မိမိရဲ့အခြေအနေပေါ် မူတည်ကာ ကုမ္ပဏီအတွင်း လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်ခွင့်တွေရရှိသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီတွေရဲ့ပွင့်လင်းမြင်သာရှိမှု၊ ဒါရိုက်တာတွေရဲ့တာဝန်ခံမှုနဲ့ ကုမ္ပဏီရဲ့ ရင်းနှီးမြှုပ်နှံသူတွေကို ပိုမိုထိရောက်စွာ အကာအကွယ် ပေးနိုင်မှုတွေကိုလည်း တိုးတက်ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ကုမ္ပဏီတွေအဖို့ ရှင်းလင်းပြတ်သားမှုမရှိဘဲ ဝန်ထုပ်ဝန်ပိုးဖြစ်နေခဲ့တဲ့ စည်းမျဉ်းစည်းကမ်းတွေကြောင့် ဥပဒေလိုက်နာကျင့်သုံးမှု အားနည်းခဲ့ရတဲ့အဖြစ်နဲ့ နှစ်ပေါင်း များစွာ ကြုံတွေ့နေရတာဖြစ်တဲ့အတွက် ဒီလိုပြုပြင်ပြောင်းလဲမှု တွေလိုအပ်နေတာ ကြာခဲ့ပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို ခေတ်နဲ့အမီ လိုက်နိုင်ဖို့ များစွာ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာကမ္ဘာ့ဘဏ်ရဲ့စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းနဲ့ပတ်သက်ပြီး စိစစ်ချက်တွေဖြစ်တဲ့ ဘယ်လောက် လွယ်လွယ်ကူကူကုမ္ပဏီထောင်နိုင်တယ်၊ အငယ်စားရှယ်ယာဝင်များကို ဘယ်လောက်အကာအကွယ်ပေးနိုင်တယ်၊ ပဋိညာဉ်စာချုပ်တွေကို ဘယ်လိုအသက်ဝင်အောင် လုပ်နိုင်တယ် စတဲ့ အဆင့်တိုင်းတာချက်မှာ အဆင့် ၁၆၇ မှာ ရှိနေပါတယ်။ ကုမ္ပဏီ ဥပဒေအခြေခံချင်းတူညီကြတဲ့ ဒေသတွင်းနိုင်ငံတွေကို ပြန်ကြည့်လိုက်ရင် မလေးရှားအဆင့် ၁၆၊ ဟောင်ကောင်အဆင့် ငါး၊ စင်ကာပူအဆင့်တစ် စသည်ဖြင့် မိမိတို့ထက် အဆင့်မြင့်မားစွာရှိနေတာကိုလည်း တွေ့ရပြန်ပါတယ်။ ဒီရလဒ်တွေဟာ မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့သင်ခန်းစာတွေပဲ ဖြစ်ပါတယ်။ သုတေသနပြုလေ့လာချက်တွေအရ စီးပွားရေး လုပ်ဆောင်မှုအဆင့် သတ်မှတ်ချက်ကောင်းကောင်းရရှိမှုဟာ ကုမ္ပဏီထူထောင်မှု တိုးတက်များပြားလာခြင်းနဲ့ စီးပွားရေးတိုးတက်မှု အင်အားကောင်းမွန်လာခြင်းအပေါ်မှာ မူတည်တယ်လို့လည်း တွေ့ရှိရပါတယ်။

ယခုရေးဆွဲထားပြီးဖြစ်တဲ့ ကုမ္ပဏီဥပဒေသစ်ဟာ အဆိုပါအခြေအနေများကို ဖန်တီးနိုင်ဖို့ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ ကုမ္ပဏီအငယ်စားများအတွက် စည်းမျဉ်းစည်းကမ်းများ လျှော့ချပေးခြင်း၊ ကုမ္ပဏီရေးရာကိစ္စတွေမှာ လုပ်သာကိုင်သာရှိမှု ပိုကောင်းအောင် ဆောင်ရွက်ပေးထားခြင်းနဲ့၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှုတိုးတက်စေခြင်းတို့နဲ့ အထောက်အကူပြုထားတာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်ဟာ မြန်မာနိုင်ငံကို ကုမ္ပဏီများစီမံခန့်ခွဲမှုနဲ့ စည်းမျဉ်းစည်းကမ်းဆိုင်ရာကဏ္ဍသစ်နဲ့အတူ ၂၁ ရာစုရဲ့ခေတ်မီစီးပွားရေးဝန်းကျင်တစ်ရပ်ဆီသို့ မကြာမီ စတင်ခေါ်ဆောင်သွားတော့မှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံဟာ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ခြင်းနဲ့ ပတ်သက်ပြီး စိစစ်ချက်တွေဖြစ်တဲ့ ဘယ်လောက် လွယ်လွယ်ကူကူ ကုမ္ပဏီ ထောင်နိုင်တယ်၊ အငယ်စားရှယ်ယာဝင်များကို ဘယ်လောက် အကာအကွယ် ပေးနိုင်တယ်၊ ပဋိညာဉ်စာချုပ်တွေကို ဘယ်လို အသက်ဝင်အောင် လုပ်နိုင်တယ်စတဲ့ အဆင့်တိုင်းတာချက်မှာ အဆင့် ၁၆၇ မှာ ရှိနေ**

## အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီစည်းဝေး

**စစ်တွေ စက်တင်ဘာ ၅**

(၂၂)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီးပြိုင်ပွဲ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပြည်နယ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး၊ ပြည်နယ်ဘဏ္ဍာရေး၊ စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး ဦးကျော်အေးသိန်းက ပြည်နယ်အဆင့်ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဘဏ္ဍာငွေရှာဖွေရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ကြိုဆိုပို့ဆောင်ရေး၊ ကျန်းမာရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးအခမ်းအနား ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ရေး၊ အကဲဖြတ်အမှတ်ပေးရေးနှင့် ဆုရွေးချယ်ရေး၊ လုံခြုံရေးလုပ်ငန်းကော်မတီများမှ ကော်မတီအလိုက် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဦးစီးကော်မတီအတွင်းရေးမှူးနှင့် လူမှုရေးဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ယခုနှစ်(၂၂)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် သာစွဥ္ဓာနီရရိုင်မြို ယိမ်းနှင့် ကရင်ဒုံးယိမ်းအကတို့ဖြင့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ပြည်နယ်အဆင့်ပြိုင်ပွဲကိုလည်း စက်တင်ဘာ ၁၅ ရက်တွင် ခရိုင်ငါးခရိုင်မှ ခရိုင်အလိုက်လာရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ အဆို၊ အတီးပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**





## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ကွမ်းခြံကုန်း စက်တင်ဘာ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် သဘာဝဘေးအန္တရာယ် ကူညီထောက်ပံ့ရေးအဖွဲ့မှ ဩဂုတ်လနောက်ဆုံးပတ်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ဒေသဖြစ်သော သာပေါင်းမြို့နယ်အတွင်း ကျေးရွာ ၁၇ ရွာရှိ အိမ်ထောင်စု ၁၅၁၅ စု၊ လူဦးရေ ၆၇၅၇ ဦး အတွက် ဆန် ၄၀၂ အိတ်၊ ဆီ နှစ်လီတာပါ ဘူး ၁၅၀၀၊ ငါးသေတ္တာဘူး ၁၅၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၅၁၂၀၊ ရေသန့်တစ်လီတာဘူး ကတ် ၁၅၀၀၊ ရေသန့်ဆေးထုပ်ဂျပ်ပုံး ၂၀၊ သင်္ကန်းပရိက္ခရာ အစုံ၊ ကျောင်းသုံးစာအုပ်များနှင့် အခြားလူသုံးကုန်ပစ္စည်းများအား ကွမ်းခြံကုန်းမြို့နယ် ပြည်သူများကိုယ်စား မြို့နယ်သဘာဝဘေးအန္တရာယ် ကူညီထောက်ပံ့ရေးအဖွဲ့က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝဝဝ**

# ရေကြီးရေလျှံမှုဖြစ်ပေါ်ရာတွင် ပါဝင်သည့် ရထားလမ်း ၊ ကားလမ်းနေရာများကို ပြန်လည်စိစစ်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဒေါက်တာအောင်သူတို့က မေးခွန်း ၁၂ ခုကို ရှင်းလင်းဖြေကြားကြသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ **နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာ ကုန်ကျခဲ့သော ပုံညာရထားဥမင်ကြီးအား ကားဥမင်အဖြစ် အသုံးပြုနိုင်ရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်**က အရှည်ပေ ၅၆၁၀ ရှိ ရထားလမ်းဥမင်ကို ကားလမ်းဥမင်အဖြစ် အသုံးပြုမည်ဆိုပါက ဥမင်အတွင်း ယာဉ်တစ်စီးသာ သွားလာနိုင်ခြင်း၊ အသွား/အပြန် ယာဉ်နှစ်စီးယှဉ်မောင်း၍မရခြင်း၊ တစ်ဖက်မှ ယာဉ်သွားနေပါက တစ်ဖက်ရှိယာဉ်များ ရပ်တန့်ပေးရမည်ဖြစ်ခြင်း၊ အပြန်အလှန်သွား၍မရခြင်း၊ စနစ်တကျတင်ဆောင်ခြင်းမရှိသည့် ကုန်ပစ္စည်းတင်ယာဉ်များအတွက် အန္တရာယ်ရှိခြင်း၊ ဥမင်အတွင်း ယာဉ်မတော်တဆဖြစ်ပါက ကရိန်းများ ဝင်ရောက်ဆောင်ရွက်ရန် ခက်ခဲခြင်း၊ အရှေ့ဘက်ဥမင်အဝမှ လက်ရှိကားလမ်းနေရာသို့ လည်းကောင်း၊ အနောက်ဘက်ဥမင်အဝမှ လက်ရှိကားလမ်းနေရာသို့ လည်းကောင်း ကားလမ်းအသစ် ဖောက်လုပ်ရန် တံတားများဆောက်လုပ်ရမည့် ပမာဏများပြားခြင်း၊ ဥမင် အတက်အဆင်းလမ်းမှာ အန္တရာယ်များသည့် လမ်းဖြစ်ခြင်းနှင့် ရထားလမ်းဥမင်နှင့် ကားလမ်းဥမင် ဒီဇိုင်းပုံစံသဘောသဘာဝ မတူညီခြင်းတို့ကို တွေ့ရပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက သဘောတူလွှဲပြောင်းရယူဆောင်ရွက်မည်ဆိုပါက



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်

လွှဲပြောင်းပေးရေးကို ကန့်ကွက်ရန်မရှိပါကြောင်း ဖြေကြားသည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်၏ **ငမိုးရိပ်ချောင်းအတွင်း ကုမ္ပဏီတစ်ခုမှ ပိုင်ရိုက်ကာ ရေစီးကြောင်းပြောင်းစေပြီး ကမ်းနံရံခဲ့နေခြင်းကို သက်ဆိုင်ရာဌာနအနေဖြင့် ငမိုးရိပ်ချောင်း ရေရှည်ထိန်းသိမ်းခြင်းအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုကြောင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဆာကူရာ ထရိတ်စင်တာ ကုမ္ပဏီလီမိတက်သည် မြေ ၈ ဒသမ ၉၉ ဧကပေါ်တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနထံမှ အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိထားသော်လည်း ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုချက်၊ သဘောထားမှတ်ချက်နှင့် နည်းပညာအကူအညီများ တောင်းခံခြင်းမရှိသဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေဖြင့် တရားစွဲဆိုထားပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကမ်းပြိုကမ်းစားမှု ဖြစ်ပေါ်စေသော ငမိုးရိပ်ချောင်းမြစ်ကွေ့ ၂၅ ခု ပြုပြင်ခြင်းလုပ်ငန်းကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ် မူတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ငမိုးရိပ်ချောင်းဖွံ့ဖြိုးရေး ရေရှည်အစီအမံများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဖြေကြားသည်။

ကျောက်တော် မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ကျောက်တော်မြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်စေသည့် ရထားလမ်း၊ ကားလမ်းများအား ပြန်လည်စိစစ်ပြီး ရေစီးရေလာကောင်းမွန်အောင် ပြန်လည်ပြုလုပ်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကျောက်တော်မြို့နယ်အတွင်းသာမက အခြားမြို့နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ရာတွင် ပါဝင်သည့် ရထားလမ်း၊ ကားလမ်းနေရာများကို ပြန်လည်စိစစ်ပြီး လိုအပ်သည့်နေရာများတွင် Box Culvert များ တိုးချဲ့တည်ဆောက်ခြင်း၊ Box Culvert အသစ်များ ထပ်မံတည်ဆောက်ခြင်း၊ တံတားများတိုးချဲ့ တည်ဆောက်ခြင်း၊ တံတားနှင့် ရေပြွန်များ၏ ချဉ်းကပ်လမ်းများတွင် ရေကာ၊ မြေကာနံရံများ တည်ဆောက်ခြင်း၊ တံတားမှ ချောင်းအထက်ဘက် (Up Stream )၊ ချောင်းကြမ်းပြင် (Bed Level)၊ ချောင်းအောက်ဘက် (Down Stream) တို့တွင် ရေစီးရေလာကောင်းမွန်စေရန် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်၍ လိုအပ်ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၏ **သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ၌ ပုံစံ(၇)အရ လယ်သမား ၁၃၂ ဦး၊ လယ်မြေ ၁၇၆၈ ဧကရှိပြီး စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၄၁၉ သိန်း မထုတ်ပေးနိုင်မှုအပေါ် မည်သူ့ဌာန၊ ပုဂ္ဂိုလ်များ၌ တာဝန်ရှိပြီး မည်သို့အရေးယူမည်နှင့် နောင်ကာလ**



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ

**များတွင် မည်သို့ စီမံဆောင်ရွက်မည်ကို သိလိုကြောင်းမေးခွန်း** နှင့် စပ်လျဉ်း၍ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ** က တောင်သူလယ်သမားများကို ချေးငွေထုတ်ချေးရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ရင်းနှီးငွေလုံလောက်မှုမရှိသည့်အပြင် ငွေကြေးရရှိရေးကို အဆင့်ဆင့်ဆောင်ရွက်နေရသဖြင့် တောင်သူများသို့ ချေးငွေထုတ်ချေးရာတွင် ကြန့်ကြာမှု ရှိတတ်ပါကြောင်း၊ ဝန်ထမ်းများပေါ့လျော့မှုနှင့် လွဲချော်မှုကြောင့် မဟုတ်ပါကြောင်း၊ လက်ရှိဝန်ထမ်းအင်အား မလုံလောက်မှုသည်လည်း ချေးငွေထုတ်ချေးခြင်းကို ကြန့်ကြာမှုဖြစ်ရပါကြောင်း၊ လုပ်ငန်းများ သွက်လက်မြန်ဆန်ချောမွေ့စေရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်သို့ ထားရှိရန် စီမံဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိထားသော တောင်သူလယ်သမားများအား အချိန်မီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပဲခူးတိုင်းဒေသကြီးအတွက် ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ခွင့်ပြုရန်ပုံငွေမှာ ငွေကျပ် ၃၃၆၄၉၇ ဒသမ ၂၇ သန်း ဖြစ်သည့်အတွက် ယခင်နှစ် ချေးငွေထက် ငွေကျပ် ၁၆၂၇၀ ဒသမ ၈၅ သန်း ပိုမိုခွင့်ပြုထားပါကြောင်း၊ (ပုံစံ-၇) အမည်ပေါက် လက်ဝယ်ရှိပြီး ကြွေးကျန်မရှိသူများဖြစ်ပါက ယခင်နှစ်ငွေမချေးသည့်လူအသစ်များကိုလည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ချေးငွေထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ဘဏ်ချေးငွေညွှန်ကြားစာအရ ငွေချေးသည့်နေ့တွင် ငွေချေးယူသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကိုဘဏ်သို့ပြသရန် ယူဆောင်လာရမည်ဖြစ်ကြောင်း၊ ဘဏ်ချေးငွေယူမည့်သူသည် သမဝါယမဌာနမှ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူထားလျှင် (ပုံစံ-၇) မူရင်းကို အာမခံအဖြစ် တင်သွင်းထားသည့်အတွက် ချေးငွေထုတ်ပေးခြင်းကို မြို့နယ်သမဝါယမဦးစီးအရာရှိ၏ ထောက်ခံချက်နှင့် (ပုံစံ-၇)မိတ္တူတို့ဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးလျက်ရှိကြောင်း ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ **သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု စိုက်ပျိုးရေးကျေးရွာပိုင်မြေနေရာကို ဝန်ကြီးဌာနပိုင်မြေအဖြစ်မှ စွန့်လွှတ်ပြီး ကျေးရွာပိုင်မြေနေရာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လွှတ်တော်ကိုယ်စားလှယ် တင်ပြသည့် မြေနေရာကို ယခုအချိန်တွင် စွန့်လွှတ်ခြင်းမပြုနိုင်သေးသော်လည်း လာမည့်ကာလတွင် နိုင်ငံတစ်ခုလုံးအတွက် ခြုံငုံစဉ်းစား၍ သင့်လျော်သော မူဝါဒများ ချမှတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းမူဝါဒများချမှတ်ပြီးပါက လက်ရှိနေထိုင်သူများအတွက် သင့်လျော်သည့် အခြေအနေကောင်းတစ်ရပ် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

## ■ ကမ်းပြိုကမ်းစားမှု ဖြစ်ပေါ်စေသော ငမိုးရိပ်ချောင်းမြစ်ကွေ့ ၂၅ ခု ပြုပြင်ခြင်းလုပ်ငန်းကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ် မူတည်ဆောင်ရွက်သွားမည်

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

## ■ လွှတ်တော်ကိုယ်စားလှယ် တင်ပြသည့် မြေနေရာကို ယခုအချိန်တွင် စွန့်လွှတ်ခြင်း မပြုနိုင်သေးသော်လည်း လာမည့်ကာလတွင် နိုင်ငံတစ်ခုလုံးအတွက် ခြုံငုံစဉ်းစား၍ သင့်လျော်သောမူဝါဒများ ချမှတ်နိုင်ရေး ဆောင်ရွက်ရမည်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ

# ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ ကော်မတီဝင် ကိုးဦးမှ ၁၁ ဦး ပြင်ဆင်သတ်မှတ်ချက် လွှတ်တော်က သဘောတူဆုံးဖြတ်

**ပုသိမ် စက်တင်ဘာ ၅**

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် ဦးစီးကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၆၈ ဦး တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ကြယ်ပွင့်ပြမေးခွန်းခြောက်ခုကို မေးမြန်းဖြေကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဥပဒေစိစစ်ရေးကော်မတီ အတွင်းရေးမှူး နေရာလစ်လပ်ကြောင်း သက်ဆိုင်ရာကော်မတီ၏ တင်ပြချက်အရ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ကြေညာပြီး အစားထိုးတာဝန်ပေးအပ်မည့် အမည်စာရင်းလျာထားချက်နှင့် ကော်မတီဝင်ဦးရေကို ကိုးဦးမှ ၁၁ ဦး ပြင်ဆင်သတ်မှတ်ချက်အမည်စာရင်းကို လွှတ်တော်က သဘောတူသဖြင့် လျာထားချက်ပါအတိုင်း သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က တင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်ဥပဒေပြုရေးကော်မတီက ဆက်လက်ဆောင်ရွက်ရန် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

အိမ်မဲမြို့နယ် မဲဆန္ဒနယ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်းက အဆိုတစ်ခုတင်သွင်းပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသဖြင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရထားရဲတပ်ဖွဲ့ ပုဗ္ဗသီရိမြို့နယ်၌ အသိပညာပေးဟောပြော

**နေပြည်တော် စက်တင်ဘာ ၅**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော်ဘူတာကြီး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ရထားဖြင့်ကြိတ်ခြင်း၊ တိုက်မိခြင်း လျော့နည်းကျဆင်းရေး၊ ဘူတာယာဒ်ဝင်းအတွင်း အခြေအနေမဲ့များ နေထိုင်မှုမရှိစေရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲ၌ ရထားရဲတပ်ဖွဲ့ အမှတ်(၉) တပ်ခွဲ နေပြည်တော် တပ်ခွဲမှူး ဒုရဲမှူး ခိုင်မြက မြန်မာ့မီးရထားဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆက်စပ်ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများအား ဖိတ်ခေါ်၍ လူနှင့် တိရစ္ဆာန်တို့အား ရထားဖြင့် ကြိတ်မိခြင်း၊ တိုက်မိခြင်းများ လျော့နည်းကျဆင်းရေး အသိပညာပေးဆွေးနွေးကာ ဘူတာများအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းများမဖြစ်ပွားစေရေး၊ ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက် မဖြစ်စေရေးတို့အတွက် အခြေအနေမဲ့များ ကျူးကျော်နေထိုင်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ရန် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ကိုမျိုး(ရွှေပေါက်ကံ)**

# အဖွဲ့အစည်းအားလုံး၏ အဓိကတူညီသည့်အချက်သည် ငြိမ်းချမ်းရေးရရန်ဖြစ်

**အမေး၊ အရေး - တင်မောင်လွင် ၊ ဇူလိုင်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - မောင်မွှေး**

နေပြည်တော် စက်တင်ဘာ ၅

**လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်း ၇၀ နီးပါး မငြိမ်းချမ်းမှုများ၊ စစ်ပွဲများကို အမြန်ဆုံး အဆုံးသတ်စေပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ပထမအဆင့်ခြေလှမ်းဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံကို တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့၏ တစ်ခဲနက်ထောက်ခံမှုများနှင့်အတူ စက်တင်ဘာ ၃ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ အေးချမ်းအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံအတွက် သမိုင်းဝင်သမိုင်းတွင်မည့် အဆိုပါ ငြိမ်းချမ်းရေးညီလာခံကြီး ကျင်းပပြီးစီးခဲ့မှုအပေါ် တက်ရောက်လာသူတချို့၏ ရှုမြင်သုံးသပ်ချက်များထုတ်နုတ်ဖော်ပြလိုက်ပါသည်။**


ဒေါက်တာမနာမ်တူးဂျာ


စောလှထွန်း


ဒေါ်ဝင့်ဝါထွန်း


ခိုင်သိန်းအောင်(ခ)ခိုင်ကျန်သိန်းအောင်


စိုင်းဝမ်းလျန်ခမ်း

### ဒေါက်တာမနာမ်တူးဂျာ
### ကချင်ပြည်နယ် ဒီမိုကရေစီပါတီဥက္ကဋ္ဌ

**မေး ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့မှုအပေါ် ဆရာ့ရဲ့အမြင်ကို သုံးသပ်ပြောကြားပေးပါဦး။**

ဖြေ ။ ညီလာခံကတော့ ငြိမ်းချမ်းရေး တည်ဆောက်တာ (peace process) ကို အရှိန်အဟုန်မြှင့်ပေးတဲ့ ညီလာခံဖြစ်ပါတယ်။ ဒါကအားရစရာဖြစ်ပါတယ်။ ပါတီအသီးသီးက တင်ပြတဲ့အချက်တွေကလည်း ဖက်ဒရယ်ကို ဦးတည်ပါတယ်။ ညီလာခံကိုမြင်တာကတော့ ကျွန်တော်တို့ ရပ်တည်ချက်နဲ့ ပန်းတိုင်ကတော့ ဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်လာဖို့ဆိုတာ မလွဲတော့ပါဘူး။ ဘယ်လိုပုံစံဖက်ဒရယ်မျိုးလဲ ဆိုတာကိုတော့ ဆက်လက်ဆွေးနွေးသွားဖို့ရှိပါတယ်။ ဖက်ဒရယ်ဖြစ်နိုင်မလား၊ မဖြစ်နိုင်ဘူးလားဆိုတာကတော့မေးခွန်းမရှိပါဘူး။ ဖက်ဒရယ်ဖြစ်လာဖို့ပဲ တင်ပြကြပါတယ်။ ဒါကို တပ်မတော်က တင်တာရှိတယ်။ အဖွဲ့အစည်းတွေက တင်တာရှိတယ်။ ဒါတွေအားလုံးက တင်ပြချက်တွေပဲဖြစ်တယ်။ ဒီအချက်တွေကို နောင်အခါကျင်းပမယ့် ညီလာခံတွေမှာ တစ်ချက်ချင်း ဆွေးနွေးပါမယ်။ ဆွေးနွေးသွားပြီးတော့မှ အများသဘောတူညီချက်ကို ယူပါမယ်။ ဆွေးနွေးချက် နောက်ဆုံးကျမှ ပြည်ထောင်စုသဘောတူညီချက်ရရှိပါမယ်။ ပြည်ထောင်စုသဘောတူညီချက်က ဘာဖြစ်သင့်လဲ။ ဘာဖြစ်လာမလဲဆိုတာကတော့ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်လာမယ်။ ကိုယ်ကြိုက်တာချည်းမဟုတ်ဘဲနဲ့ အားလုံးလက်ခံနိုင်တဲ့ သဘောတူညီချက်ကို ရယူသွားရပ့်မယ်။

ဒီညီလာခံကို တက်ရောက်လာတဲ့ အဖွဲ့အစည်းတွေအားလုံးရဲ့အဓိကတူညီတဲ့အချက် လိုအပ်ချက်ကတော့ ငြိမ်းချမ်းရေးရရှိဖို့ပါပဲ။ အဲဒီငြိမ်းချမ်းရေးရရှိဖို့က ဘာလိုအပ်သလဲဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် တန်းတူပေးနိုင်တဲ့ ဖက်ဒရယ်စနစ်လိုအပ်တယ်။ ဒါကလည်း အခု ကိုယ့်ရပ်တည်ချက်၊ ကိုယ့်သဘောထားဖြစ်နေပါပြီ။ ကျွန်တော်တို့ မျှော်လင့်ထားတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်လာဖို့နဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက်က အလားအလာကောင်း ပါတယ်။ ဖက်ဒရယ်စနစ် တည်ဆောက်နိုင်မယ်ဆိုရင် တိုင်းပြည်တည်ငြိမ်အေးချမ်းလာမယ်။ စီးပွားရေးတွေ တိုးတက်ပြီးတော့ ဒေသဖွံ့ဖြိုးရေးတွေ လုပ်လို့ရမယ်။ အစစအရာရာ အောင်မြင် သွားမယ်။ ဒါကလည်း နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း အဖွင့်နေ့မိန့်ခွန်းမှာ ထည့်သွင်းပြောကြားထားပြီးလည်း ဖြစ်ပါ တယ်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကကတော့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးပဲဖြစ်ပါတယ်။

### စောလှထွန်း
### ကရင်အမျိုးသားအစည်းအရုံး ဗဟိုကော်မတီ

**မေး ။ ငြိမ်းချမ်းရေးမှာ လက်မှတ်ရေးထိုးဖို့ ကျန်နေတဲ့ အဖွဲ့တွေက ဘာကြောင့်မထိုးကြသေးတာလဲဆိုတဲ့ အပေါ်ကိုရော ဆရာ့အနေနဲ့ ဘယ်လိုကောက်ချက်ချမိပါသလဲ။**

ဖြေ ။ တစ်ဖက်မှာတော့ (၂၁)ရာစုပင်လုံညီလာခံဖြစ်ဖို့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒီငြိမ်းချမ်းရေးဖြစ်စဉ် NCA ကနေတစ်ဆင့် ဒီ process ကိုဆက်လက်သွားဖို့ အဖွင့်မိန့်ခွန်းမှာ ပြောထားပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နဲ့ တပ်မတော်နဲ့ရှိနေတဲ့ အခြေအနေနဲ့ ပုံစံတွေကလည်း ရှင်းရမယ့်ကိစ္စတွေ ပြန်ဖြစ်လာပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီသဘောထားကနေ သူတို့မပါဝင်လာရတဲ့ အခြေအနေအစကတော့ လက်ရှိဖြစ်နေတဲ့ တိုက်ပွဲကြီးတွေကြောင့်ရယ်၊ လက်ရှိ နားလည်မှုတည်ဆောက်ရတဲ့အချိန်မှာ နားလည်မှုတွေအားနည်းနေတဲ့ အစိတ်အပိုင်းတွေရယ်၊ နောက်ထပ်နားလည်မှု တည်ဆောက်တဲ့နေရာမှာလည်း ထင်သာမြင်သာဖြစ်စေတဲ့ ယုံကြည်စိတ်ချရမယ့်ပြသနိုင်မှု အဲဒီအခြေအနေတွေကြောင့် လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေအနေနဲ့ ကြန့်ကြာနေတယ်လို့ထင်ပါတယ်။ အဲဒီယုံကြည်မှုကို ထင်သာမြင်သာနဲ့ပြသနိုင်မယ်။ ယုံကြည်မှုကို တည်ဆောက်နိုင်မယ်ဆိုရင် အဲဒီအဆင့်ကို ကျော်လွှားနိုင်မယ်လို့ မြင်ပါတယ်။

**မေး ။ အမျိုးသားအဆင့် ထပ်မံကျင်းပမယ့် ညီလာခံတွေမှာ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေ ပါလာနိုင်တဲ့ အခြေအနေရှိပြီလို့ ပြောလို့ရပြီလား။**

ဖြေ ။ ဘာပဲဖြစ်ဖြစ် ဒါကကောင်းမွန်တဲ့ခြေလှမ်းတစ်ရပ် ဖြစ်လာပါပြီ။ ဒါပေမယ့် အခုဒီပွဲမှာတော့ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေပါလာတယ်။ နောက်တစ်ဖက်က ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးက ပါလာတာဆိုတော့ ရှေ့ဆက်လည်း ပါဝင်လာနိုင်ဖို့ လမ်းကြောင်းတွေဖြစ်တယ်။ နောက်တစ်ခုက political framework ကို ပြန်လုပ်တဲ့ အချိန်မှာ အားလုံးပါဝင်နိုင်မယ့်ပုံစံကို ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ framework မှာ ပါမယ်ဆိုရင် အဲဒီကနေ တစ်ဆင့် အားလုံးပါဝင်လာမယ်လို့ ယုံကြည်ပါတယ်။

### ဒေါ်ဝင့်ဝါထွန်း
### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

**မေး ။ ဒီငြိမ်းချမ်းရေးညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်မှုအပေါ် အစ်မရဲ့ အမြင်သုံးသပ်ချက်လေး ပြောပေးပါဦး။**

ဖြေ ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံဆိုတဲ့ အနှစ်သာရပေါ်မှာ အခြေခံပြီးတော့ အားလုံးက ဝိုင်းဝန်းဆွေးနွေးကြတယ်။ အားလုံးက ဝိုင်းဝန်းဆွေးနွေးကြတဲ့ အခါမှာ ပြည်ထောင်စုဆိုတဲ့ အနှစ်သာရအတိုင်းပဲ မတူကွဲပြားတဲ့ အမြင်တွေနဲ့ ဆွေးနွေးသွားကြတယ်။ ဒါပေမယ့် သေချာတဲ့ ဆွေးနွေးချက်တွေရဲ့ဘုံသဘောတူညီမှုတစ်ခုကတော့ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်ကြတယ်ဆိုတာ မြင်ရတယ်။ အဲဒီငြိမ်းချမ်းရေးကို အတူတကွ တည်ဆောက်သွားဖို့ကလည်း အားလုံးက ဆန္ဒရှိနေကြတယ်ဆိုတာ မြင်ရတယ်။ ကျွန်မအနေနဲ့ အလွန်ပဲ ဝမ်းသာမိပါတယ်။ ဘာလို့လဲဆိုရင် ကျွန်မတို့ ပထမဦးဆုံး ဆွေးနွေးလိုက်ကတည်းက ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောခဲ့တယ်။ ဒီငြိမ်းချမ်းရေးဆိုတာ ခေါင်းဆောင်တွေကပဲ လုပ်လို့မရဘူး။ အဖွဲ့အစည်းတစ်ဖွဲ့ကပဲ လုပ်လို့မရဘူး။ ကျွန်မတို့အားလုံးက ပါဝင်ပြီး ဒါဂါတို့အားလုံးနဲ့ဆိုင်တယ်ဆိုတဲ့ အသိစိတ်ဓာတ်တွေရှိဖို့လိုတယ်။ နောက်ပြီး ဒီအစီအစဉ်ကြီးကို တိုက်ရိုက်ထုတ်လွှင့်နိုင်တဲ့ အတွက် ကျွန်မတို့ တိုင်းရင်းသားမောင်နှမတွေရော၊ တိုင်းသူပြည်သားတွေအားလုံးကပါ ငြိမ်းချမ်းရေးအပေါ်မှာ အမှန်တကယ် စိတ်ဝင်စားပြီးတော့ တိုက်ရိုက်ထိတွေ့ခံစားနိုင်အောင် ကြိုးစားဆောင်ရွက်ပေးမှုကို ဝမ်းသာမိပါတယ်။

**မေး ။ နောက် ခြောက်လကြာတဲ့အခါမှာ အမျိုးသားအဆင့် ညီလာခံကြီး ကျင်းပဖို့နဲ့ အားလုံးပါဝင်တဲ့အဖွဲ့အစည်းတွေဖြစ်လာဖို့ဆိုတာနဲ့ပတ်သက်ပြီး ဘယ်လိုမျိုးတွေ ဖြစ်လာနိုင်ပါသလဲ သိပါရစေ။**

ဖြေ ။ အဲဒါတွေကတော့ ကျွန်မတို့ နှစ်ဖက်အဖွဲ့အစည်းတွေရယ်၊ ကျန်တဲ့အဖွဲ့အစည်းတွေရယ်ကရော ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဆုံးဖြတ်ချက်တွေ ချဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးပါဝင်တဲ့ အဖွဲ့အစည်းဆိုတာ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာကတည်းက ပါခဲ့ပြီးသားဖြစ်တယ်။ သို့သော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် မပါဝင်နိုင်ခဲ့ဘူး။ အခုညီလာခံမှာတောင်မှ NCA လက်မှတ်မထိုးတဲ့ အဖွဲ့တွေတောင် ပါဝင်ခဲ့သေးတာပဲ။ အဲ့ဒီတော့ ကျန်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုရော ဘာလို့ မခေါ်လာနိုင်ရမှာလဲ။ အဲ့ဒါကိုတော့ နှစ်ဖက်အဖွဲ့အစည်းရယ် ပါဝင်သင့် ပါဝင်ထိုက်၊ ဆွေးနွေးသင့်ဆွေးနွေးထိုက်တဲ့ လူတွေအားလုံးက လက်တွဲခေါ် မယ်လို့ မြင်ပါတယ်။

**မေး ။ လက်နက်ကိုင် ပဋိပက္ခတွေ ဖြစ်ပွားနေမှုဟာ တိုင်းရင်းသားပြည်သူတွေအတွက် အကျိုးသက်ရောက်မှုတွေ ဘယ်လောက်အထိ ဖြစ်ပွားနေသလဲဆိုတာလည်း အစ်မအမြင်ကို ပြောပြပါဦး။**

ဖြေ ။ ပစ်ခတ်တိုက်ခိုက်မှုတွေရဲ့ဆိုးကျိုးတွေကတော့ အများကြီးပေါ့။ ပြောချင်တာက နှစ်ဖက်ပစ်ခတ်တိုက်ခိုက်နေမှ မငြိမ်းချမ်းတာမဟုတ်ဘူး။ နှစ်ဖက်မပစ်ခတ်သော်လည်း ပစ်ခတ်မှာ စိုးရိမ်နေရတဲ့သူတွေရဲ့ဘဝကို ကျွန်မတို့ ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ အပစ်အခတ်ရပ်စဲရေးဆိုပြီးတော့ ခေါင်းဆောင်ပိုင်းတွေက စကားဝိုင်းတွေမှာ တက်လာတယ်။ ဒါပေမယ့် မြေပြင်မှာကျတော့ ပစ်ခတ်မှုတွေရှိနေတယ်ဆိုရင် ကျန်ခဲ့ကြတဲ့ ကြားထဲက ကျွန်မတို့ ပြည်သူလူထုတွေရဲ့ဘဝတွေကို စာနာပေးစေချင်ပါတယ်။ အဲ့လိုဖြစ်တာ ဖြစ်တဲ့အတွက် ခေါင်းဆောင်ပိုင်းတွေက ဒီမှာလာပြီး ဆွေးနွေးကြတဲ့အခါမှာ ကျွန်မတို့ တိုင်းရင်းသားမောင်နှမတွေရဲ့ လုံခြုံရေးကို အဓိက ထည့်သွင်းစဉ်းစားဆွေးနွေးတိုင်ပင်သွားကြဖို့ လိုအပ်ပါတယ်လို့ ပြောချင်ပါတယ်။

### ခိုင်သိန်းအောင် (ခ) ခိုင်ကျန်သိန်းအောင်
### ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

**မေး ။ ဒီငြိမ်းချမ်းရေးညီလာခံကြီး အောင်အောင်မြင်မြင်နဲ့ ကျင်းပခဲ့မှုအပေါ် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို ပြောပြပေးပါဦး။**

ဖြေ ။ ငြိမ်းချမ်းရေးညီလာခံကြီးက ကျွန်တော်တို့ တိုင်းသူပြည်သားတွေအတွက် အကျိုးအာနိသင်အနေနဲ့ ထူးခြားမှုရှိပါတယ်။ နှစ်ပေါင်း ၇၀ နီးပါးဖြစ်လာတဲ့ စစ်ပွဲတွေနဲ့ ပတ်သက်ပြီး ဘယ်သူနဲ့မှ မမြင်ဖူး၊ မတွေ့ဖူးတဲ့သူတွေနဲ့ အခုလို စည်စည်ကားကား၊ ညီညီညွတ်ညွတ်နဲ့ မြင်ရ၊ တွေ့ရတယ်။ မီးဟုန်းဟုန်းတောက်ခဲ့ရတဲ့ ဗုံးသံ၊ လက်နက်သံတွေကြားထဲကနေ ဒီနေ့အချိန်မှာတော့ တဖြည်းဖြည်းနဲ့ မီးငြိမ်းသလို ငြိမ်းလာပြီလို့ ပြောလို့ရတယ်။ ဒီညီလာခံကြီး တည်ဆောက်မှုက ကျွန်တော်တို့ တစ်နိုင်ငံလုံးရဲ့ပြည်သူတွေအတွက် ပျော်ရွှင်ဖို့ကောင်းတဲ့ လက်ကမ်းကြိုဆိုမှုတစ်ရပ်လို့ ပြောလို့ရပါတယ်။ ပင်လုံညီလာခံကြီးက အင်မတန်တန်ဖိုးရှိတဲ့ မြန်မာနိုင်ငံအတွက် သမိုင်းဝင်မှတ်တမ်းတစ်ခုပါပဲလို့ ပြောချင်ပါတယ်။

**မေး ။ ငြိမ်းချမ်းရေးညီလာခံကြီးက ဆရာတို့ ရခိုင်ဒေသအတွက် ဘယ်လောက်အထိ အကျိုးကျေးဇူးတွေ ရရှိမယ်လို့ မျှော်လင့်ထားပါသလဲ။**

ဖြေ ။ (၂၁) ရာစု ပင်လုံညီလာခံက ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွက် မျှော်မှန်းထားတဲ့အထဲက တစ်ခုခုတော့ ရရှိလိမ့်မယ်လို့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံတုန်းက ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွက် ဘာအကျိုးသက်ရောက်မှုမှ မရှိခဲ့ဘူး။ အခုညီလာခံကတော့ ကောင်းမွန်မှုတစ်ခုတော့ရမယ်လို့ ထင်ပါတယ်။ အကောင်းဆုံးအကျိုးတစ်ခုရမယ်လို့ မျှော်လင့်တာက ဘာလဲဆိုတော့ နိုင်ငံရေးအကျိုးပါ။ (၂၁)ရာစုပင်လုံထဲမှာ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းနေပြီ။ ပြောလည်း ပြောလာကြပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အတွက် ရလဒ်ကောင်းတစ်ခုတော့ မျှော်မှန်းထားပါတယ်။

**မေး ။ အခု (၂၁) ရာစုပင်လုံရဲ့အကောင်းဆုံး မျှော်လင့်ချက်ကို ပြောပြပေးပါဦး။**

ဖြေ ။ အကုန်လုံးအေးချမ်းသော၊ ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးတစ်ခု တည်ဆောက်နိုင်လိမ့်မယ်လို့ ပြောချင်ပါတယ်။ ဒီလိုပဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပြီးသွားပြီဆိုရင် ကျွန်တော်တို့နိုင်ငံကြီးက ရွှေထီးဆောင်းရသလိုမျိုး ဖြစ်သွားမှာပါ။ ကမ္ဘာပေါ်မှာ အထူးခြားဆုံး နိုင်ငံ တစ်နိုင်ငံလည်း ဖြစ်လာမှာပါ။ အခုဟာက တိုင်းရင်းသားညီအစ်ကို အချင်းချင်း တိုက်ပွဲတွေဖြစ်နေကြတယ်။ တိုက်ပွဲတွေ ဘယ်လောက်ပဲဖြစ်ပါစေ။ တစ်ချိန်ချိန်တော့ တိုက်ပွဲတွေ လျော့လာမှာပါ။ နောက် ခြောက်လကြာမှ ညီလာခံကြီးထပ်မံ ကျင်းပမယ်လို့ ပြောတယ်။ အတိအကျတော့ မပြောနိုင်သေးဘူး။ ထွက်ပေါ်လာတဲ့ ရလဒ်တွေက တိုင်းရင်းသားတွေ တောင်းထားတဲ့ အထဲက ရာနှုန်းအပြည့်မရရင်တောင် အနည်းငယ်လောက် ရလာမလား။ အဲ့ဒီအဖြေက အဆုံးအဖြတ်ပေးသွားမယ်။ လှေကားထစ်လို တစ်ဆင့်ချင်းတော့ တက်လာမယ်လို့ ထင်ပါတယ်။

### စိုင်းဝမ်းလျန်ခမ်း
### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

**မေး ။ ညီလာခံကြီးကျင်းပပြီးစီးပြီဆိုတော့ ညီလာခံကနေ ဘယ်လိုအောင်မြင်မှုတွေရရှိခဲ့ပါသလဲ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေအတွက်ရော ဘယ်လောက်အကျိုးသက်ရောက်မှု ရှိခဲ့သလဲ။**

ဖြေ ။ ကျွန်တော့်အမြင်ကတော့ တကယ့် ဒီမိုကရေစီပုံစံ အခင်းအကျင်းမျိုးကို တွေ့ရတယ်လို့ ပြောနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ တစ်ဦးတစ်ဖက်ကနေ စီမံတဲ့ပွဲမဟုတ်ဘဲနဲ့ တပ်မတော်ကလည်းပါတယ်။ အဖွဲ့အစည်းတွေလည်းပါတယ်။ လက်နက်ကိုင်အဖွဲ့တွေလည်းပါတယ်။ အစိုးရလည်းပါတယ်ဆိုတော့ ဒါက အပြုသဘောဆောင်တဲ့ လက္ခဏာကို တွေ့ရပါတယ်။အထူးသဖြင့် ပြည်သူအချို့က တိုင်းရင်းသားတွေရဲ့ ရင်တွင်းစကားကို တစ်ခါမှမကြားဖူးဘူး။အခုက ဒီမှာ ဖွင့်ပြောရတာတွေကို မီဒီယာကနေတစ်ဆင့် နားထောင်ရတာတော့ နားလည်မှုတွေရှိလာတယ်။ တပ်မတော်ဘက်ကိုလည်း မနေ့က တချို့တိုင်းရင်းသားခေါင်းဆောင်တွေက ဖြစ်စေချင်တာတွေကို ပြောပြနိုင်ခဲ့တယ်။

တစ်နိုင်ငံလုံးကလည်း စောင့်ကြည့်နေတဲ့အတွက် အကောင်းဆုံးခြေလှမ်းအစလို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ရှေ့ဆက်ပြီး ဘယ်လိုလာမယ်ဆိုတာကိုတော့ ကျွန်တော်တို့ ပြောလို့မရသေးပါဘူး။ အဲ့လို ပြောလိုက်တဲ့အခါကျတော့ ရင်ထဲမှာပေ့ါသွားတယ်။ တစ်ဖက်ကလည်း နားလည်သွားတယ်။ အထူးသဖြင့် တိုက်နေကြတယ်ဆိုတာ တစ်ဖက်နဲ့တစ်ဖက် နားလည်မှုတွေလွဲနေလို့ဖြစ်တယ်။ ညီလာခံထဲမှာ ဒီတိုင်းရင်းသားနဲ့ ဟိုတိုင်းရင်းသားနဲ့မတည့်ဘူး။ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေနဲ့မတည့်ဘူးဆိုရင် ဒီမှာလာတွေ့လို့ရတယ်။ ဒီမှာလာပြောလို့ရတယ်။ အခွင့်အရေးရတယ်။ ညီလာခံ မစခင်မှာလည်း အချင်းချင်းတွေ့ပြီး ညှိနှိုင်းမှုတွေလုပ်လို့ရတယ်လို့မြင်ပါတယ်။ တိုက်ပွဲဖြစ်လိုက်ပြီဆိုရင် ချက်ချင်းတွေ့ဖို့ဆိုတာမလွယ်ဘူး။ အခုလိုညီလာခံတွေ ကျင်းပပေးတဲ့အတွက် ကောင်းတဲ့အလားအလာပါ။ ဒါမျိုးကို သုံးလတန်သည်၊ ခြောက်လတန်သည် လုပ်သင့်တယ်လို့မြင်ပါတယ်။

**မေး ။ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ အခုလို တိုက်ရိုက်ထိတွေ့တဲ့အခါမှာ ဖြစ်ပွဲမလားဆိုပြီး တချို့က စိုးရိမ်ကြောင့်ကြနေကြတယ်လို့ သိရပါတယ်။ အဲဒီအပေါ်မှာရော ဆရာ့ရဲ့အမြင်လေးကို သိပါရစေ။**

ဖြေ ။ တကယ်လည်း ကျွန်တော်တို့ကြားနေရတယ်။ တကယ်လည်း တိုက်ပွဲတွေလည်းဖြစ်နေကြတယ်။ ဒါပေမယ့် ဒါအင်မတန်မှ တိုးတက်လာတယ်လို့ပြောလို့ရတယ်။ တွေ့ရတယ်။ ဆွေးနွေးကြတယ်။ နောက် အောက်ခြေမှာလည်း ဘယ်လိုကိစ္စကြောင့်လဲ။ နယ်မြေကိစ္စကြောင့်လည်း ဖြစ်ချင်ဖြစ်မယ်။ သို့ပေမယ့် ဖြစ်ဖြစ်ချင်းမှာ ချက်ချင်းဖြေရှင်းနိုင်မယ့် နည်းလမ်းတွေ တဖြည်းဖြည်းပေါ်ပေါက်လာနိုင်တယ်။ ရင်းနှီးမှုက အဓိကပါပဲ။ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုလည်းလိုအပ်တယ်။ ယုံကြည်မှုကလည်း အရေးကြီးတယ်။ တိုင်းရင်းသားတွေဆိုလည်း သူတို့ဒေသမှာ ဘာတွေဖြစ်ချင်လဲဆိုတာတွေကို လွတ်လွတ်လပ်လပ်ပြောခွင့်ရှိတယ်။ ငြိမ်းချမ်းရေးဆိုတာ လွယ်လွယ်နဲ့ လုပ်ယူလို့မရဘူး။ ငြိမ်းချမ်းရေးဆိုတဲ့ issue တွေက ကျွန်တော်တို့နိုင်ငံတွေမှာတင်မဟုတ်ဘူး တစ်ကမ္ဘာလုံးဖြစ်နေတယ်။ အမြဲတမ်းကို ဆွေးနွေးတိုင်ပင်မှုတွေနဲ့ စားပွဲဝိုင်းမှာ ဖြေရှင်းကြဖို့ပြောချင်ပါတယ်။

# နာဂဒေသ၌ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိလာသော ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ခန္တီး စက်တင်ဘာ ၅**




စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာကြသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ အခြေခံကျန်းမာရေး ဝန်ထမ်းများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက်က လဟယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နာဂဦးစီးအဖွဲ့(စီမံ) ဦးလောယုံနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ တာဝန်ထမ်းဆောင်ကြမည့် အခြေခံကျန်းမာရေးဝန်ထမ်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့ငွေကျပ် ၅၆ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းကထောက်ပံ့သည့်ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ နာဂဦးစီးအဖွဲ့ရုံးမှ ထောက်ပံ့ငွေကျပ် ၁၁၄၀၀၀၀ နှင့် ဆန် ၂၈ အိတ်ကို လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၇၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနမှ ထောက်ပံ့သည့်စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး သူနာပြုနှင့် သားဖွားအသင်းမှ လှူဒါန်းသည့်ငွေကျပ်ငါးသိန်းတို့ကို လည်းကောင်း၊ နာဂဒေသဦးစီးအဖွဲ့(စီမံ) ဦးလောယုံနှင့် တိုင်းဒေသကြီးကျန်းမာရေး ဦးစီးမှူး ဒေါက်တာသံလွင်ထွန်းတို့က နာဂဒေသအတွင်း တာဝန်ထမ်းဆောင်ကြမည့် အခြေခံကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ကျန်းမာရေးအဖွဲ့တွင် ကျန်းမာရေးမှူးတစ်ဦး၊ သားဖွားဆရာမ ၂၇ ဦး၊ ကျန်းမာရေးကြီးကြပ် ၂၈ ဦး စုစုပေါင်း ၅၆ ဦးပါဝင်ပြီး လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာများအတွက် ၄၀၊ လေရှီးမြို့နယ်အတွက် ခြောက်ဦး၊ နန်းယွန်း-ဒုံဟီးမြို့နယ်အတွက် (၁၀)ဦးစီတို့အား သက်ဆိုင်ရာကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်အရဖြည့်ဆည်းပေးပြီး ၎င်းတို့အနေဖြင့် တာဝန်ကျကျေးရွာများတွင် နေထိုင်၍ နာဂတိုင်းရင်းသားများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အနီးကပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စန်းလွင်ဦး**

# ယာဉ်တိုက်မှုများတွင် ကိုယ်ပိုင်မော်ယာဉ်တိုက်မှုအများဆုံးဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၅**

လွန်ခဲ့သည့်ခုနစ်လကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ အများဆုံးယာဉ်တိုက်မှုမှာ ကိုယ်ပိုင်ယာဉ်များဖြစ်ကြောင်း အမှတ်(၂)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီးအောင်ကိုဦးက ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီးမှာ ယာဉ်တိုက်မှုအများဆုံးကတော့ ကိုယ်ပိုင်ယာဉ်တွေဖြစ်ပါတယ်။ ကိုယ်ပိုင်ယာဉ်အချင်းချင်းတိုက်မိတာရှိတယ်။ ကိုယ်ပိုင်ယာဉ်တွေကနေ အခြားယာဉ်တွေကိုတိုက်တာရှိတယ်။ လွန်ခဲ့တဲ့ ဇန်နဝါရီလကနေ ဇူလိုင်လကုန်အထိ ယာဉ်တိုက်မှုဖြစ်ပွားမှု အများဆုံးကတော့ ကိုယ်ပိုင်ယာဉ်တွေဖြစ်ပါတယ်"ဟု ဒုတိယရဲမှူးကြီးက ပြောသည်။

ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်ယာဉ်တိုက်မှု ၆၅၂ မှုဖြစ်ပွားခဲ့ရာ ယာဉ်တိုက်မှုဖြစ်ပွားစဉ်အတွင်း သေဆုံးသူ ၁၄၇ ဦးရှိခဲ့ပြီး ဒဏ်ရာရသူ ၇၁၃ ဦးရှိခဲ့ကြောင်း အမှတ်(၂)ယာဉ်ထိန်းတပ်ဖွဲ့ခွဲ၏စာရင်းဇယားများတွင် ဖော်ပြသည်။

အလားတူကာလအတွင်း ခရီးသည်ယာဉ်တိုက်မှု ၁၄၃ မှုဖြစ်ပွားကာ သေဆုံးသူ ၃၆ ဦး၊ ဒဏ်ရာရသူ ၁၆၂ ဦးရှိကြောင်း၊ အငှားယာဉ်တိုက်မှုမှာ ၂၃၀ ဖြစ်ပွားကာ ၂၈ ဦးသေဆုံးခဲ့ပြီး ၃၀၄ ဦးဒဏ်ရာရခဲ့ကြောင်း၊ ကုန်တင်ယာဉ်တိုက်မှုမှာ ၁၁၂ မှုဖြစ်ပွားကာ ၂၅ ဦးသေဆုံးပြီး ၁၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆိုင်ကယ်တိုက်မှုမှာ ၁၁၆ မှုဖြစ်ပွားကာ သေဆုံးသူ ၃၁ ဦးရှိပြီး ဒဏ်ရာရသူ ၂၄၁ ဦးရှိခဲ့ကြောင်း ယာဉ်ထိန်းတပ်ဖွဲ့စာရင်းဇယားများအရ သိရသည်။

ရန်ကုန်မြို့ပေါ်တွင် ကိုယ်ပိုင်ယာဉ်အသုံးပြုသူသိသိသာသာတိုးတက်လာပြီးနောက် ယာဉ်တိုက်မှုများတွင် အများဆုံးဖြစ်ပွားလျက်ရှိသည်။

ကိုယ်ပိုင်ယာဉ်အသုံးပြုသူအချို့မှာ ကျွမ်းကျင်မှု အားနည်းခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားမလည်ခြင်း၊ စည်းကမ်းချိုးဖောက်မောင်းနှင်ခြင်း၊ စည်းကမ်းနှင့်အညီ ယာဉ်ရပ်နားမှုမရှိခြင်းတို့ကြောင့် ယာဉ်တိုက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။ ယာဉ်တိုက်မှုများတွင် အများဆုံးဖြစ်လာသည်။

ရန်ကုန်တိုင်းဒေသကြီးအမှတ်(၂)ယာဉ်ထိန်းတပ်ဖွဲ့အနေဖြင့် မော်တော်ယာဉ်များစည်းကမ်းတကျသွားလာမောင်းနှင်အသုံးပြုနိုင်ရေး ပညာပေးအစီအမံများ ဆောင်ရွက်နေသကဲ့သို့ ဖမ်းဆီးအရေးယူမှုများလည်း ဆောင်ရွက်လျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




# Non-invasive Method ဖြင့် ကြိုတင်စမ်းသပ်တူးဖော်ခြင်းကြောင့် ရှေးမှုလက်ရာမပျက်တူးဖော်ခွင့်ရလာ

**မုံရွာ စက်တင်ဘာ ၅**

ယူနက်စကို၏ အထောက်အပံ့ဖြင့် အီတလီနိုင်ငံ မီယန်ပိုလီတက်ကနစ်ယူနီဗာစီတီမှ ကျွမ်းကျင်ပညာရှင်များက မြေအောက်ရှိပစ္စည်းများကို ထိခိုက်မှုမရှိစေဘဲ အလင်းပြန်ပုံရိပ်ဖမ်းစနစ်ပါဝင်သည့် Non-invasive Method ဖြင့် ကြိုတင်စမ်းသပ် တူးဖော်၍ ရှေးမှုလက်ရာမပျက် တူးဖော်ခွင့်ရလာသောကြောင့် အဖိုးတန်သော ရှေးဟောင်းအမွေအနှစ်ကို မပျက်စီးစေဘဲ တူးဖော်ထိန်းသိမ်းခွင့်ရရှိနေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စစ်ကိုင်းတိုင်းဒေသကြီး)ဦးစီးမှူး ဒေါက်တာသန်းထိုက်ထံမှ သိရသည်။

"ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဟန်လင်း၊ သရေခေတ္တရာနဲ့ ဗိဿနိုးဒေသတွေမှာရှိတဲ့ မြေအောက်က ရှေးဟောင်းပစ္စည်း ထုထည်ကြီးတွေကို အများပြည်သူများရှေးလက်ရာမပျက် အကျိုးအပျက်မရှိ ပကတိအတိုင်း လေ့လာခွင့်တွေရရှိဖို့ Non -invasive Method နဲ့ တိုင်းတာဆောင်ရွက်တာရှိနေပါပြီ။ ရွှေဘိုဘက်က ဟန်လင်းဒေသ နန်းတော်ရာဝင်ပေါက်နားမှာ ပြီးခဲ့တဲ့နှစ်က မြေပြင်ကနေ မြေအောက်ကို တိုင်းတာလိုက်တော့ ရှေးဟောင်းပစ္စည်းတွေရှိတယ်လို့ သိရတော့ ရှေးဟောင်း အဖွဲ့တွေအနေနဲ့ ပြည်ပပညာရှင်တွေနဲ့တူးဖော်ရေးလုပ်ငန်းကို လုပ်ခဲ့ကြပါ တယ်။ တူးဖော်တဲ့နေရာမှာ ကြိုတင် တိုင်းတာထားတဲ့အတွက် အတိအကျ သေသေသပ်သပ်တူးနိုင်သလို ရှေးမှုလက်ရာမပျက်တူးဖော်နိုင်တဲ့အတွက် ရှေးဟောင်းအနုလက်ရာ မပျက် လေ့လာနိုင်တာ တွေ့ရပါတယ်။ အဲဒီနည်းပညာကို ပညာရှင်ရော စက်ကိရိယာပါ ထောက်ပံ့ပေးတာဖြစ်ပါတယ်" ဟု ဒေါက်တာသန်းထိုက်က ပြောသည်။

ရှေးဟောင်းသုတေသနလုပ်ငန်း လုပ်ကိုင်ကြရာတွင် ပြည်တွင်းပညာရှင်များနှင့်အတူ ဓေတ်မီအတတ်ပညာရှင်များဖြစ်သည့် ပြည်ပပညာရှင်များ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုသာလတ်တလောအခြေအနေတွင် ရှေးလက်ရာမပျက် အပွန်းအရှထိခိုက်မှုမရှိ အကောင်းပကတိရရှိစေမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် နိုင်ငံတော် တာဝန်ရှိသူများအနေဖြင့် သဘောပေါက်ကာ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဒေါက်တာသန်းထိုက်ထံမှ သိရသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်းဒေသ သမိုင်းဝင် အုတ်ကုန်းများရှေးဟောင်း အဆောက်အအုံများ ပတ်လည်တွင် ဝင်းထရံအဖြစ် ကာရံထားသော သံပန်းသံတံခါးများသည် ရှေးဟောင်း အဆောက်အအုံလက်ရာများကိုကွယ်နေသည့်အတွက် သဘာဝပေါက်ပင်ဖြစ်သည့် ရာသီဥတုနှင့်ကိုက်ညီသည့် ကန္တရဆူးပင်များ၊ ရှားစောင်းပင်များကိုပတ်လည်တွင် စိုက်ပျိုးရန် ပညာရှင်များနှင့် သက်ဆိုင်ရာ၏ ညွှန်ကြားချက်တို့နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဟန်လင်းဒေသမှ ယခင်တွေ့ရှိထားသော ရှေးဟောင်းပစ္စည်းများနှင့် နောက်ထပ် သုတေသနပြုအသစ်တွေ့ရှိထားသော ရှေးဟောင်းပစ္စည်းများကို သပ်ရပ်၍ အမြင်တင့်တယ်စွာ တွေ့မြင်လေ့လာနိုင်ရန် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ကြံတစ်တန်ငွေကျပ် ၄၀၀၀၀ ဝန်းကျင်အထိ ဝယ်ယူမည့်သတင်းကြောင့် ကြံစိုက်တောင်သူများ စိတ်ဝင်စား

**ရေတာရှည် စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ကြံတစ်တန်လျှင် ငွေကျပ် ၄၀၀၀၀ ဝန်းကျင်အထိ တိုးမြှင့်ဝယ်ယူရန် စက်ရုံများက တရားဝင်ကမ်းလှမ်းလာသည့်အတွက် ကြံစိုက်ပျိုးရန် စိတ်ဝင်စားမှုမြင့်တက်လာနေကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြင့်က ပြောသည်။

စပါး၊ ပဲအမျိုးမျိုးနှင့် အခြားသော စိုက်ပျိုးသီးနှံများ ဈေးနှုန်းကောင်းမွန်ခြင်းကြောင့် တစ်နှစ်တွင် တစ်ခါသာဝင်ငွေရရှိနိုင်သည့် ကြံသီးနှံစိုက်ပျိုးခြင်းကို တောင်သူများက စိတ်ဝင်စားမှုလျော့ကျခဲ့ပြီး လွန်ခဲ့သောသုံးနှစ်ခန့်က ရေတာရှည်မြို့နယ်၌ ကြံစိုက်ပျိုးသည့် ဧက ၂၅၀၀၀ ကျော် ရှိခဲ့သော်လည်း လွန်ခဲ့သည့်နှစ်ပိုင်းမှစတင်ကာ ဧက ၈၀၀၀ အထိ ကျဆင်းသွားခဲ့ရကြောင်း ဦးဝင်းမြင့်ကပင် ဆက်လက်ပြောပြသည်။

ကြံစိုက်ပျိုးသည့် ဧကအလိုက် ရောင်းလိုအားနှင့်ဝယ်လိုအားကွာခြားခြင်းကြောင့် တောင်သူများ ထိခိုက်ဆုံးရှုံးမှုကြီးမားခြင်းမှာ စိုက်ဧကလျော့ကျခြင်း၏ အဓိကအကြောင်းအရာဖြစ်ကြောင်း တောင်သူများက ပြောကြားသည်။

"ကြံစိုက်တာက ရောဂါပိုးမွှား၊ ရာသီဥတုအတွက် ဘာမှပူစရာမလိုပါဘူး။ အချိန်တန်လို့ စက်ရုံကိုရောင်းချရတဲ့ အပိုင်းမှာကျတော့ အခက်အခဲတွေ အများကြီးကြုံကြရတယ်။ နေပူမိပြီး အလေးချိန် လျော့ကျတဲ့အခါမှာ အများကြီးနစ်နာမှုတွေဖြစ်ရပါတယ်။ ခုလို ဈေးနှုန်းလည်းကောင်းမယ်၊ ရောင်းချတဲ့အခါမှာ အခက်အခဲတွေ မရှိဘူးဆိုရင် တောင်သူတွေပြန်စိုက်ကြမှာပါ" ဟု ဆင်ငွေကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

"စက်ရုံတွေက တစ်တန်ကို ငွေကျပ် ၄၀၀၀၀ နဲ့ စက်ရုံအရောက်ဈေးနဲ့ဝယ်မယ်။ နောက်မှ ဈေးနှုန်းမြှင့်ပေးဦးမယ်လို့လည်း သိရလို့ တောင်သူတွေအတွက် အများကြီး အဆင်ပြေနိုင်မှာပါ" ဟု စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးဝင်းမြင့်က ပြောသည်။

**ကိုလွင်(ဆွာ)**



# ဒေသအတွင်း ဆေးဖက်ဝင်အပင်များ ကျယ်ပြန့်စွာစိုက်ပျိုးနိုင်ပြီး ဈေးကွက်ရရှိရေး နည်းပညာများပံ့ပိုးပေး

**ဘားအံ စက်တင်ဘာ ၅**

ဘားအံမြို့နယ်အတွင်း ဒေသခံတောင်သူလယ်သမားများ လယ်ယာကဏ္ဍဖွံ့ဖြိုးစေရေးနှင့် ဆေးဖက်ဝင် သီးနှံပင်များ စနစ်တကျနှင့် အသုံးဝင်အောင်ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ရေး တန်ဖိုးရှိသီးနှံပင်များ ဈေးကွက်ဝင်စေရေး နည်းပညာများပံ့ပိုးပေးရန်အတွက် ဂျပန်နိုင်ငံနည်းပညာရှင်များနှင့် ဘားအံခရိုင်စိုက်ပျိုးရေးဦးစီးဌာနတို့သည် စက်တင်ဘာ ၅ ရက်က နောင်လုံအနောက်ကျေးရွာသို့ သွားရောက်လေ့လာခဲ့ကြသည်။

ပရဆေးအဖြစ် အသုံးပြုနိုင်သော ငရုတ်ကောင်း၊ နနွင်း၊ ဆင်တုံးမနွယ်စသည့် အပင်များစနစ်တကျ စိုက်နိုင်စေရန် ကျေးရွာနေတောင်သူ ၂၀ အား ဂျပန်နိုင်ငံ Makino Garden မှ Professor Dr.Kazumi Fujikawa ဦးဆောင်သောအဖွဲ့၊ ဘားအံခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးမေ၊ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဦးတို့တွေ့ဆုံကာ နည်းပညာများပေးကြသည်။ ဒေသခံများအနေဖြင့်လည်း ဈေးကွက်ရရှိရေးလိုလားလျက်ရှိရာ ကျယ်ပြန့်စွာစိုက်ပျိုးနိုင်ပါက ဈေးကွက်ဝင်ရေးကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စိုက်ပျိုးထားသော ငရုတ်ကောင်းစိုက်ပျိုးထားမှုနှင့် ကျေးရွာအတွင်းစိုက်ပျိုးထားသော မျောက်ဉ၊ ဒူးရင်း၊ မင်းကွတ်၊ ကျွဲကော၊ သံပရာ၊ နာနတ်စိုက်ပျိုးထားမှုအခြေအနေများကိုလေ့လာပြီး နည်းပညာပေးခြင်းများကို နှစ်ရက်တိုင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဂျီ-၂၀ အစည်းအဝေးတွင် အခွန်နှင့် အကျင့်ပျက်ခြစားမှုများအကြောင်းဆွေးနွေး

**ပေကျင်း စက်တင်ဘာ ၅**

ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များသည် အကျင့်ပျက်ခြစားခြင်းနှင့် အခွန်ကောက်ခံမှု မျှတရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဂျီ-၂၀ အစည်းအဝေးကို တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးပွဲတွင် ပါဝင်ဘက်နိုင်ငံ့ခေါင်းဆောင်များက ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အစောပိုင်း ပနားမားစာရွက်စာတမ်းကျိုးပေါက်မှုသည် ကမ္ဘာ့အခွန်ရှောင်မှုများကို မီးမောင်းထိုးပြလိုက်သကဲ့သို့ဖြစ်၍ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ထိုကဲ့သို့ကိစ္စရပ်များကို ကာကွယ်ရန်အတွက် အပြည်ပြည်ဆိုင်ရာအခွန်ကောက်ခံမှု မူဘောင်တစ်ရပ် တည်ထောင်ရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အာဘေးက အကျင့်ပျက်ခြစားမှုတိုက်ဖျက်သော နိုင်ငံများကိုကူညီပေးရန် မျှော်လင့်ထားကြောင်း၊ အစိုးရအရာရှိများ အကျင့်ပျက်ခြစားခြင်းသည် အကြမ်းဖက်မှုများနှင့်ပြစ်မှုများကို တွန်းအားပေးသကဲ့သို့ဖြစ်စေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးဖြစ်စေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဂျီ-၂၀ ခေါင်းဆောင်များသည် အစည်းအဝေးနေ့လယ်ပိုင်းတွင် အကြမ်းဖက်မှုများနှင့် ဒုက္ခသည်ဆိုင်ရာကိစ္စရပ်များအပြင် တရုတ်နိုင်ငံ၏ စတီးပိုမိုထုတ်လုပ်မှုများကို ဆွေးနွေးခဲ့ကြသည်။

ဂျီ-၂၀ အစည်းအဝေးကို တနင်္လာနေ့ညနေပိုင်းတွင် ပူးတွဲကြေညာချက်ထုတ်ပြန်ပြီး ရုပ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**




# ဆီးရီးယားအပစ်ရပ်စဲရေးဆွေးနွေးမှု အမေရိကန်နှင့်ရုရှား သဘောတူညီချက်မရသေး

**မော်စကို စက်တင်ဘာ ၅**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်တို့သည် ဆီးရီးယားတွင် အပစ်အခတ်ရပ်စဲရေးဆွေးနွေးကြရာ သဘောတူညီမှုမရရှိဘဲ ကွဲပြားမှုများ ဆက်လက်ဖြစ်ပေါ်နေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကယ်ရီနှင့်လက်ဗ်ရော့ဗ်တို့သည် ဂျီ-၂၀ အစည်းအဝေးတွင် သီးခြားဆွေးနွေးမှုအဖြစ် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြမည်ဖြစ်သော်လည်း ၎င်းတို့ဆွေးနွေးမှုများ၏ အသေးစိတ်အချက်အလက်များကို ချက်ချင်းမသိနိုင်သေးကြောင်း သိရသည်။




ခေါင်းဆောင်နှစ်ဦးကြား ယခုဆွေးနွေးသည့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှု ဒုတိယအကြိမ်တွင် သဘောတူညီမှုမရရှိခြင်းဖြစ်သည်။ ယခင်က နှစ်နိုင်ငံခေါင်းဆောင်များ ဂျီနီဗာတွင် ဩဂုတ် ၂၆ ရက်က ဆွေးနွေးခဲ့သည်။

ဖေဖော်ဝါရီလက ပြုလုပ်ခဲ့သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်တို့ ဦးဆောင်ဆွေးနွေးသောအပစ်ရပ်စဲရေး သဘောတူညီချက်တွင် အမေရိကန်က ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆက် အစိုးရအားသဘောတူစာချုပ်ကို ချိုးဖောက်သည်ဆိုကာ စွပ်စွဲခဲ့သည်။

နောက်တစ်ကြိမ် ဆီးရီးယားအပစ်ရပ်စဲရေးဆွေးနွေးမှုကို စက်တင်ဘာ ၁၈ ရက်တွင် နယူးယောက်၌ကျင်းပမည့် ကုလသမဂ္ဂအစည်းအဝေးတွင် သီးခြားဆွေးနွေးဦးမည်ဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

# တိုင်ဖွန်းမုန်တိုင်းနန်သီယမ် နာဂါဆာကီသို့ ဝင်ရောက်<br>အပူပိုင်းမုန်တိုင်းအဖြစ်အားပျော့ကာ မြောက်ဘက်သို့ ဆက်လက်ရွေ့လျား

**တိုကျို စက်တင်ဘာ ၅**

တနင်္လာနေ့အစောပိုင်းက ဂျပန်နိုင်ငံ နာကာဆာကီစီရင်စုကို ဝင်ရောက်တိုက်ခတ်ပြီးနောက် တိုင်ဖွန်းမုန်တိုင်း နန်သီယမ်သည် အားပျော့ကာ အပူပိုင်းမုန်တိုင်းအဖြစ် ပြောင်းလဲသွားကာ ဂျပန်ပင်လယ်မြောက်ဘက်သို့ ရွေ့လျားသွားကြောင်း ဂျပန်မိုးလေဝသနှင့်ဇလဗေဒ ဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဂျပန်ပင်လယ်မြောက်ဘက်သို့ မရွေ့လျားမီ ယင်းမုန်တိုင်းသည် ကျူရှူကျွန်းမြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ မုန်တိုင်း၏အရှိန်ကြောင့် မိုးများသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒဌာနက ဆက်လက်ပြောကြားခဲ့သည်။

တနင်္လာနေ့အစောပိုင်းက ကျူရှူသို့မုန်တိုင်း ဝင်ရောက်ခဲ့သော်လည်း ယခုအခါတွင် အားပျော့သွားပြီဖြစ်သည်။ မုန်တိုင်းကြောင့် ကူမာမိုတိုစီရင်စုတွင် မြေပြိုမှုများဖြစ်ပွားနိုင်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ဆက်လက်သတိပေးမှုများ ထုတ်ပြန်ထားသည်။

**(အင်န်အိတ်ချ်ကေ)**

# တရုတ်တွင် ဂျီ-၂၀ ခေါင်းဆောင်များတွေ့ဆုံစဉ် မြောက်ကိုရီးယားဒုံးကျည်သုံးစင်း ထပ်မံပစ်လွှတ်စမ်းသပ်

**ဆိုးလ် စက်တင်ဘာ ၅**

တရုတ်နိုင်ငံတွင် ဂျီ-၂၀အစည်းအဝေးကျင်းပနေစဉ်အတွင်း မြောက်ကိုရီးယားသည် ၎င်း၏အရှေ့ဘက်ကမ်းလွန်ပင်လယ်ပြင်သို့ တနင်္လာနေ့က ဒုံးကျည်သုံးစင်းပစ်လွှတ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယင်းဒုံးကျည်များကို ပြုံယမ်းတောင်ဘက်ဒေသမှ ဒေသစံတော်ချိန် ၃ နာရီတွင် ပစ်လွှတ်လိုက်ခြင်းဖြစ်ပြီး ယင်းဒုံးကျည်များသည် ၁၀၀၀ ကီလိုမီတာ (၆၀၀ မိုင်) အထိ ပျံသန်းခဲ့ကာ ဂျပန်လေကြောင်းကာကွယ်ရေးဇုန်ထဲသို့ ကျသွားခဲ့သည်။



အဆိုပါပစ်ခတ်မှုနှင့်ပတ်သက်၍ အသေးစိတ်အချက်များကို လေ့လာနေကြောင်း၊ ဂျပန်နိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်မှုများရှိနိုင်၍ စိုးရိမ်ပူပန်မှုများရှိနေကြောင်း၊ ဂျပန်ကာကွယ်ရေးဝန်ကြီးက ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို ချိုးဖောက်ပြီး မြောက်ကိုရီးယားအနေဖြင့် ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခြင်းများကို ပြုလုပ်နေခဲ့ရာ ယခုအကြိမ်ပစ်လွှတ်ခြင်းသည် နောက်ဆုံးပစ်လွှတ်စမ်းသပ်ခြင်းဟုတ်မဟုတ်ဆိုသည်ကို မသိရသေးချေ။ **(ရိုက်တာ)**

# ကနေဒါအရှေ့ဘက်တွင် ရဟတ်ယာဉ်ပျက်ကျ

**အော့တဝါ စက်တင်ဘာ ၅**

ကနေဒါအရှေ့ဘက် နယူးဘရန်ဝစ်ခ်ပြည်နယ် ကမ့်ပ်ဘယ်တန်ဒေသတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း ကနေဒါရုပ်သံကထုတ်လွှင့်ခဲ့သည့် သတင်းတစ်ခုကို ဆင်ဟွာသတင်းဌာန၌ စက်တင်ဘာ ၅ ရက်ကဖော်ပြသည်။

လူသုံးဦးလိုက်ပါလာသည့် ရဟတ်ယာဉ်ပေါ်မှာ မဟာဓာတ်အားလိုင်းကြိုးများနှင့် တိုက်မိမှုဖြစ်ပွားခဲ့ကာ ပင်လယ်ထဲသို့ ကျသွားခဲ့ကြောင်း သိရသည်။

မဟာဓာတ်အားလိုင်းကြိုးများကို တိုက်မိသည့် ရဟတ်ယာဉ်ကြောင့် အိမ်ခြေ ၁၄၀၀၀ ကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဖိလစ်ပိုင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်လုပ်ဆောင်

**မနီလာ စက်တင်ဘာ ၅**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတက်တေး တာဝန်ထမ်းဆောင်ပြီး နှစ်လအကြာ မူးယစ်စစ်ဆင်မှုများကို အရှိန်မြှင်တင်လုပ်ဆောင်နေကြောင်း ဖိလစ်ပိုင်ရဲအဖွဲ့က ပြောခဲ့သည်။

မူးယစ်ဆက်နွှယ်ပြစ်မှုများ စုံစမ်းဖော်ထုတ်မှုအတွင်းသံသယရှိသူများကို သတ်ဖြတ်မှုများ မပြုလုပ်ချင်ကြောင်း သမ္မတက ဖော်ပြခဲ့သည်။

ခြောက်လအတွင်း ဖိလစ်ပိုင်နိုင်ငံ၌ မူးယစ်ဆေးဝါး လုံးဝအပြီးသတ်တိုက်ဖျက်ရန်အတွက် သမ္မတအနေဖြင့် ကတိပြုထားသည်။ ထို့ကြောင့် မူးယစ်ကုန်သည်များအပါအဝင် မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ခိုက်မှုများကိုအရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

မူးယစ်ဆေးမှုဖြင့် အနည်းဆုံးလူပေါင်း ၁၅၀၀၀ ကို ဖမ်းဆီးခဲ့သည်။ မူးယစ်ဆက်နွှယ်ပြစ်မှုများဖြင့် လူပေါင်း ၇၀၀၀၀၀ ခန့် အဖမ်းခံခဲ့ကြသည်။ သို့သော်လည်း ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးအဖွဲ့များက ဖိလစ်ပိုင်အစိုးရကို ဝေဖန်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# သာယာဝတီ ဗဟိုအကျဉ်းထောင်၌ အချုပ်ခံရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ ဥပဒေပါအခွင့်အရေးများရရှိရန်နှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး

**ပဲခူး စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမောင်မောင်အေးသည် သာယာဝတီခရိုင် တရားသူကြီး ဦးကျော်စွာငြိမ်း၊ မြို့နယ်တရားသူကြီး ဦးဇော်မင်းထွဋ်တို့နှင့်အတူ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက သာယာဝတီ ဗဟိုအကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့သည်။

ထောင်တာဝန်ခံအရာရှိရုံးခန်း၌ ထောင်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းခိုင်က ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများ၊ အမှုစစ်ဆေးဆဲ အချုပ်ခံရသူများ၏ အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နေရာထိုင်ခင်းနှင့် စားသောက်မှု၊ ရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့် အဖွဲ့သည် အချုပ်ခံရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏အဆောင်များ၊ စားဖိုဆောင်၊ သောက်သုံးရေကန်တို့ကို လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသနိုင်ရန် အခွင့်အရေး ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု၊ မတရားပြုမှု ရှိ မရှိ၊ ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်မှု ရှိ မရှိတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန့်စင်**



# လူကုန်ကူးမှုတိုက်ဖျက်ရေးအထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်

**တောင်ငူ စက်တင်ဘာ ၅**

တောင်ငူမြို့ ခပေါင်းခန်းမ၌ စက်တင်ဘာ ၁၃ ရက်တွင်ကျရောက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး တောင်ငူပညာရေးကောလိပ်၊ စီမံရေးရာဌာနမှူး ဦးမြင့်သူက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲသို့ ခရိုင်အတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၉ ဦး ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသူများအား ဆုချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



တပ်ကုန်းမြို့နယ်အတွင်းရှိရေဘေးသင့် လက်ပံအိုင့်နှင့် သံပုရာကုန်းကျေးရွာ များမှ ကျောင်းသား ကျောင်းသူများအတွက် MRTV နှင့် သတင်းစာတိုက် ဝန်ထမ်းများ၊ စေတနာရှင်များ စုဖွဲ့ပါဝင်သည့် ပညာမီးအိမ် ပညာဒါနအဖွဲ့က ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ မိုးကာလိပ်နှင့် ဆန်တို့ကို စက်တင်ဘာ ၄ ရက်က သွားရောက်လှူဒါန်းစဉ်

ကိုကိုနေ




# ရေဘေးသင့်အိမ်ထောင်စုများသို့ ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ညောင်တုန်း စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိရေဘေးသင့်ပြည်သူများအတွက် မအူပင်တက္ကသိုလ် မှ ဩဂုတ် ၁၃ ရက်က ဒေါက်တာ သီတာကျော် (ဒဿနိကဗေဒဌာန)၊ ဒေါက်တာနေမျိုး (ရူပဗေဒဌာန)၊ ဦးအောင်ကိုဝင်း (သင်္ချာဌာန)တို့ ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဘုရားကုန်းကျေးရွာ ထိပ်ဝကြီးကျေးရွာအုပ်စုအတွက် စုစုပေါင်း ငွေကျပ် ၅၅၂၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို လည်းကောင်း၊ ဩဂုတ် ၂၀ ရက်၌ ကျောင်းသား ကျောင်းသူများစုပေါင်း၍ ဘောလုံးကျေးရွာ ပေစိကျွန်းကျေးရွာအုပ်စုနှင့် ဥယျာဉ်ပိုင်းကျေးရွာ၊ ကျုံတမာကျေးရွာအုပ်စုအတွက် စုစုပေါင်း ငွေကျပ် ၅၅၁၂၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ စက်တင်ဘာ ၂ ရက်တွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီနီဦး ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဂန်ချောင်း ကျေးရွာနှင့် ထုံးဝကျေးရွာ၌ အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့် အိမ်ထောင်စု ၁၀၁ စုအတွက် ငွေကျပ် ၁၅၁၅၀၀၀ နှင့် ဓမ္မိကာရာမ ရွှေကျင်ကျောင်းတိုက်၌ ယာယီဖွင့်လှစ်ထားသော အလယ်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်အတွက် ကျောင်းသုံးစာရေးကိရိယာပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့ကြသည်။ **တင်စိုး(မြန်မာ့အလင်း)**



# လေပြင်းတိုက်မှုကြောင့်ပျက်စီးခဲ့သည် မူလွန်ကျောင်းသို့ ထောက်ပံ့ပစ္စည်းများလှူ

**ကျိုင်းတုံ စက်တင်ဘာ ၅**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုင်းလန်အုပ်စု ကော်ဟွေပုံကျေးရွာရှိ မူလွန်ကျောင်း၌ ဩဂုတ် ၁၉ ရက် ညနေပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သူငယ်တန်းအဆောင်အမိုးများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကော်ဟွေပုံကျေးရွာ မူလွန်ကျောင်းသို့ ကျိုင်းတုံ အောင်ဆန်းကရုဏာလူမှုကူညီရေးအဖွဲ့က ကျောင်းအတွက်လိုအပ်သည့် ခုနစ်ပေသွပ် ၁၂ ချပ်၊ ငါးပေသွပ် ၁၂ ချပ်၊ ဗလာစာအုပ် ၇၂၀ တို့ကို စက်တင်ဘာ ၅ ရက်က သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရေလွှမ်းမိုး၍ ပျက်စီးသည့် မိုးစပါးများအတွက် မျိုးစေ့များထောက်ပံ့

**ကျိုင်းတုံ စက်တင်ဘာ ၅**

ကျိုင်းတုံမြို့နယ် နမ့်ခတ်နှင့် ဝပ်ဆောင်ကျေးရွာအုပ်စုတို့တွင် ရေကြီးရေလျှံဖြစ်၍ မိုးစပါးစိုက်ကေများပျက်စီးခဲ့ရာ အစားထိုးစိုက်ပျိုးရန် မျိုးစပါးများ ထောက်ပံ့ပွဲကို ယနေ့ နံနက်ပိုင်းက ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်း၍ နမ်းဟီချောင်းနှင့် နမ့်သိမ်ချောင်းအတွင်း တောင်ကျရေများစီးဝင်ပြီး ရေကြီးရေလျှံဖြစ်ကာ နမ့်ခတ်ကျေးရွာအုပ်စုမှ တောင်သူ ၅၆ ဦး၏ မိုးစပါး ၃၇ ဒသမ ၂၅ ဧက ဝပ်ဆောင်ကျေးရွာအုပ်စုမှ တောင်သူခြောက်ဦး၏ မိုးစပါး ၅ ဒသမ ၅၄ ဧက ပျက်စီးခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၈-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၂၀ ပါ ချင်းပြည်နယ်က ပြန်ခဲ့တယ် ဆောင်းပါး၏ ကော်လံ ၁ စာပိုဒ် ၄ ၌ **ရခိုင်ပြည်နယ် ပလက်ဝမြို့** စာသားအစား **ချင်းပြည်နယ် ပလက်ဝမြို့**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာရေးသူ**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

# ဖာပွန်ဒေသခံတိုင်းရင်းသားများအား နယ်လှည့်ဆေးဝါးကုသပေး

**ဖာပွန် စက်တင်ဘာ ၅**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား နယ်လှည့် ဆေးကုသပေးခြင်းကို ဒေသခံတပ်မတော်ဆေးကုသရေးအဖွဲ့မှ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက စတင်ကာ ဖာပွန်မြို့ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု ကုသပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဒေသခံပြည်သူ ၂၅ ဦး၏ အထွေထွေရောဂါများအား အခမဲ့ဆေးကုသပေးခဲ့ပြီး အမှတ်(၁)ရပ်ကွက်နေ ပြည်သူများဖတ်ရှုနိုင်ရန်အတွက် မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းစာအုပ်များနှင့်အတူ ကြက်ဥအလုံး ၁၀၀ ကို ပေးဝေခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ဖာပွန်(ပြန်/ဆက်)**



# မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဩဂုတ် ၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ **(မိုး/ဇလ)**

# အလုပ်အကိုင်အခွင့်အလမ်းသေချာသည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**မကွေး စက်တင်ဘာ ၅**

မကွေးမြို့မှ ခုနစ်မိုင်ခန့်အကွာ မကွေး-တောင်တွင်းတိုးဂိတ်အနီးမှ တောင် ဘက် မယ်လုတောင်ရွာအဝင်လမ်းအတိုင်း သုံးမိုင်ခန့်၌ အမှတ်(၅)စက်မှုသင်တန်းကျောင်းရှိပြီး တက္ကသိုလ်ဝင်တန်းမအောင်သဖြင့် စိတ်ပျက်အားငယ်နေသူ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း သေချာစွာ ဘဝကို ထူထောင်နိုင်ခွင့်ရှိသည့် တစ်နှစ်ဒီပလိုမာသင်တန်းအား နှစ်စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



စက်မှုသင်တန်းကျောင်းတွင် ကားပြင်ထိန်းသိမ်းခြင်း ဘာသာရပ် (Automobile Maintenance Course ) နှင့် စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်လျက်ရှိသော ကွန်ပျူတာအသုံးပြုဒီဇိုင်းရေးဆွဲခြင်း ဘာသာရပ် (CAD/ CAM Course) ဟူ၍ ဘာသာရပ်နှစ်ခုကို သင်တန်းအပတ်စဉ်(၅)အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီးဖြစ်ကာ သင်တန်းသူ သင်တန်းသား ၇၄၀ ကို အတတ်ပညာရှင်များအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ လူမှုပတ်ဝန်းကျင်တစ်ခုလုံးက ဘွဲ့ရမှဆိုတဲ့အတွေးအခေါ်တွေရှိပြီးတော့ တက္ကသိုလ်ဝင်တန်း မအောင်ရင် လူက လူစဉ်ပဲမမီတော့သလို၊ လူတောတိုးလို့မရသလို ကလေးတွေ ဆက်ဆံခံနေရတယ်။ ဘွဲ့ရတာကတော့ ကောင်းပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးပြီးသားနိုင်ငံဖြစ်တဲ့ ဂျာမနီနိုင်ငံဆိုရင် ဘွဲ့ဘက်ကိုသွားတဲ့ ကျောင်းသားဦးရေ ၂၀ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ အသက်မွေးဝမ်းကျောင်းဘာသာရပ်ကို ပိုပြီးဦးစားပေးကြတာပါ။ တခြားကိုယ်ဝါသနာပါတဲ့ လုပ်ငန်းတွေကို ကျွမ်းကျင်အောင် လုပ်ရင် ဒါဟာလည်း ပညာရှင်ဖြစ်ဖို့၊ အောင်မြင်ဖို့ သေချာတဲ့ကိစ္စပါပဲ" ဟု အမှတ်(၅) စက်မှုသင်တန်းကျောင်း အုပ်ကြီး ဦးသန့်ဇင်က ပြောသည်။

အဆိုပါကျောင်း၌ အခြေခံပညာအထက်တန်းအောင်သည် ရှုံးသည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းဖြေဖူးသူ အသက် ၁၇နှစ်မှ ၂၅ နှစ်ကြားရှိ ကျောင်းသူကျောင်းသားများကို လက်ခံကာ တစ်ပတ်စဉ်လျှင် သင်တန်းသူ သင်တန်းသား ၁၅၀ သင်ကြားပို့ချပေးကြောင်း၊ နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းများကို အသုံးပြု၍ လက်တွေ့ ၇၀ ရာခိုင်နှုန်း၊ စာတွေ့ ၃၀ ရာခိုင်နှုန်းဖြင့် သင်တန်းပို့ချမှုများကြောင့် ကျောင်းဆင်းသွားသော ကျောင်းသား ကျောင်းသူ ၉၀ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံတွင်းသာမက ဂျပန်၊ မလေးရှားစသော နိုင်ငံများတွင်လည်း လစာကောင်းကောင်းဖြင့် အလုပ်လုပ်ကိုင်နေကြကြောင်း ကျောင်းသားရေးရာဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ခင်ထံမှ သိရသည်။

စက်မှုသင်တန်းကျောင်းမှ တက်ရောက်မည့် ကျောင်းသားများအနေဖြင့် ပထမကျောင်းစတက်သော လတွင် ယူနီဖောင်းစရိတ်ကုန်စရာရှိပြီး တစ်လလျှင် သုံးနပ်စာစားရိတ်ငွေကျပ် ၂၅၀၀၀ သာပေးဆောင်၍ အဆောင်စရိတ်၊ ရေ၊ မီးပူစရာမလိုဘဲ နိုင်ငံတော်မှထောက်ပံ့မှုများ ပြုလုပ်ပေးထားကြောင်း၊ သင်တန်းဆရာများအဖြစ် စက်ရုံအလုပ်ရုံများတွင် အတွေ့အကြုံရှိပြီးသူများ၊ BE / GTI ဘွဲ့ရသူများထဲမှ သင်ကြားချင်စိတ်ရှိသူများကို ကိုရီးယားသို့ စေလွှတ်ပညာသင်စေခြင်း ဆောင်ရွက်ပြီး ကိုရီးယားနိုင်ငံဆရာများမှ လာရောက်သင်ကြားပို့ချထားသော အတတ်ပညာရှင်များအားလည်း ကျောင်းသားကျောင်းသူများကို ပြန်လည်သင်တန်းပို့ချရန်တာဝန်ပေးထားကြောင်း သိရသည်။

"ဒီသင်တန်းကျောင်းက ပို့ချတဲ့ ဘာသာရပ်တွေကို စိတ်ဝင်စားပါတယ်။ စက်ပြင်တာလည်း ဝါသနာပါတယ်။ ဒီသင်တန်းကဆင်းရင် အပြင်ကစက်ရုံအလုပ်ရုံတွေမှာ ဝင်ရောက်လုပ်ကိုင်ရင်း ပညာတွေသင်ဦးမှာပါ။ ပြီးမှ ကိုယ်ပိုင်စက်ရုံတည်ထောင်ဖို့အထိ ရည်မှန်းထားပါတယ်"ဟု ပုဂံညောင်ဦးမြို့မှ လာရောက် ပညာသင်ကြားနေသော ကျောင်းသားတစ်ဦးက သူ၏ရည်မှန်းချက်ကို ပြောသည်။

မြန်မာနိုင်ငံ၌ စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုသင်တန်းကျောင်း (၆) ကျောင်းရှိပြီး အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)ကို ကိုရီးယား၊ မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးအတွက် ကိုရီးယားဘက်မှ ဒေါ်လာသန်း ၃၀၀ နှင့် နည်းပညာ၊ စက်ပစ္စည်းများထောက်ပံ့ခဲ့ကာ မြန်မာနိုင်ငံစက်မှုဝန်ကြီးဌာနမှ အဆောက်အအုံ မြေပြုပြင်ခြင်းနှင့် ရေ၊ မီး၊ လျှပ်စစ်တို့အတွက် ကျပ်သန်းပေါင်း ၆၀၀၀ အကုန်အကျခံ၍ ၂၀၁၀ ပြည့်နှစ်တွင် အုတ်မြစ်ချတည်ထောင်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံမှလွှဲပြောင်းယူခဲ့ပြီး သြဂုတ်လ၌ သင်တန်းသား သင်တန်းသူများကို စတင်လက်ခံသင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## မုံရွာအကျဉ်းထောင်တွင် စာမတတ်သူပပျောက်ရေး "အ" သုံးလုံးသင်တန်းဖွင့်

**မုံရွာ စက်တင်ဘာ ၅**

စာမတတ်သူများ ပပျောက်စေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင် အမျိုးသားအကျဉ်းဆောင်တွင် အ သုံးလုံးသင်တန်း (၂/၂၀၁၆) ကို စက်တင်ဘာ ၅ ရက်မှ စတင်ပြီး ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာနှင့် စာပေပညာများကို အကျဉ်းသား၊ အကျဉ်းသူများအား သင်ကြားပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အမျိုးသား အကျဉ်းဆောင်မှာ အ သုံးလုံးသင်တန်းကို ယခုလို ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်း၊ အကျဉ်းကျနေသူများထဲမှာ စာမတတ်သူများ၊ ပညာတစ်ပိုင်းတစ်စဖြစ်သူများ၊ အကျဉ်းကျများနှင့်အတူ ပါလာသည့် ကလေးငယ်များကို စာပေပညာများ သင်ကြားပေးရန် လိုအပ်ကြောင်း၊ ထောင်တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးအောင်က ပြောသည်။

အဆိုပါ အ သုံးလုံးသင်တန်းအား အကျဉ်းသားနည်းပြများမှ ရက်သတ္တပတ်ရှစ်ပတ်ကြာ နေ့စဉ်သင်ကြားပေးမည်ဖြစ်ကာ မုံရွာအကျဉ်းထောင် အမျိုးသားဆောင်မှ သင်တန်းသားများ တက်ရောက်သင်ကြားကြမည်ဖြစ်ပြီး မုံရွာအကျဉ်းထောင် တာဝန်ခံမှ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ပုဂံညောင်ဦးရှေးဟောင်းဒေသရှိ မြေငလျင်ဒဏ်သင့် ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် အလှူငွေများလှူဒါန်းနိုင်

၂၄-၈-၂၀၁၆ ရက်နေ့က မကွေးတိုင်းဒေသကြီး ချောက်မြို့အနောက်ဘက် ၁၂ မိုင်ခန့်အကွာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ပုဂံနှင့်ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရား၊ စေတီပုထိုးများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါ ထိခိုက်ပျက်စီးခဲ့သော ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ပြည်တွင်း/ပြည်ပမှ ရဟန်းရှင်လူပြည်သူများအနေဖြင့် အောက်ဖော်ပြပါ အလှူခံဌာနများတွင် အလှူငွေများ လှူဒါန်းနိုင်ပါသည်-

- ဦးမျိုးတင့်အောင်
  ညွှန်ကြားရေးမှူး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲဝန်ကြီးရုံး(ယဉ်ကျေးမှု)
  သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်
  ဖုန်း-၀၆၇-၄၀၈၀၃၁၊ ၀၉-၈၆၁၇၃၄၂
- ဒေါ်ဥမ္မာအောင်
  ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်)
  ၃၂D၊ ၆ ၁/၂ မိုင် ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
  ဖုန်း -၀၁-၅၁၃၈၉၇၊ ၀၉-၇၃၀၃၀၂၃၈/၀၉-၅၀၆၁၈၃၂
- ဦးညိုမြင့်ထွန်း
  ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)
  ၂၈လမ်း ×၇၀ လမ်း ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
  ဖုန်း -၀၂-၆၀၀၅၉၊ ၀၉-၂၀၁၉၀၀၄
- ဦးစိုးတင့်
  ခရိုင်အုပ်ချုပ်ရေးမှူး
  ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့
  ဖုန်း-၀၆၁-၆၀၂၆၁၊ ၆၀၂၆၂၊ ၀၉-၄၄၂၀၀၃၀၁၂

## မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်များကို မမှန်မကန်ပြုလုပ်ရယူခဲ့သဖြင့် ပြည်တွင်းလေဆိပ်မှာပင် တားဆီးအရေးယူခံရမှုများရှိနေ

**မုံရွာ စက်တင်ဘာ ၅**

မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်များကိုမမှန်မကန်ပြုလုပ်ရယူခဲ့သဖြင့် ငွေကြေးများစွာကုန်ကျသည့်အပြင် ပြည်ပသို့မထွက်ခွာမီ မြန်မာနိုင်ငံလေဆိပ်မှာပင် တားဆီးအရေးယူခံရခြင်းများရှိသလို ပြည်ပလေဆိပ်များမှ ပြည်ဝင်ခွင့်မပြုဘဲပြန်လည်နှင်ထုတ်ခံရခြင်း၊ ဝိသမလောဘကြောင့် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားသူများ၏ အသုံးချမှုခံရပြီး ဥပဒေအရအရေးယူအပြစ်ပေးခံရခြင်းများဖြစ်ပွားလျက်ရှိကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ(မုံရွာ)တာဝန်ခံရဲအုပ်မြင့်ဆွေထံမှ သိရသည်။

"ကျေးလက်ဒေသမှာနေပြီး အခြေခံပညာနည်းပါးတဲ့ ဒေသခံအများစုဟာ လူမှောင်ခိုတွေ အလုပ်အကိုင်ပွဲစားတွေ မြန်မာနိုင်ငံကူးလက်မှတ်ပွဲစားတွေနဲ့ ချိတ်ဆက်ကာ ပြည်ပသွားပြီး အလုပ်လုပ်မယ့်အထောက်အထားတွေ နိုင်ငံကူးလက်မှတ်စာအုပ်တွေကို မမှန်မကန်ပြုလုပ်ရယူခဲ့တဲ့အတွက် ငွေကြေးအများကြီးဆုံးရှုံးတာတွေရှိပါတယ်"ဟု ရဲအုပ်မြင့်ဆွေကပြောပြသည်။ တရားမဝင်နည်းဖြင့်ပြည်ပသို့ အလုပ်လုပ်ကိုင်ရန် သွားရောက်သူတို့အနက် မလေးရှားနှင့်စင်ကာပူတို့သွားရောက်သူ အများစုမှာ သက်ဆိုင်ရာနိုင်ငံများ၏ လေဆိပ်များသို့ရောက်ရှိ၍ လူဝင်မှုကြီးကြပ်ရေး ကောင်တာ၌ စစ်ဆေးခံစဉ်ပြန်လည်စေလွှတ်ခံရလျက်ရှိရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၂၆ရက်အထိ မလေးရှားမှ အမျိုးသား ၃၃၆ ဦး၊ အမျိုးသမီး ၁၀၇ ဦး စုစုပေါင်း ၄၄၃ ဦး ပြန်လည်စေလွှတ်ခံရပြီး စင်ကာပူနိုင်ငံမှ ပြန်လည်စေလွှတ်ခံရသူ အမျိုးသား၁၇ ဦး၊ အမျိုးသမီး ၃၀ စုစုပေါင်း ၄၇ ဦးရှိကြောင်း မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံးခွဲ(မုံရွာ)၏ အများသိစေရန် ကြော်ငြာထားမှုမှ သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

| Basic Spoken English | |
|---|---|
| Sat & Sun-3:45-6:45 pm | 3 Sep |
| Mon to Thurs-3:00-5:00pm | 5 Sep |
| Mon to Thurs-5:30-7:00pm | 5,26 Sep |
| Sat & Sun-12:30-3:30 pm | 10 Sep |
| Mon to Thurs-10:00-12:00am | 12 Sep |
| Mon to Thurs-1:00-3:00pm | 12,26 Sep |
| Mon to Thurs-7:30-9:30am | 19,26 Sep |
| **Grammar Foundation Course** | |
| Mon to Thurs-3:30-5:00pm | 5 Sep |
| Mon to Thurs-10:00-12:00am | 19 Sep |

| Pre-Intermediate English | |
|---|---|
| Mon to Thurs-5:30-7:00pm | 19 Sep |
| **Structure & Written Expression** | |
| Mon to Thurs-1:00-3:00pm | 5 Sep |
| Sat & Sun - 12:30 - 3:30pm | 10 Sep |
| Mon to Thurs-5:30-7:00pm | 19 Sep |
| **Basic Writing Course** | |
| Mon to Thurs-10:00-12:00am | 12 Sep |
| **TOEFL Paper - based Test Preparation Course** | |
| Mon to Thurs-3:30-5:00pm | 5 Sep |

NEW SAT,IELTS,API,AWC,IE,VEC
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/7550 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း**

ကျွန်တော်၏ ဇနီး ဒေါ်နိုင်နိုင်လင်းမာ ၇/ပတတ(နိုင်)၀၇၆၅၉၅သည် ကျွန်တော်နယ်တွင် (စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်) တာဝန်ထမ်းဆောင်နေစဉ် ငါးထပ်ကြီးတောင်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် ၃၁၀မှ အတွင်းပစ္စည်းများယူဆောင်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ကျွန်တော်၏ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် လာရောက်မပတ်သက်ပါရန် အသိပေး ကြေညာအပ်ပါသည်။
**ဦးစိန်မောင်မြင့်**
**၈/စလန(နိုင်)၁၀၆၆၁၄**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အဆောက်အအုံဦးစီးဌာန**
**တည်ဆောက်ရေးအဖွဲ့ (၂)**
**အဆောက်အအုံအထူးအဖွဲ့ (၆)**
**(တင်ဒါအမှတ်-၂)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ အဆောက်အအုံအထူးအဖွဲ့(၆)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရန်ပုံငွေနှင့် မန္တလေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်ရမည့် မန္တလေးတိုင်းဒေသကြီး (မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်)၊ စစ်ကိုင်းတိုင်းဒေသကြီး (စစ်ကိုင်း၊ မုံရွာ၊ ကသာ၊ ရွှေဘို/ဆင်အင်း)နှင့် ရှမ်းပြည်နယ် (တောင်ကြီး၊ မူဆယ်၊ ကျောက်မဲ)အတွင်းရှိ လုပ်ငန်းများအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်အချိန်** - ၂၀-၉-၂၀၁၆ ရက် မွန်းတည့် ၁၂:၀၀ နာရီ
၂။ **တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန်** - ၂၀-၉-၂၀၁၆ ရက် မွန်းလွဲ ၁:၃၀ နာရီ
၃။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အဆောက်အအုံအထူးအဖွဲ့ (၆)၊ မန္တလေးမြို့
၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အဆောက်အအုံအထူးအဖွဲ့(၆)၊ မန္တလေးမြို့တွင် ၆-၉-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၂-၇၆၁၃၆၄၊ ၀၂-၇၆၀၀၁ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖခင် အမည်မှန်**
ပုဏ္ဏားကျွန်းမြို့နယ်၊ သာစည်ကျေးရွာနေ မောင်နေထွန်းလင်း၏ ဖခင်အမည်မှန်မှာ ဦးဖြူသီး(ခ)ဦးဘရွှေ ၁၁/ပဏတ(နိုင်)၀၀၈၄၉၈ ဖြစ်ပါကြောင်း။ **ဦးဖြူသီး(ခ)ဦးဘရွှေ**

**အမည် ပြောင်း**
ဦးသန်းနိုင် ၁၁/သတန(နိုင်)၀၆၂၉၃၆၏သမီး သံတွဲမြို့၊ အထက(ခွဲ)မြို့မ တတိယတန်းမှ မအိငွေစင်အား မချမ်းဟေမန်ခင်ဟု ပြောင်းလဲခေါ်ပါရန်။ **မချမ်းဟေမန်ခင်**

**မိခင်အမည်မှန်**
ကျွဲပွဲမြို့၊ အထက အဌမတန်း(A)မှ မမြတ်ဟေမာန်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးသန်း ၇/အတန(နိုင်)၀၁၈၃၈၈ ဖြစ်ပါသည်။ **ဒေါ်အေးအေးသန်း**

**မိခင်အမည်မှန်**
အုတ်ဖိုမြို့နယ်၊ အထက အေးမြသာယာ၊ နဝမတန်း(A)မှ မသဲစုလှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ယဉ်ထွေး ၇/အဖန(နိုင်)၀၄၆၄၄၉ ဖြစ်ပါသည်။ **ဒေါ်ယဉ်ထွေး**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်ပုံနှိပ်စက်ရုံမှ အသုံးပြုရန် မသင့်လျော်သည့် စက်ဟောင်းစက်ပျက် (၂)လုံးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။
၂။ အသုံးပြုရန် မသင့်လျော်သည့် စက်ဟောင်းစက်ပျက် အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂-၉-၂၀၁၆ရက်မှ ၁၂-၉-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉:၃၀နာရီမှ ညနေ ၄:၁၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၁၂-၉-၂၀၁၆ ရက် ညနေ ၄ နာရီဖြစ်ပါသည်။
၃။ သတ်မှတ်အချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

# ပိုက်ကျော်ခြင်းနည်းပြသင်တန်း Level-1 ဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာ့အားကစားအဆင့်အတန်း မြင့်မားစေရန်အတွက် အားကစားနည်းဆိုင်ရာ နည်းပြသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပိုက်ကျော်ခြင်းအားကစား နည်းပြသင်တန်း Level-1 ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်အား သင်တန်းသား သင်တန်းသူများက တစ်ဦးချင်းနှုတ်ဆက်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားသည်။ ယင်းနောက် ထိုင်းနိုင်ငံမှ နည်းပြဆရာက သင်တန်းနှင့်ပတ်သက်သော အချက်အလက်များကို ဆွေးနွေးတင်ပြသည်။

ယခုဖွင့်လှစ်သည့် ပိုက်ကျော်ခြင်းအားကစားနည်းပြသင်တန်း Level-1 ကို သင်တန်းသား ၃၃ ဦး၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၄၃ ဦးတို့ တက်ရောက်သင်ကြားပြီး စက်တင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ထိုင်းလက်ရည်စစ်ပြိုင်ပွဲတွင် မြန်မာမှ ရဲထက်အောင် Tournament Player အဖြစ်အသိအမှတ်ပြု

**ရန်ကုန် စက်တင်ဘာ ၅**

Professional Golf Association of Thailand က ကြီးမှူးပြီး ထိုင်းနိုင်ငံ Watermill Golf & Gardens တွင် ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပသော လက်ရည်စစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားသမား ရဲထက်အောင် ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်ခဲ့ပြီး Tournament Player (TP) အဖြစ် အသိအမှတ်ပြု လက်မှတ်ရရှိခဲ့သည်။

အဆိုပါ လက်ရည်စစ်ပြိုင်ပွဲသည် ဂေါက်သီးအားကစားဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လိုက်နာရမည့်ကျင့်ဝတ်များကို ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ ဖြေဆိုခဲ့ရပြီး ဂေါက်သီးအားကစားဆိုင်ရာ ကျွမ်းကျင်မှုအတွက် ပြိုင်ပွဲလေးရက် ရိုက်ခဲ့ရသည်။ ၎င်း၏ လေးရက်ပေါင်း ရိုက်ချက်များမှာ ၂၈၈ ချက် (Par) (74+76+70+68)ဖြစ်ပြီး အဆင့်(၂) ဖြင့် အောင်မြင်ခဲ့သည်။ အဆိုပါ လက်မှတ်ရရှိသည့်အတွက် ထိုင်း PGA မှ အဆင့်မြင့်ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ရန် အခွင့်အရေးများ ရရှိမည်ဖြစ်သည်။

လက်ရှိတွင် ရဲထက်အောင်သည် ထိုင်းနိုင်ငံရှိ All Thailand Golf Tour မှ ကျင်းပသည့်ပြိုင်ပွဲများ၌ ပုံမှန်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယင်းပြိုင်ပွဲ၏ အဆင့်သတ်မှတ်ချက်အရ ၂၀၁၅ ခုနှစ်တွင် အဆင့် ၁၀၀ ရှိနေရာမှ ယခုနှစ်တွင် အဆင့် ၅၂ အတွင်း ရောက်ရှိနေသည်။ ယင်းအပြင် Asian Tour မှ ကျင်းပသည့် Asian Development Tour ပြိုင်ပွဲများကို ပုံမှန်ဝင်ရောက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ထိုင်းနိုင်ငံတွင် အပတ်စဉ် ဂေါက်သီးပြိုင်ပွဲများရှိသကဲ့သို့ ပြိုင်ပွဲဝင်မည့်နိုင်ငံပေါင်းစုံမှ အားကစားသမားများလည်း ရှိနေသည့်အတွက် သက်ဆိုင်ရာပြိုင်ပွဲကျင်းပသည့် အဖွဲ့အစည်းများ၏ အဆင့်သတ်မှတ်ချက် ရရှိထားသူများသည် လက်ရည်စစ်ပြိုင်ပွဲဝင်ရန်မလိုဘဲ ပြိုင်ပွဲသို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။ **ဖိုးသော်ဇင်**



ဘူတန်နိုင်ငံ၌ ကျင်းပသည့် အကြိမ် (၅၀)မြောက် ကာယဗလနှင့် ကာယအလှပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သုံးဦးသွားရောက် ယှဉ်ပြိုင်လျက်ရှိရာ စက်တင်ဘာ ၅ ရက်က ၆၀ ကီလိုတန်းတွင် ရွှေတံဆိပ်ဆုနှင့် အသက် ၄၀ မှ ၅၀ အတွင်း မာစတာတန်းတွင် ကြေးတံဆိပ်ဆုတို့ ဆွတ်ခူးရရှိခဲ့သော ထွန်းထွန်းအောင်နှင့် ၆၅ ကီလိုတန်းတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော ထွန်းမင်းတို့အား တွေ့ရစဉ်။ တင်စိုး(မြန်မာ့အလင်း)

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း အာရှခြေစစ်ပွဲမအောင်မြင်

**နေပြည်တော် စက်တင်ဘာ ၅**

ထိုင်းနိုင်ငံ၌ ကျင်းပနေသည့် ၂၀၁၇ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲအုပ်စု(က) နောက်ဆုံးနေ့ပွဲများကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် အိမ်ရှင်ထိုင်း ယူ-၁၆ အမျိုးသမီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ခြေစစ်ပွဲ မအောင်မြင်ခဲ့ပေ။

မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် ယခုပွဲ ဂိုးပြတ်အနိုင်ရရှိမှ ခြေစစ်ပွဲအောင်ရန် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း ထိုင်းအသင်းကို ပထမပိုင်းနှင့် ဒုတိယပိုင်းတွင် တစ်ဂိုးစီပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အုပ်စု (က) ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ၁၂ မှတ်၊ လာအိုအသင်းက ကိုးမှတ်၊ မြန်မာအသင်းက ခြောက်မှတ်၊ ဂျော်ဒန်အသင်းက သုံးမှတ်၊ ဂူအမ်အသင်းက ပွဲတိုင်းရှုံးကာ အမှတ်မရရှိခဲ့ပေ။ ထိုင်းအသင်းသည် အုပ်စုပထမရခဲ့သော်လည်း နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သောကြောင့် ဒုတိယရခဲ့သည့် လာအိုအသင်းက ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

**ရဲရင့်ရှိုင်း**

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာ ၁၃ ပါ သတ်ထုံးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၂၀၀ ဖမ်းဆီးရမိသတင်းတွင် မှန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(မြန်မာ့အလင်း)**


## ကနဦးတင်ဒါအောင်မြင်သောကုမ္ပဏီစာရင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန် 300MW လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်မည့် ဓာတ်အားပေးစက်များ ငှားယူလိုကြောင်း ၄-၇-၂၀၁၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများမှ ကြော်ငြာခေါ်ယူခဲ့ပါသည်။

၁၈-၈-၂၀၁၆ရက်တွင် ကုမ္ပဏီခြောက်ခုမှ တင်ဒါတင်သွင်းခဲ့ကြပြီး တင်ဒါစည်းကမ်းချက်များနှင့် စိစစ်ချက်အရ အောက်ပါကုမ္ပဏီသုံးခုမှ ကနဦးစိစစ်ချက်အောင်မြင်ခဲ့ပါသဖြင့် ဈေးနှုန်းဖွင့်ဖောက်စစ်ဆေးခြင်းကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ၈ရက်(ကြာသပတေးနေ့)၁၀း၀၀နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၇)တွင်ကျင်းပမည်။ သက်ဆိုင်သော ကုမ္ပဏီများသို့ တယ်လီဖုန်း၊ စာနှင့် Email များဖြင့် ပေးပို့ထားပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကနဦး တင်ဒါအောင်မြင်သော ကုမ္ပဏီများမှာ-**

(၁) Consortium of China ITS(Holdings)Co.,Ltd, CEEC. HEPDI,China Construction Eighth Engineering Division Corp.Ltd, Guaugzhou Diesel Engine Factory Co.,Ltd,Khin Maung Nyunt Trading Co.,Ltd.

(၂) Consortium of National Infrastructure Holdings Co.,Ltd, MCM Pacific Pte.Ltd, APR Energy PLc, Ace Resources Group Pte.Ltd.

(၃) Karpowership Asia Company Pte.Ltd.

**တင်ဒါစိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

## Expression of Interest (EOI)တင်သွင်းမှု အထောက်အကူပြု ဆွေးနွေးပွဲ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Multi Channel Playout Systemတွင် ရုပ်သံလိုင်းထည့်သွင်းထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လိုသူများ လုပ်ငန်းစိတ်ဝင်စားလုပ်ကိုင်လိုမှု လျှောက်ထားခြင်း EOIတင်သွင်းရန် ၂၅-၈-၂၀၁၆ရက်မှ စတင်ဖိတ်ခေါ်ထားပါသည်။ ထို EOI တွင် ပါဝင်ရမည့် အချက်(၈)ချက်ကိုလည်း ဖော်ပြပြီးဖြစ်ပါသည်။

ရွေးချယ်မှုဆိုင်ရာ အကြံပေးကုမ္ပဏီဖြစ်သော ထွန်းဂရု(ပ်)အေးရှားက EOI ရေးသားရာတွင် မရှင်းလင်းသည့်အချက်များ၊ အခက်အခဲများရှိပါက ထပ်မံရှင်းလင်းတင်ပြပေးမည်ဖြစ်ပြီး အောက်ဖော်ပြပါအတိုင်း EOI တင်သွင်းမှု အထောက်အကူပြု ဆွေးနွေးပွဲကျင်းပပေးမည်ဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

**နေ့စွဲ** ။ ။ ၉-၉-၂၀၁၆ရက် (သောကြာနေ့)
**အချိန်**။ ။ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ
**နေရာ**။ ။ Tun Group Asia
အခန်းအမှတ် (၃)၊ အဆောင် (၅)၊ MICT Park၊ လှိုင်တက္ကသိုလ်နယ်မြေ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့
**မှတ်ချက်**။ ။ တက်ရောက်နိုင်သော လူဦးရေကန့်သတ်ချက်ရှိပါသဖြင့် အောက်ပါအတိုင်း ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းပါရန်။

**ဆက်သွယ်ရန်-**
**ဦးနေမျိုးထွန်း**
**ဖုန်း-၀၉-၇၉၅၉၅၇၁၀၄**
nmtun@tungroupasia.com

## ဖခင်အမည်မှန်

ပုဇွန်တောင်ကျွန်းမြို့နယ်၊ အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ ကိုညီမင်း၊ တက္ကသိုလ်ဝင်တန်း(D)မှ မမြတ်မြတ်စံတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းကျော် ၁၁/ပဏတ(နိုင်)၀၃၉၅၅၃ ဖြစ်ပါကြောင်း။ **ဦးအောင်ထွန်းကျော်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1C/4142 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/1001 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဆရာဒွေး နှင့်သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
စက်တင်ဘာ (၃/၇/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## ရောင်းရန်ရှိသည်

- ကျွန်းအစားထိုး အင်ကညင်၊ ပျဉ်းကတိုး ပရိဘောဂမျိုးစုံ ရောင်းရန်ရှိသည်။
- ပုံစံ(8)လေလံသစ်၊ သစ်မာ၊ ပိတောက်၊ တမလန်း၊ ကျွန်းအလိုရှိသည်။
  - (H-167/168) ၆၂လမ်း၊ ကနောင်မင်းသားလမ်းနှင့် ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေးမြို့။
    ဖုန်း-၀၂-၅၁၅၃၇၁၅၊ ၀၂-၅၁၅၃၁၇၅၊ ၀၉-၆၈၁၈၁၇၄
  - အမှတ် ၁၅၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
    ဖုန်း-၀၁-၅၅၈၄၄၉၊ ၀၁-၈၆၀၃၁၂၄၊ ၀၁-၈၆၀၃၀၈၉၊ ၀၉-၉၁၀၃၆၈၀၄

# ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေများစာရင်း

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ ဩဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည်-

***ယမန်နေ့မှအဆက်***

### စက်မှုဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (နဝတဥပဒေအမှတ် ၂၂/၁၉၉၀) | | |
| ၂။ | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၈/၂၀၁၃) | ကျန်းမာရေး/ ပြည်ထဲရေး/ စီးပွားကူးသန်း/ သယံဇာတ | |
| ၃။ | အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၃/၂၀၁၅) | | |
| ၄။ | ဘွိုင်လာဥပဒေ (ပထစဥပဒေအမှတ် ၃၉/၂၀၁၅) | | |

### စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Weights and Measures of Capacity Act (India Act, No. 31/1871, Vol. V) | ပညာရေး | |
| ၂။ | The Myanmar Merchandise Marks Act (India Act 4 ,1889 , Vol. V ) | | |
| ၃။ | The Sale of Goods Act (India Act 3, 1930 , Vol. III ) | | |
| ၄။ | The Measuring Basket Standardization Act (India Act , No. 1 , 1939, Vol. V ) | ပညာရေး | |
| ၅။ | The Measures of Length Act (India Act 2, 1889, Vol. V ) | ပညာရေး | |
| ၆။ | ကောက်ပဲသီးနှံလယ်ယာခြံထွက် ပစ္စည်းဝယ်ယူမှု စည်းမျဉ်းသတ်မှတ်ရေးဥပဒေ (ဥပဒေအမှတ် ၄၅/ ၁၉၆၂ ခုနှစ် ) | | |
| ၇။ | အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ (ပထစဥပဒေအမှတ် ၁၃/ ၂၀၁၂) | | |
| ၈။ | ပို့ကုန်သွင်းကုန်ဥပဒေ (ပထစဥပဒေအမှတ် ၁၇/၂၀၁၂) | | |
| ၉။ | စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (ပထစဥပဒေအမှတ် ၁၀/၂၀၁၄) | ကျန်းမာရေး | |
| ၁၀။ | ယှဉ်ပြိုင်မှုဥပဒေ (ပထစဥပဒေအမှတ် ၉/၂၀၁၅) | | |

### ပညာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Myanmar Copyright Act (India Act 3, 1914, Vol.X) | ပြန်ကြားရေး | |
| ၂။ | The Myanmar Patents and Designs (Emergency Provisions) Act, 1946 (India Act 1, 1946, Vol. X) | | |
| ၃။ | ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေ (ဥပဒေအမှတ် ၁၃/ ၁၉၇၃ ခုနှစ်) | | |
| ၄။ | ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေ (ဥပဒေအမှတ် ၁၄/၁၉၇၃ ခုနှစ်) | | |
| ၅။ | ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသနဥပဒေ (ဥပဒေအမှတ် ၁၅/၁၉၇၃ ခုနှစ်) | | |
| ၆။ | ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေ (ဥပဒေအမှတ် ၁၆/၁၉၇၃ ခုနှစ်) | | |
| ၇။ | ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှုစိုက်ပျိုးနှင့်သက်မွေးပညာရေးဥပဒေ (တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄/၁၉၇၄ ခုနှစ်) | | |
| ၈။ | မြန်မာစာအဖွဲ့ဥပဒေ (ဥပဒေအမှတ် ၁၁/၁၉၇၅ ခုနှစ်) | | |
| ၉။ | ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေ (ဥပဒေအမှတ် ၆/၁၉၈၄ ခုနှစ်) | | |
| ၁၀။ | သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေ (နဝတဥပဒေအမှတ် ၅/၁၉၉၄) | | |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁၁။ | ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ (နဝတဥပဒေအမှတ် ၁၀/၁၉၉၆) | | |
| ၁၂။ | အနုမြူစွမ်းအင်ဥပဒေ (နယကဥပဒေအမှတ် ၈/၁၉၉၈) | | |
| ၁၃။ | မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ဥပဒေ (နယကဥပဒေအမှတ် ၂/၂၀၀၂) | | |
| ၁၄။ | ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (ပထစဥပဒေအမှတ် ၁၄/၂၀၁၁) | | |
| ၁၅။ | စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၈/၂၀၁၄) | | |
| ၁၆။ | အမျိုးသားပညာရေးဥပဒေ (ပထစဥပဒေအမှတ် ၄၁/၂၀၁၄) | | |

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Lunacy Act (India Act 4, 1912, Vol. IV) | စည်ပင် | |
| ၂။ | The Myanmar Medical Degrees Act (India Act 7, 1916, Vol. IV) | မြန်မာနိုင်ငံ ဆေးကောင်စီ | |
| ၃။ | The Poisons Act (India Act 12, 1919,Vol. IV) | | |
| ၄။ | The Geneva Convention Implementing Act (India Act 14, 1936, Vol. V) | နိုင်ငံခြားရေး | |
| ၅။ | ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၁/၁၉၇၂) | | |
| ၆။ | မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥပဒေ (နဝတဥပဒေအမှတ် ၂၁/၁၉၉၀) | | |
| ၇။ | အမျိုးသားဆေးဝါးဥပဒေ (နဝတဥပဒေအမှတ် ၇/၁၉၉၂) | | |
| ၈။ | မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေ (နဝတဥပဒေအမှတ် ၆/၁၉၉၃) | | |
| ၉။ | ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ (နဝတဥပဒေအမှတ် ၁/၁၉၉၅) | | |
| ၁၀။ | မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေ (နဝတဥပဒေအမှတ် ၂/၁၉၉၆) | | |
| ၁၁။ | တိုင်းရင်းဆေးဝါးဥပဒေ (နဝတဥပဒေအမှတ် ၇/၁၉၉၆) | | |
| ၁၂။ | အမျိုးသားအစားအသောက်ဥပဒေ (နဝတဥပဒေအမှတ် ၅/၁၉၉၇) | | |
| ၁၃။ | တိုင်းရင်းဆေးကောင်စီဥပဒေ (နယကဥပဒေအမှတ် ၂/၂၀၀၀) | | |
| ၁၄။ | သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၁/၂၀၀၃) | | |
| ၁၅။ | ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (နယကဥပဒေအမှတ် ၅/၂၀၀၆) | | |
| ၁၆။ | ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၅/၂၀၀၇) | | |
| ၁၇။ | မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ (နယကဥပဒေအမှတ် ၁၂/၂၀၁၁) | | |
| ၁၈။ | ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၅၃/၂၀၁၄) | ကျန်းမာရေး/ အားကစား | |
| ၁၉။ | မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (ပထစဥပဒေအမှတ် ၂၆/၂၀၁၅) | | |
| ၂၀။ | မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေ (ပထစဥပဒေအမှတ် ၂၇/၂၀၁၅) | | |
| ၂၁။ | လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ (ပထစဥပဒေအမှတ် ၂၈/၂၀၁၅) | | |
| ၂၂။ | မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ (ပထစဥပဒေအမှတ် ၅၂/၂၀၁၅) | | |
| ၂၃။ | ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၅၈/၂၀၁၅) | | |

### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Sea Customs Act (India Act 8, 1878, Vol. III) | | |
| ၂။ | The Myanmar Stamp Act (India Act 2, 1889, Vol. III) | | |
| ၃။ | The Myanmar Companies Act (India Act 3, 1914, Vol. IX) | | |
| ၄။ | The Government Securities Act (India Act X,1920,Vol. III) | | |
| ၅။ | The Land Customs Act (India Act 19, 1924, Vol. III) | | |
| ၆။ | The Partnership Act (India Act 9, 1932, Vol. IX) | | |
| ၇။ | The Administration of Public Funds Act (Myanmar Act 3, 1943, Vol. IX) | | |
| ၈။ | The Money Lenders Act, 1945 (Myanmar Act 27, 1945, Vol. X) | ပြည်ထဲရေး၊ စည်ပင် | |
| ၉။ | The Court Fees Act (India Act 7, 1970, Vol. XII) | တရားလွှတ်တော်ချုပ် | |
| ၁၀။ | ဗိုလ်ချုပ်ရန်ပုံငွေအက်ဥပဒေ (ဥပဒေအမှတ် ၅၇/၁၉၄၈ ခုနှစ်၊ အတွဲ - ၉) | | |
| ၁၁။ | အထူးကုမ္ပဏီအက်ဥပဒေ (ဥပဒေအမှတ် ၅၄/၁၉၅၀ ပြည့်နှစ်၊ အတွဲ-၉) | | |
| ၁၂။ | ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင် အက်ဥပဒေ (ဥပဒေအမှတ် ၃၄/၁၉၅၂ ခုနှစ်၊ အတွဲ - ၅) | | |
| ၁၃။ | ၁၉၅၆ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး ကော်ပိုရေးရှင်းသဘောတူစာချုပ်အက်ဥပဒေ (ဥပဒေအမှတ် ၂၃/ ၁၉၅၆ ခုနှစ်) | နိုင်ငံခြားရေး | |
| ၁၄။ | အပြည်ပြည်ဆိုင်ရာကြီးပွားရေးအဖွဲ့ဥပဒေ (ဥပဒေအမှတ် ၃၁/ ၁၉၆၂ ခုနှစ်) | | |
| ၁၅။ | ၁၉၇၃ ခုနှစ်၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥပဒေ (ဥပဒေအမှတ် ၃/၁၉၇၃ ခုနှစ်) | | |
| ၁၆။ | ဝင်ငွေခွန်ဥပဒေ ( ဥပဒေအမှတ် ၇/၁၉၇၄ ခုနှစ်) | | |
| ၁၇။ | ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ (နဝတဥပဒေအမှတ် ၈/၁၉၉၀) | | |
| ၁၈။ | အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ (နယကဥပဒေအမှတ် ၁၈/၁၉၉၀) | ဌာန အဖွဲ့အစည်းအားလုံး | |
| ၁၉။ | အကောက်ခွန်နှုန်းဥပဒေ (နဝတဥပဒေအမှတ် ၂/၁၉၉၂) | | |
| ၂၀။ | ငွေစုဘဏ်လုပ်ငန်းဥပဒေ (နဝတဥပဒေအမှတ် ၅/၁၉၉၂) | | |
| ၂၁။ | မြန်မာ့အာမခံဥပဒေ (နဝတဥပဒေအမှတ် ၁၀/၁၉၉၃) | | |
| ၂၂။ | အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (နဝတဥပဒေအမှတ် ၆/၁၉၉၆) | | |
| ၂၃။ | အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ (ပထစဥပဒေအမှတ် ၁၃/၂၀၁၁) | | |
| ၂၄။ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (ပထစဥပဒေအမှတ် ၂၁/၂၀၁၂) | | |
| ၂၅။ | မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (ပထစဥပဒေအမှတ် ၁၈/၂၀၁၃) | | |
| ၂၆။ | ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၀/၂၀၁၃) | | |
| ၂၇။ | ၂၀၁၄ ခုနှစ်၊ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ (ပထစဥပဒေအမှတ် ၁/၂၀၁၄) | | |
| ၂၈။ | ပြည်ထောင်စု၏ဘဏ္ဍာငွေရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၄၂/၂၀၁၅) | | |
| ၂၉။ | ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ (ပထစဥပဒေအမှတ် ၂/၂၀၁၆) | | |
| ၃၀။ | အထူးကုန်စည်ခွန်ဥပဒေ (ပထစဥပဒေအမှတ် ၁၁/၂၀၁၆) | | |

### မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Negotiable Instruments Act (India Act 26, 1881,Vol. X) | | |
| ၂။ | အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့(International Monetary Fund and Bank)အက်ဥပဒေ (ဥပဒေအမှတ် ၃၇/၁၉၅၁ခုနှစ်၊ အတွဲ - ၃) | | |
| ၃။ | နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (ပထစဥပဒေအမှတ် ၁၂/၂၀၁၂) | | |
| ၄။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (ပထစဥပဒေအမှတ် ၁၆/၂၀၁၃) | | |
| ၅။ | ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (ပထစဥပဒေအမှတ် ၂၀/၂၀၁၆) | | |

*(ဆက်လက်ဖော်ပြပါမည်)*

# ဖူးပွင့်ဝေ ပရဟိတစာကြည့်တိုက်အဆင့်မြှင့်တင်ရေး ပညာပေးဆောင်ရွက်

**တနသ်ာရီ စက်တင်ဘာ ၅**

တနသ်ာရီမြို့နယ် ဆင်ခြေဖုန်းကျေးရွာအုပ်စု မရင်းကြီးရွာ ဖူးပွင့်ဝေ ပရဟိတစာကြည့်တိုက်မှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်အသင်းဝင်များနှင့် စာအုပ်စာစောင်တိုးပွားရေး၊ စာဖတ်သူအင်အားတိုးပွားရေး၊ စာဖတ်ရှိန်အဆင့်မြှင့်တင်ရေးလုပ်ငန်းများအတွက် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီမှစ၍ ညနေ ၅ နာရီအထိ အဆိုပါ ဖူးပွင့်ဝေ စာကြည့်တိုက်အတွင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိသူဇာနှင့် ဝန်ထမ်းများက ပူးပေါင်းလျက် လက်တွေ့ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။



ယင်းစာကြည့်တိုက်သည် မရင်းကြီးကျေးရွာ ဆရာတော် အရှင်ဝိရိယ၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ထားရှိပြီး စာတတ်၍ စာဖတ်လိုသူများ အလွယ်တကူ စာပေဖတ်ရှု လေ့လာနိုင်ရန် အလို့ငှာ ပြည်သူ့စာကြည့်တိုက်အတွင်းရှိ သုတ၊ ရသ စာအုပ်စာစောင် ၃၄၃ အုပ်တို့ကို လက်တွေ့ပညာပေး၍ စာရင်းရေးသွင်းနည်း၊ စာအုပ်ထိန်းသိမ်းနည်း၊ စာအုပ်ငှားနည်းစံနစ်များကို လက်တွေ့ ပညာပေး သင်ကြားပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မိုးစပါးစိုက်ခင်းများပိုးမွှားအန္တရာယ်ကြုံတင်ကာကွယ်နှိမ်နင်းနည်းပညာပေးဆွေးနွေး

**ပေါင် စက်တင်ဘာ ၅**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ မိုးစပါးစိုက်ခင်း၌ ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်နှိမ်နင်းနိုင်ရန် နည်းပညာပေးဆွေးနွေးပွဲနှင့် ကွင်းဆင်းသရုပ်ပြပွဲကို စက်တင်ဘာ ၃ ရက်က အဟောက်ကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဆွေးနွေးဟောပြောခဲ့သည်။ အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ခိုင်တို့က အမှာစကား ပြောကြားခဲ့သည်။

"ဒီနှစ်က ကျွန်တော်တို့လေ့လာမိသလောက်ဆိုရင် ရာသီဥတုအခြေအနေကြောင့်လည်း ပါတာပေါ့။ ဒီမြို့နယ်မှာက ဖြုတ်ပိုးကျရောက်တာများတယ်။ ပိုးလောင်မီးနဲ့ ဆစ်ပိုးကျရောက်မှုလည်း အနည်းငယ်ရှိတာပေါ့။ပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးနှုန်းထားမှန်ကန်စွာနဲ့ အရွက်နဲ့စပါးပင် အရင်းထိဆေးရောက်အောင် ပက်ဖျန်းမယ်ဆိုရင်လည်း သက်သာလာမယ်။ ကျွန်တော်တို့ဘက်ကတော့ စပါးဖျက်ပိုးကျနေတဲ့ ရွာတွေကို အရင်ဦးစားပေးပြီးတော့ နည်းပညာတွေ ပေးတယ်။ ကွင်းဆင်းသရုပ်ပြမှုတွေ လုပ်ပြပေးတယ်။ ကျန်တဲ့ရွာတွေကို ကွင်းဆင်းသရုပ်ပြမှုတွေလည်း ဆက်လုပ်သွားမှာပါ"ဟု စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဒုတိယဦးစီးမှူး ဦးအောင်ဇော်နိုင်က ပြောသည်။

"စပါးစိုက်ခင်းအားလုံးနီပါး ပိုးကျတာတော့ မရှိသေးဘူး။ ဖြစ်တော့မယ့်အနေအထားတော့ရှိနေတယ်။ ဒီနှစ်က စပါးစိုက်ခင်းတွေက ကောင်းမလိုလိုနဲ့ ဒီအချိန်မှ ဒီလို ပြဿနာတွေဖြစ်လာတော့ ဒုက္ခရောက်တာပေါ့။ စိုက်ပျိုးရေးဌာနက အခုလိုနည်းပညာဆွေးနွေးပွဲတွေ၊ ကွင်းဆင်းသရုပ်ပြတာလာလုပ်ပေးတော့ ကျွန်တော်တို့အတွက် ကြိုတင်ပြင်ဆင်ထားလို့ရတာပေါ့" ဟု အဟောက်ကျေးရွာနေ လယ်သမားတစ်ဦးကပြောသည်။

ယင်းနောက် အဟောက်ကျေးရွာ ကွင်းအမှတ် (၈၇၄) တောင်သူဦးခင်ဦး၏စိုက်ခင်းတွင် ပိုးသတ်ဆေးပက်ဖျန်းခြင်းကို စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စနစ်တကျ လက်တွေ့ကွင်းဆင်းသရုပ်ပြ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိတ္ထီလာတွင် ကောက်စိုက်သမရှားပါးသော်လည်း လုပ်အားခမှာ ပုံမှန်လုပ်အားခအတိုင်းသာပေးရ

**မိတ္ထီလာ စက်တင်ဘာ ၅**

မိတ္ထီလာတွင် စပါးစိုက်ပျိုးရာ၌ အဓိကလုပ်အားစုဖြစ်သည့် ကောက်စိုက်သမ လုပ်ကိုင်သူ ရှားပါးလာသော်လည်း ငှားရမ်းရရှိသည့် ကောက်စိုက်သမများအား ပေးရသည့် လုပ်အားခမှာ ပုံမှန်လုပ်အားခ အတိုင်းသာပေးရကြောင်း လျှော်ဖြူကန်ကျေးရွာ စပါးစိုက်တောင်သူ ဦးတင့်လှိုင်က ပြောသည်။

"မိတ္ထီလာမှာ ကောက်စိုက်သမလုပ်ကိုင်တဲ့သူက တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ရှားလာတယ်။ ဒါပေမယ့် ကောက်စိုက်သမအများစု ထွက်ရှိတဲ့ ကျေးရွာတချို့ ကျန်ရှိနေသေးပြီး သူတို့ကို ကောက်စိုက်ရာသီမတိုင်မီ ကြိုတင်ငှားရမ်းထားတာဆိုတော့ ဒီနှစ်လည်း ကျွန်တော့်ရဲ့ လယ်နှစ်ဧ စပါးစိုက်တဲ့ ကောက်စိုက်သမလုပ်အားခကို ပုံမှန်အတိုင်း တစ်ဦးကို ငွေကျပ် ၃၀၀၀ ပဲပေးရပါတယ်"ဟု ၎င်းက ပြောသည်။

စပါးတစ်ဧစိုက်ပျိုးပါက ရိုးရာအစဉ်အလာအတိုင်း ကောက်စိုက်သမ ၁၂ ဦး ငှားရမ်းရပြီး စပါးတစ်ဧကောက်စိုက်သမလုပ်အားခ ငွေကျပ် သုံးသောင်း ခြောက်ထောင် ကုန်ကျသည်။

မိတ္ထီလာတွင် ကောက်စိုက်သမလုပ်သားရှားပါးလာမှုကြောင့် တောင်သူများစပါးစိုက်ပျိုးလိုသည့် နေ့ရက်များကို အနည်းငယ် ရွှေ့တိုးနောက်ဆုတ်ပြောင်းရွှေ့ စိုက်ပျိုးရခြင်းများလည်း ရှိကြောင်း သိရသည်။

"မိတ္ထီလာက ကျေးရွာအများစုမှာ စပါးစိုက်ပျိုးတဲ့ နောက်ဆုံးအချိန်က တော်သလင်းလအတွင်း စိုက်ပျိုးကြတာဆိုတော့ ဒီရက်ပိုင်းမှာ စပါးစိုက်ကြတဲ့ တောင်သူကများတယ်။ ကောက်စိုက်သမအဖွဲ့အလိုက် ကြိုတင်ငှားရမ်းထားရင်သာ ကိုယ်စိုက်လိုတဲ့ရက် မှာ စပါးစိုက်နိုင်တယ်။ ကောက်စိုက်သမအဖွဲ့တွေ အားလပ်တဲ့ရက်မှာပဲ စိုက်ပျိုးလို့ရတယ်။ အဲဒါကြောင့် ကိုယ် စိုက်ချင်တဲ့ရက်နဲ့ ကောက်စိုက်သမအဖွဲ့ငှားရမ်းလို့ရတဲ့ရက်နဲ့ မတိုက်ဆိုင်ရင် စပါးစိုက်မယ့် ရက်ကို ရွှေ့တိုး နောက်ဆုတ် အနည်းငယ်ပြောင်းရွှေ့ပြီး စိုက်ရတာမျိုးရှိတယ်"ဟု ညောင်ပင်သာကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။



မိတ္ထီလာတွင် စပါးစိုက်ပျိုးသည့် တောင်သူများမှာ မိတ္ထီလာကန်ရေမှ ပေးဝေသည့် ရေကို အားကိုးအားထားပြု စိုက်ပျိုးကြရသော်လည်း မိတ္ထီလာကန်မှ စိုက်ပျိုးရေကို နှစ်စဉ် လုံလောက်စွာ ပေးဝေနိုင်ခြင်းမရှိ၍ စပါးမစိုက်ပျိုးနိုင်သည့် နှစ်များလည်း ကြုံတွေ့ရကြောင်း ကျေးရွာဒေသခံများထံမှ သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## သတင်းတိုထွာ

### မတ္တရာ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသတွင်နေထိုင်ကြသော ဒေသခံတောင်သူများ အသိပညာဗဟုသုတများတိုးပွားစေရန်အတွက် MRTV-4 ရုပ်သံလိုင်းမှ ဦးစီး၍ မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ရှိ နန္ဒဓမ္မစင်တာ၌ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဒေါက်တာစိန်လှဗိုလ်က ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေး (ဓာတ်ကြီးလေးပါးအကြောင်း)၊ ဒေါက်တာသန်းထွဋ် (လင်း ဆေး-၁) ဂုဏ်ထူးဆောင်ပါမောက္ခ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်က အစားအသောက်သန့်ရှင်းစင်ကြယ်မှုအကြောင်းတို့ကို ဒေသခံတောင်သူများအား ရှင်းလင်းဟောပြောခဲ့ကြသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

### နေပြည်တော်

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ချောင်းကမ်းရွာနှင့် ပျဉ်းမနားမြို့နယ် သနပ္ပင်ဆိပ်ကျေးရွာသို့ ဆက်သွယ်ပေးထားသော ကြိုးတံတားမှာ ဩဂုတ် ၂၈ ရက်ညက မိုးသည်းထန်စွာ ရွာသွန်းသဖြင့်ပျက်စီးခဲ့သည်။

ထိုသို့ဆင်သေချောင်းကိုဖြတ်၍ တည်ဆောက်ထားသော ကြိုးတံတားပျက်စီးသွား၍ ချောင်းကမ်းရွာနှင့် ညောင်ပင်ကြီးဘက်မှ ဒေသခံများသည် သနပ္ပင်ဆိပ်ဘက်သို့ လှေဖြင့်သွားလာရာတွင် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၊ ဒေသခံတစ်ဦးလျှင် ငွေကျပ် ၄၀၀၊ ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၁၀၀၀ ပေးရသဖြင့် အခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

### ဗန်းမောက်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့အတွင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်တံတားများ ပြုပြင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယင်းဆောင်ရွက်လျက်ရှိသော ကွန်ကရစ်တံတားများနှင့် ကျောက်ခင်းလမ်းပြုပြင်ခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်အောင်နှင့် တာဝန်ရှိသူများက သတ်မှတ်ချိန်ကာလအတွင်း အမြန်ပြီးစီးနိုင်ရေးအတွက် စက်တင်ဘာ ၄ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### မန္တလေး

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွင်း ရပ်/ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လုယက်မှု၊ ခိုးမှု မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးတို့အတွက် ပိုင်းလော့စီမံချက်ချမှတ်၍ ညအချိန်မှ နံနက်လင်းသည်အထိ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Pilot Project ကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသက်ဝင်း၏ကြီးကြပ်မှုဖြင့် အင်အား ၁၂၀ တို့ပူးပေါင်းပါဝင်ကာ လှည့်ကင်းသဏ္ဌာန်အဖြစ် ရှောင်တခင်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### တနိုင်း

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းတွင် စစ်ရေးပြ၊ မီးငြိမ်းသတ်ရေးစွမ်းရည်ထူးချွန်သော အဖွဲ့သားများအား ဆုများချီးမြှင့်ခဲ့ကြပြီး အဆိုပါသင်တန်းကို သင်တန်းသား ၅၀ ဖြင့် သုံးပတ်ကြာကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### သပိတ်ကျင်း

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန့်ဇင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၃ ရက်က ဇရပ်ကွင်းကျေးရွာ ရွှေရတနာဈေးသို့ သွားရောက်ပြီး ဈေးသူ ဈေးသားများ၊ ဈေးသွား ဈေးလာများ၊ ကားဂိတ်တို့တွင် မှုခင်းကျဆင်းရေးနှင့် မှုခင်းများဖြစ်ပေါ်လာပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပါဝင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။ ဇရပ်ကွင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညီညီထွန်း၊ ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများအား ဖိတ်ခေါ်၍ အသိ ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြည်သူများဖတ်ရှုရန် စာအုပ်၊ ဂျာနယ်မျိုးစုံ၊ သတင်းစာများ ထားရှိ

**နောင်ချို စက်တင်ဘာ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးသို့ လာရောက်ကြသော ပြည်သူများ ခရီးတစ်ထောက်နားပြီး ဖတ်ရှုရန်အတွက် စာအုပ်၊ ဂျာနယ်မျိုးစုံ ၂၀၀၊ နေ့စဉ်ထုတ်မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ၊ စံတော်ချိန် သတင်းစာတို့ကို ဂုတ်ထိပ်ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော်ထံ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ဦးစိုးစိုး နောင်ချို၊ ဦးညီငယ် ဘက်ထရီလုပ်ငန်းတို့က ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# အခြေခံပညာကျောင်းပေါင်းစုံ မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

**မိုးနဲ စက်တင်ဘာ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံပါဝင်သော မီနီမာရသွန်ပြိုင်ပွဲကို မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် စက်တင်ဘာ ၃ ရက် နံနက် ၆ နာရီက မြို့နယ်ပညာရေးမှူးရုံးရှေ့၌ကျင်းပခဲ့သည်။

ပြိုင်ပွဲ၌ မိုးနဲမြို့နယ်အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူ ၃၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြို့နယ်ပညာရေးမှူးရုံးရှေ့မှစ၍ ပြည်ထောင်စုလမ်းအတိုင်း အနောက်မြို့ပတ်လမ်းကိုပတ်၍ မြို့နယ်ပညာရေးမှူးရုံးတွင် ပြန်လည်ပန်းဝင်စေခဲ့သည်။ ထို့နောက် ပထမ၊ ဒုတိယနှင့် တတိယရရှိသော ကျောင်းသားကျောင်းသူခြောက်ဦးနှင့် ဖွဲ့ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ (မိုးနဲ)**



# မြို့တော်ခန်းမအနီး ဗန္ဓုလပန်းခြံနံဘေးတွင် ပြသသောမူခင်းပညာပေးပြခန်းယာဉ် မြို့နေပြည်သူသာမကနိုင်ငံခြားသားများလည်း စိတ်ဝင်တစားကြည့်ရှုလေ့လာ



**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အစီအစဉ်ဖြင့် စက်တင်ဘာ ၁ ရက်က မြို့တော်ခန်းမအနီး ဗန္ဓုလပန်းခြံနံဘေးတွင် မူခင်းပညာပေးပြခန်းယာဉ်အား ပြည်သူများအသိပေး အစီအစဉ်တစ်ရပ်အနေဖြင့် ပြသခဲ့ရာ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်တို့က ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့သည်။ ကမ္ဘာကျော်ခရီးသွားများလည်း စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါ မူခင်းပညာပေးပြခန်းယာဉ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် ရဲတပ်ဖွဲ့ဝင်ရဲမေများက ဖြတ်သန်းသွားလာသည့်ပြည်သူများ၊ ပန်းခြံသို့လာရောက်အပန်းဖြေသူများ၊ ဘတ်စ်ကားမှတ်တိုင်တို့မှ ပြည်သူများကိုပါ မူခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ရဲမေများက ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ်တေးသွားများနှင့် ပြည်သူ့အတွက် ရဲတပ်ဖွဲ့စသည့် တေးသီချင်းများဖြင့်လည်း ပညာပေးဖျော်ဖြေခဲ့သည်။

"ယခုထက်ပိုပြီး အသိပညာပေးမှုတွေ လုပ်သင့်တယ်။ အခုလိုပြည်သူထဲကို ထဲထဲဝင်ဝင် ပညာပေးပြခန်းယာဉ်နဲ့ အသိပညာပေးတာဟာ ကျွန်တော်တို့တစ်သက်မှာ ဒီတစ်ကြိမ်ပဲ တွေ့မြင်ဖူးသေးတယ်။ မြို့မှာမက တောဘက်တွေလည်း အခုလိုပြနိုင်ရင် လမ်းမှားရောက်နိုင်တဲ့လူငယ်တွေအတွက် ကြိုတင်ကာကွယ်ရာရောက်မှာပါ။ ကျွန်တော်တို့ကတော့ ကြိုဆိုတယ်။ မျိုးဆက်သစ်လူငယ်တွေအတွက် ဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် ကျေနပ်ဝမ်းသာပါတယ်" ဟု ၅၅လမ်းမှ ဦးမြင့်မောင်က မူခင်းပညာပေးပြခန်းယာဉ်သို့ လေ့လာရင်း ပြောကြားသည်။

မူခင်းပညာပေးပြခန်း ယာဉ်တွင် တိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများအောင်မြင်စေရန် မူးယစ် ဆေးဝါး၏ ဆိုးကျိုးဖြစ်စဉ်များအား ဓာတ်ပုံများဖြင့် ပြသထားမှုကို ပြခန်းယာဉ်တွင်ကြည့်ရှုသော ပြည်သူများစိတ်စင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## မှုခင်းသတင်းတိုထွာများ

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ် ဝန်ဇင်းရပ်ကွက် ဓမ္မာစရိယဘုန်းတော်ကြီးကျောင်းအနီး မိတ္ထီလာ-မြင်းခြံကားလမ်းမပေါ်တွင် စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာမှ လူတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့သည်။

ဆိုင်ကယ်ကယ်ရီသမား မောင်းနှင်ပြီး နောက်မှ မအိအိ (၁၇ နှစ်) ဝန်ဇင်းရပ်နေထိုင်သူလိုက်ပါလာသော ဆိုင်ကယ်နှင့် ဦးကိုကို (၄၀ နှစ်) ရန်မျိုးအောင်ရပ်ကွက်နေထိုင်သူမောင်းနှင်ကာ ဦးဌေးဝင်း (၄၀ နှစ်)အောင်ဇေယျာရပ်ကွက် နေထိုင်သူ လိုက်ပါလာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဦးကိုကိုမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။
(၀၄၇)

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး တညင်းကုန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်းဘေး ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲရုံး (ရန်ကုန်) ဝင်းအတွင်းရှိ ဂိုဒေါင်အား CJ Korea Express ကုမ္ပဏီလီမိတက်မှ ဩဂုတ်လစတုတ္ထပတ်၌ ငှားရမ်းကာ အေးကို (၂၀ နှစ်) ဝရိန်လုပ်သား လှိုင်သာယာမြို့နယ်နေသူက သံထည်ပစ္စည်းများကို ဂက်စ်အိုးဖြင့် ဝရိန်ဆော်ရာ ဂက်ပိုက်လိုင်းပေါ်မီးပွားကျပြီး မီးလောင်ကျွမ်းရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၀ စီးဖြင့် လာရောက်ငြိမ်းသတ်၍ ညနေ ၃ နာရီ ၁၂ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

**တံတားဦး**

တံတားဦးမြို့မရဲစခန်းအပိုင် ဈေးချိုကျေးရွာအုပ်စု မြစ်သာရပ်တွင် စက်တင်ဘာ ၂ ရက် ည ၈ နာရီခွဲက အရက်မူးယစ်လာပြီး လူသတ်မှုဖြစ်ပွားကြောင်းသိရသည်။

အခင်းဖြစ်နေ့က ညီထွေးမှာအရက်မူးလာပြီး ဇော်မျိုးကြိုင် (ခ)ဘကြိုင်အား ဆဲဆိုကြိမ်းဝါးကာ လုံးထွေးသတ်ပုတ်ရာမှ ဇော်မျိုးကြိုင် (ခ)ဘကြိုင်က ဒေါသမထိန်းနိုင်ဘဲ ဝါးနှီးဇန်းရက်လုပ်ရာတွင် အသုံးပြုသော အရိုးအသွား ၁၀ လက်မခန့်ရှိ လေးမြှောင့်အဖျားချွန် သံလက်နက်ဖြင့် ထိုးသွင်းခဲ့ရာ ညီထွေးမှာသေဆုံးသွားခဲ့ကြောင်း သိရသည်။ **ရဲတင့်**

**စလင်း**

မကွေးတိုင်းဒေသကြီးစလင်းမြို့နယ်တွင် စက်တင်ဘာ ၁ ရက်က လူတစ်ဦးရေနစ်သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ လင်းဇင်းကျေးရွာနေ အောင်ကျော်ဦး (၄၅ နှစ်) သည် ဩဂုတ် ၃၁ ရက် ညနေ ၄ နာရီက လင်းဇင်းရေမြောင်းအတွင်း ရေဆင်းချိုးရာမှ ရေနစ်ပျောက်ဆုံးခဲ့သည်။ ထို့ကြောင့် လင်းဇင်းရဲစခန်းသို့ တိုင်တန်းခဲ့ရာ လင်းဇင်းမှစလင်းသို့ စီးဆင်းသည့် ရေမြောင်းတစ်လျှောက် လိုက်လံရှာဖွေခဲ့သည်။ စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခန့်တွင် စလင်းစည်ပင်သာယာဈေးအနီး မြောင်းအတွင်းမှ အောင်ကျော်ဦး အလောင်းပေါ်လာရာ စလင်းရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **စစ်ကြည် (စလင်း)**

**သီပေါ**

စက်တင်ဘာ ၁ ရက် ည ၁၀ နာရီခန့်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ပန်းတိမ်တောင်ရပ် နယ်မြေ (၇)နေ ဦးချင်းကျော်(ခ)ထန်းရွက်နှင့် ဇနီးဒေါ်အေးနန်းတို့နေအိမ်၌ တစ်ယောက်တစ်ခွန်းရန်ဖြစ်စကားများကြရာ ခင်ပွန်းက ဓားမြှောင်ဖြင့် ထိုးသဖြင့် ဒေါ်အေးနန်းသေဆုံးပြီး သား အိုက်စိုင်းမှာလည်း ပထွေးဓားချက်ကြောင့် ဒဏ်ရာများရရှိကာ ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကု သမှုခံယူနေရသည်။

ပြစ်မှုကျူးလွန်သူ ဦးချင်းကျော်(ခ)ထန်းရွက်မှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ၎င်းအား ဖမ်းဆီးရမိရေးအတွက် သီပေါရဲစခန်းက လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။
**စိုင်း(သီပေါ)**

# ချည်မျှင်ရှည်ဝါ (၅) ဧက မျိုးသန့်ယှဉ်ပြိုင် စံပြကွက်အား ကွင်းဆင်းစစ်ဆေး

**သရက် စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ပန်းတောင်ပြင်ကျေးရွာ ကွင်းအမှတ် (၈၅၅)တောင်သူ ဦးမောင်ဖုန်း၏ ချည်မျှင်ရှည်ဝါ (၅)ဧက မျိုးသန့်ယှဉ်ပြိုင် စံပြကွက်အား စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြေ၊ မျိုး၊ ပိုး တာဝန်ခံအဖွဲ့မှ စက်တင်ဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ငွေချည် (၉) ရွှေတောင်-၈ ချည်မျှင်ရှည်ဝါ မျိုးသန့် (၄၉)ရက်သား စိုက်ခင်း၏ ပိုးမွှားရောဂါခံနိုင်မှု၊ စိုက်နည်းစနစ်ကိုက်ညီမှု၊ အပင်ဖြစ်ထွန်းမှုအခြေအနေများနှင့် ပတ်သက်၍ မြို့နယ်ဦးစီးမှူးနှင့် SMS တာဝန်ခံများက လိုအပ်ချက်များကို အသိပညာပေးဆွေးနွေးပေးခဲ့သည်။

အလားတူ စက်တင်ဘာ ၃ ရက်တွင်လည်း အောင်လံမြို့နယ် ရေပေါ်ကျေးရွာ ကွင်းအမှတ်(၇၉)မှ တောင်သူ ဦးဝင်းဇော်၏ (၅)ဧက စံပြကွက်နှင့် သံရွာကျေးရွာအုပ်စု စမ်းကလေး(ရွာမ) ကျေးရွာ ကွင်းအမှတ် (79A) တောင်သူ ဦးမောင်စိုးတို့၏ စံပြကွက်တို့အား သွားရောက်ကြည့်ရှု၍ အသိပညာပေးခဲ့ကြောင်း သိရသည်။
**ဇော်ထက်(သရက်)**

# ကဘော်ချိုင့်ဝှမ်းနယ်စပ်ဒေသ၌ ပါဟဲတံတားတည်ဆောက်ပြီးစီး

**တမူး စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကဘော်ချိုင့်ဝှမ်းဒေသ တမူးခရိုင်အတွင်းရှိ မြို့သစ်မြို့နှင့် ကျေးလက်ဒေသများသို့ လမ်းပန်းဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရန် မဟူရာချောင်း(ဝါ) ပါဟဲချောင်းပေါ်တွင် တည်ဆောက်ထားသည့် ပါဟဲတံတားအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ပြီးစီးသွားပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တမူးခရိုင်လမ်းဦးစီးဌာနမှ သိရသည်။



အဆိုပါ တည်ဆောက်ပြီးစီးသွားသည့် ပါဟဲတံတားသည်မိုင်တိုင်အမှတ် (၀/၃)ဖာလုံနှင့် (၀/၅) ကြားတွင် တည်ရှိပြီးတံတားအမျိုးအစားမှာ RC သံကူကွန်ကရစ်ပေ ၁၅၀၊ RPT သံမဏိသံပေါင် ၁၀၈ ပေ၊ ဘေလီသံပေါင်ပေ ၃၀၀ အမျိုးအစားသုံးမျိုးဖြင့် တည်ဆောက်ထားပြီး ကမ်းကပ်ခုံနှစ်ခု၊ ရေလယ်တိုင်ရှစ်တိုင်၊ တံတား၏အရှည်မှာ ၅၅၈ ပေရှိကြောင်း သိရသည်။

ကဘော်ချိုင့်ဝှမ်းဒေသ အထက်ပိုင်းရှိ မြို့သစ်မြို့နှင့် ကျေးလက်ဒေသများသို့ ဆက်သွယ်ဖောက်လုပ်ထားသော တမူး-စေတီ-နန်းအောင်မော်သွား နယ်စပ်လမ်းမကြီးမှာ (၄၄/၀) မိုင် ရှည်လျားပြီး ယခု တည်ဆောက်ပြီးစီးသွားသည့် တံတားသည် နယ်စပ်ဒေသရှိ ကျေးလက်ဒေသများသာမက တမူးခရိုင် ကဘော်ချိုင့်ဝှမ်းဒေသရှိ အောင်ဇေယျကျေးရွာမှ ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ကက်သာကျေးရွာအထိ ဆက်သွယ်သွားလာနိုင်သည့် (၃၈/၁) မိုင်အရှည်ရှိ ခရိုင်ချင်းဆက်အမာခံလမ်း ဖောက်လုပ်ထားသည့်အတွက် အောင်ဇေယျ-ကက်သာ (ဟုမ္မလင်း-ခန္တီး)သို့ သွားလာရန် အလွန်အရေးပါသော လမ်းဖြစ်သည်။

တမူး - စေတီ - နန်းအောင်မော် နယ်စပ်လမ်းတွင် ကွန်ကရစ်တံတား ၁၄၅ စင်း၊ ဘေလီတံတား ၁၃ စင်း၊ RSJ သံပေါင်သုံးစင်း၊ ဘေလီကြိုးသိုင်းတံတားသုံးစင်း စုစုပေါင်းတံတား ၁၆၄ စင်းရှိပြီး ယခုတည်ဆောက်ထားသော ပါဟဲတံတားသည် အရှည်ဆုံးတံတားဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။
**ဝင်းနိုင်(တမူး)**

## ရွှေဘိုမြို့ သမိုင်းဝင်ရွှေဘုံရတနာ မင်္ဂလာနန်းတော်အတွင်း ချုံနွယ်များရှင်းလင်း

**ရွှေဘို စက်တင်ဘာ ၅**

ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြင့်ကျော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်တို့၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက အလောင်းမင်းတရားကြီး ဦးအောင်ဇေယျတည်ထားခဲ့သော သမိုင်းဝင်ရွှေဘုံရတနာမင်္ဂလာနန်းတော်အတွင်းရှိ အမှိုက်သရိုက်များနှင့် ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းရှင်းလင်းပွဲကို ဆောင်ရွက်သည်။ ဥဩအော်မည် ကုန်းဘောင်တည်ဟုဆိုသည့်အတိုင်း မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် "ကျုံး၊ မြို့ နန်းနှင့်၊ နတ်ကွန်းပဟို၊ ရွှေချက်သိုက၊ ရေညိုမြဟန်၊ နန္ဒာကန်ကို၊ တပြိုင် ညီညာ၊ တည်ပြီးခါဝယ်"ဆိုသည့် ပလိပ်စား ချောင်းပိုဒ်ရေ (၄၇) တွင် စပ်ဖွဲ့ခဲ့သည့်အတိုင်း သတ္တဌာနတို့ကို တည်ဆောက်ခဲ့ရာ ရွှေဘုံရတနာမင်္ဂလာနန်းတော်လည်း အပါအဝင် ဖြစ်သည်။ ယခုတည်ရှိသော နန်းတော်သည် ရှေးမူမပျက်ပြန်လည်တည်ဆောက်ထားသော နန်းတော်ဖြစ်သည်။ နှစ်ပေါင်းများစွာကြာလာသောအခါ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လာသဖြင့် တပ်ရင်းတပ်ဖွဲ့တို့မှ အရာရှိစစ်သည်များ၊ ရွှေဘိုပြည်သူ့ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် ရွှေဘိုမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်စုစုပေါင်း ၃၀၀ ခန့်က နန်းတော်အတွင်းသို့ ဝင်ရောက်ရှင်းလင်းခဲ့ကြသည်။ **စံသာအောင်(ရွှေဘို)**



## တာလေမြို့၌ လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် စိုက်ပျိုးရေးနည်းပညာပေး

**တာလေ စက်တင်ဘာ ၅**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် တာလေမြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဒေသခံတောင်သူများအား လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းအပေါ် လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးဆိုင်ရာများ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ တိုးတက်ရရှိပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ်လနောက်ဆုံးပတ်က မိုင်းလင်း(အနောက်) ကျေးရွာအုပ်စု ကုန်းဆာကျေးရွာရှိ ဘုန်းကြီးကျောင်း၌ ကျင်းပကြောင်း သိရသည်။

ဟောပြောပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူး ဦးလှမိုးထွေးကပုံစံ(၇) လယ်ယာမြေမှတ်ပုံတင်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် အခွင့်အရေးဆိုင်ရာများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလွှမ်းမိုးသူက မျိုးသန့်မျိုးကောင်းများ ရွေးချယ်စိုက်ပျိုးခြင်းနှင့် မျိုးသန့် မျိုးပွားစိုက်ပျိုးနည်းစနစ်များကို လည်းကောင်း၊ တာချီလိတ်ခရိုင် သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ခံဒေါ်ဌေးက စပါးပင်များတွင် ကျရောက်သည့် ပိုးမွှား၊ ရောဂါများ ခွဲခြားပုံ၊ အန္တရာယ်ရှိသော ဆေးဝါးများအား စနစ်တကျကိုင်တွယ် အသုံးပြုပုံများကို ရှင်းလင်းဟောပြောကာ ဦးစိုင်းမုန့်၏ လယ်မြေတွင် ပိုးမွှားရောဂါကျရောက်မှု အခြေအနေကို တောင်သူများနှင့်အတူ လက်တွေ့ကွင်းဆင်းစစ်ဆေးအသိ ပညာပေးဆောင်ရွက်သည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ကုန်စည်ရရှိမှုနည်းပါးသည့်အပြင် တန်ဆာခနှုန်းထားများလျော့ကျ၍ ကုန်တင်ယာဉ်များရပ်နားထားရ



**ရေတာရှည် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ၏ အဓိကကုန်စည်စီးဆင်းရာဖြစ်သည့် ရန်ကုန်-မန္တလေး ကားလမ်း၌ ပြေးဆွဲလျက်ရှိသော ကုန်တင်ယာဉ်အများစုမှာ ကုန်ရရှိမှုနည်းပါးသည့်အပြင် ကုန်တန်ဆာခများလျော့ကျလျက်ရှိ၍ ကုန်တင်ယာဉ်အတော်များများမှာ တွက်ချေမကိုက်တော့သဖြင့် ရပ်နားထားရကြောင်းသိရသည်။

"ကျွန်တော်တို့ ကုန်တင်ယာဉ်တွေရပ်နားထားရတာ တစ်လကျော်သွားပါပြီ။ ကုန်ကအလွန်ရှားတယ်။ နောက် တန်ဆာခနှုန်းထားတွေ လျော့ကျနေတော့ လမ်းဂိတ်ကြေး၊ ဆီဖိုး၊ အလုပ်သမားစရိတ်၊ ယာဉ်မောင်း ယာဉ်နောက်လိုက်အတွက် ခေါက်ကြေး၊ စားစရိတ်တွေက မကာမိတော့ဘူးဖြစ်နေတယ်။ ဒါကြောင့် နားထားရပါတယ်"ဟု ၂၂ ဘီးကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

မိုးရာသီဖြစ်သည့်အလျောက် ကုန်စိမ်းထွက်ရှိမှုနည်းပါးသည့်အပြင် နေ့စဉ်ပြေးဆွဲသည့် ကုန်တင်ယာဉ်များ ပိုမိုများပြားလာခြင်းမှာလည်း ကုန်စည် သယ်ဆောင်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း အထက်ပါယာဉ်ပိုင်ရှင်ကပင်ဆက်၍ ပြောသည်။ ထို့အပြင် အဝေးပြေးလမ်းများတစ်လျှောက် လမ်းအသုံးပြုခကောက်ခံသည့်ဂိတ်များအနေဖြင့် အသုံးပြုခလျှော့ချကောက်ခံနိုင်ပါက ကုန်စျေးနှုန်းကျဆင်းရေးကို များစွာအထောက်အကူပြုနိုင်ကြောင်း သုံးသပ်ပြောကြားမှု များလည်း ရှိသည်။

**ကိုလွင်(ဆွာ)**

## မြင်းမူမြို့၌ လွတ်လပ်ရေးကျောက်တိုင်သစ် တည်ဆောက်ရန်ဆွေးနွေး

**မြင်းမူ စက်တင်ဘာ ၅**

မြင်းမူမြို့၏ ကျက်သရေဆောင် လွတ်လပ်ရေးကျောက်တိုင်သစ် တည်ဆောက်ရေး အများဆန္ဒပြု သဘောတူညီမှု ရယူအတည်ပြု ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ယာယီ)ဥက္ကဋ္ဌ ဦးဘာဘာက လွတ်လပ်ရေးကျောက်တိုင်အသစ် ပြန်လည်တည်ဆောက်ရေးသည် မြို့နယ်ပြည်သူများ၏ကိုယ်စား တည်ဆောက်မည့်လုပ်ငန်းဖြစ်သည်နှင့်အညီ အရည်အသွေးပြည့်မီခိုင်ခံ့ညားစွာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် အများ၏သဘောထားများ ရယူဆုံးဖြတ်ကာ အမြင့် ၂၉ ပေရှိ လွတ်လပ်ရေးကျောက်တိုင်သစ်အား မူလနေရာဟောင်းဖြစ်သော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့(ယခုပန်းခြံနေရာ)တွင် တည်ဆောက်ရန် အတည်ပြု ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **အောင်စိုးဇေ**

# ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ဇီကာဗိုင်းရပ်စ်ရောဂါပိုးဆိုသည်မှာ ရောဂါပိုးသယ်ဆောင်ထားသည့် အေးဒီးစ်ခြင်ကျား ကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်သော ရောဂါတစ်မျိုးဖြစ်ပါသည်။ အဆိုပါ ရောဂါပိုးကို ၁၉၄၇ ခုနှစ်ကတည်းက ယူဂန္ဓာနိုင်ငံရှိ မျောက်များတွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ယူဂန္ဓာနိုင်ငံနှင့် တန်ဇန်းနီးယားနိုင်ငံတို့၌ လူသို့ ကူးစက်မှုရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံပေါင်း ၇၂ နိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားခဲ့ပါသည်။ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံတို့တွင်လည်း ဇီကာဗိုင်းရပ်စ်ရောဂါများ ကူးစက်ဖြစ်ပွားလျက်ရှိပါသည်။

ဇီကာဗိုင်းရပ်စ် သယ်ဆောင်ထားသော အေးဒီးစ်ခြင်ကျားသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသည်။ ရေလှောင်ထားသော အိုး၊ ခွက်၊ တိုင်ကီ၊ ပန်းအိုး၊ ရေတင်ကျန်လျက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကားတာယာ၊ ပလတ်စတစ်ခွက် စသည်တို့တွင် တွေ့ရသည်။ နေ့ဘက်အချိန်တွင် လူကိုကိုက်ခြင်းမှတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားစေပါသည်။

ခြင်ကိုက်ခံရပြီး နှစ်ရက်မှ ခုနစ်ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားလာနိုင်ပါသည်။ ရောဂါကူးစက်ခံရသူ ငါးဦးတွင် တစ်ဦး၌ ရောဂါလက္ခဏာများ ပြသနိုင်ကြောင်း သိရှိရပါသည်။ အဓိကလက္ခဏာများမှာ ဖျားခြင်း၊ အရေပြားပေါ်တွင် အနီစက်များထွက်ခြင်း၊ မျက်စိနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့်အဆစ်များ နာကျင်ခြင်းတို့ ဖြစ်တတ်ပါသည်။ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကူးစက်ဖြစ်ပွားခြင်း နောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဇီကာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံရပါက ဦးနှောက်သေးငယ်သော ကလေးငယ်များမွေးဖွားလာနိုင်ပါသည်။

ဇီကာဗိုင်းရပ်စ်ရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါ။ ရောဂါလက္ခဏာ သက်သာရန်အတွက်သာ ကုသပေးနိုင်ပါသည်။ ရောဂါကူးစက်ခံရပါက အနားယူခြင်း၊ ရေလုံလောက်စွာသောက်သုံးခြင်း၊ ပါရာစီတမောကိုသာ အညွှန်းအတိုင်း သောက်သုံးခြင်း၊ ဆေးမြီးတိုများနှင့် အခြားအကိုက်အခဲပျောက်ဆေးများ သောက်သုံးခြင်းကို ရှောင်ကြဉ်ခြင်းနှင့် ဇီကာရောဂါလက္ခဏာများ တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသ၍ စစ်ဆေးကုသမှုခံယူရန် လိုအပ်ပါသည်။

ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကျားပိုးလောက်လမ်းနှိမ်နင်းရေးနှင့် ခြင်ကိုက်မခံရအောင် နေထိုင်ရေးဖြစ်ပါသည်။ အိမ်တိုင်း၊ ကျောင်းတိုင်း၊ ဌာနတိုင်း၌ ခြင်ကျားလောက်လမ်းတစ်ကောင်မျှ မရှိစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။

- **ဖုံး** - ရေလှောင်ထားသောအိုး၊ ခွက်များတွင် ခြင်များဝင်ရောက် မဥနိုင်ရန်အတွက် လုံခြုံစွာဖုံးအုပ်ထားရန်၊
- **သွန်** - အိုး၊ ခွက် နံရံတွင် ကပ်နေသော ခြင်ဥများ သေစေရန်အတွက် အိုးခွက်များ၏ အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြောရန်၊ ခြင်ကျားလောက်လမ်းတွေ့ရှိသော ရေများကို သွန်ပစ်ရန် သို့မဟုတ် အခြားအိုးထဲသို့ ရေစစ်ဖြင့် ပြောင်းထည့်ရန်၊
- **လဲ** - ပန်းအိုး၊ နတ်အိုးများ၏ အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြော၍ ရေများကို တစ်ပတ်နှစ်ကြိမ် လဲလှယ်ရန်၊
- **စစ်** - ခြင်ကျားလောက်လမ်းများမပါစေရန် ရေဖြည့်သည့်အခါ ရေစစ်ဖြင့် စစ်ထည့်ရန်၊
- **လောင်း** - ရေထည့်ထားသော ကြောင်အိမ်အောက်ခံခွက်များနှင့် ရေမြောင်းများတွင် ဒီဇယ်ဆီ သို့မဟုတ် စက်ဆီဟောင်းများ လောင်းထည့်ရန်၊
- **ထောင်** - ဘယ်အချိန်အိပ်အိပ်၊ ဘယ်နေရာအိပ်အိပ် ခြင်ထောင်ထောင်အိပ်ရန်၊ တတ်နိုင်ပါက ဆေးစိမ်ခြင်ထောင် အသုံးပြုရန်၊
- **မြှုပ်** - အသုံးမပြုတော့သော ရေတင်ကျန်နိုင်သည့် စွန့်ပစ်ပစ္စည်းများကို မြေမြှုပ်ရန်၊
- **ရှင်း** - အိမ်အတွင်း၊ အပြင်၌ ခြင်များမခိုအောင်းနိုင်စေရန် ချုံများကို ရှင်းလင်းပြီး သန့်ရှင်းစွာထားရန်၊
- **ဖွင့်** - အလင်းရောင်ရရန် ပြတင်းပေါက်များကိုဖွင့်ထားရန်၊
- **မှုတ်** - လူနာရှိ၍ ကျန်းမာရေးဌာနမှ ဆေးမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်ပါက ပူးပေါင်းပါဝင်ကူညီကြရန်။

ထို့အပြင် ခြင်ကိုက်မခံရစေရန် ခြင်ဆေးလိမ်းခြင်း၊ အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊ နေအိမ်၌ ခြင်လုံဆန်ခါ တပ်ခြင်းစသည်တို့ကိုလည်း ဆောင်ရွက်သင့်ပါသည်။ မိမိဌာန၊ နေအိမ်နှင့် စာသင်ကျောင်းတို့ရှိ ရေသိုလှောင်ထားသော အုတ်ကန်၊ ရေတိုင်ကီ စသည်တို့၌ ခြင်ကျားလောက်လမ်းသေဆေး အဘိတ် (Abate) ဆေးခတ်ခြင်းအား ကျန်းမာရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့်လည်း ရောဂါကူးစက်ခြင်းမှ ကာကွယ်ရန်၊ ဇီကာဗိုင်းရပ်စ်ရောဂါ လက်ရှိဖြစ်ပွားလျက်ရှိသောအခြားနိုင်ငံများသို့ ခရီးသွားလာခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

ခြင်ကျားလောက်လမ်းတစ်ကောင်မျှ မရှိစေရေးအတွက် အထက်ဖော်ပြပါ ဖုံး၊ သွန်၊ လဲ၊ စစ် စသည့် ခြင်ကျားပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများကို လူတိုင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဇီကာဗိုင်းရပ်စ်ရောဂါအပါအဝင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုများမရှိအောင် ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ဖို့ ရုန်းကန်ရမယ့် ဘရာဇီး အာဂျင်တီးနားတို့လည်း ခြေကုန်ထုတ်ရဖို့ရှိနေ



ဒီတစ်ပတ်ရဲ့ကြားရက်ဖြစ်တဲ့ စက်တင်ဘာ ၇ ရက်နဲ့ ၈ ရက်တွေမှာ တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲတွေကို ဆက်လက်ယှဉ်ပြိုင်ဖို့ ရှိနေပါတယ်။ ခြေစစ်ပွဲအောင်ဖို့ အမှတ်လိုအပ်နေတဲ့ နာမည်ကြီး ဘရာဇီးတို့ဟာ အခုပွဲမှာ ကိုလံဘီယာနဲ့ တွေ့ဆုံရတာကြောင့် ပွဲကျပ်ကြုံနေပါတယ်။ အာဂျင်တီးနားတို့ကလည်း ခြေစစ်ပွဲအောင်ဖို့ ခြေကုန်ဖွင့်ရဦးမှာဖြစ်ပြီး ရသမျှအမှတ်တွေ စုဆောင်းနိုင်ဖို့ ကြိုးစားအားထုတ်ရဦးမှာ ဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ဥရုဂွေးနဲ့ အီကွေဒေါတို့က အခြေအနေကောင်းဖို့ များနေပြီး ခြေစစ်ပွဲအောင်ဖို့ စိတ်အေးလက်အေးနဲ့ ဖြတ်သန်းရမယ့်အခြေအနေဖြစ်ပါတယ်။

**ဘရာဇီးနှင့် ကိုလံဘီယာ**

တောင်အမေရိကဇုန်မှာ ခြောက်ပွဲကစားပြီး နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ကိုးမှတ်ရရှိနေတဲ့ ဘရာဇီးတို့ဟာ အခုပွဲမှာ အမှတ်ရဖို့ အကြိတ်အနယ် ရုန်းကန်ရတော့မှာဖြစ်ပါတယ်။ ကိုလံဘီယာတို့ကလည်း ခြောက်ပွဲကစား ၁၀ မှတ်နဲ့ ပဉ္စမနေရာမှာ ရပ်တည်နေတာမို့ ဘရာဇီးတို့ လူစုံထုတ်ပြီး ခြေကုန်ဖွင့် ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲ တွေ့ဆုံခဲ့မှုကို ကြည့်ရင် ကိုလံဘီယာက နှစ်ပွဲနိုင်ပြီး ဘရာဇီးက တစ်ပွဲနိုင်ထားပါတယ်။ ကိုလံဘီယာရဲ့ လောလောဆယ်ခြေစွမ်းကလည်း ကောင်းမွန်နေတာမို့ ဘရာဇီးတို့ နိုင်ရင်တောင် ဂိုးမပြတ်ပါဘူး။

**ဗင်နီဇွဲလားနှင့် အာဂျင်တီးနား**

တောင်အမေရိကဇုန်မှာ ခြောက်ပွဲကစားပြီးချိန်မှာ နိုင်ပွဲတစ်ပွဲမှ မရသေးတဲ့ ဗင်နီဇွဲလားတို့ကတော့ ခြေစစ်ပွဲအောင်ဖို့ မလွယ်တော့ပါဘူး။ အာဂျင်တီးနားတို့ကတော့ ခြောက်ပွဲကစားပြီးချိန်မှာ ၁၁ မှတ်ရနေပြီး တတိယနေရာမှာ ရှိနေပါတယ်။ အာဂျင်တီးနားတို့ဟာ ခြေစစ်ပွဲကို ပြတ်ပြတ်သားသား အောင်ဖို့အတွက် အခုပွဲမှာ အမှတ်ပြည့်ရဖို့ အားထုတ်တော့မှာ သေချာပါတယ်။ မက်ဆီ၊ အဂူရိုတို့ ပါဝင်ဖို့မသေချာသေးပေမယ့်အာဂျင်တီးနားဟာ လက်ရှိအနေအထားမှာအကောင်းဆုံးစုဖွဲ့မှုနဲ့အတူ ဗင်နီဇွဲလားကို သရေတစ်မှတ်တောင်ပေးဖို့ စိတ်ကူးမှာ မဟုတ်ပါဘူး။ ဒီပွဲမှာ အာဂျင်တီးနားတိုက်စစ်မှူးတွေ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။

**ဥရုဂွေးနှင့် ပါရာဂွေး**

ခြေစွမ်းပြနေတဲ့ ဥရုဂွေးဟာ တောင်အမေရိကဇုန်မှာ ခြောက်ပွဲကစားပြီး ၁၃ မှတ်နဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ ပါရာဂွေးတို့ကတော့ ခြေစစ်ပွဲအောင်ဖို့ ဘရာဇီးနဲ့အပြိုင် ရုန်းကန်နေရတဲ့ အခြေအနေဖြစ်တာမို့ ဒီပွဲမှာ ရသမျှအမှတ်ယူဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ဥရုဂွေးရဲ့ လောလောဆယ်ခြေစွမ်းပိုင်းကိုကြည့်ရင် ဂျမေကာကို နိုင်ပွဲရခဲ့ပေမယ့် ဗင်နီဇွဲလားနဲ့ မက္ကဆီကိုတို့ကို ရှုံးပွဲကြုံထားပါတယ်။ ဒါပေမယ့် ဥရုဂွေးဟာ ပါရာဂွေးနဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုမှာတော့ သုံးပွဲလုံး တစ်ဂိုးစီသရေပွဲတွေ ဖြစ်ထားတာမို့ ဒီပွဲမှာလည်း ပါရာဂွေးတို့ သရေတစ်မှတ်တော့ ရအောင်ယူနိုင်ရေး အားထုတ်ပါလိမ့်မယ်။

**ပီရူးနှင့် အီကွေဒေါ**

တောင်အမေရိကဇုန်မှာ အီကွေဒေါတို့ဟာ ခြောက်ပွဲကစားပြီး ၁၃ မှတ်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်ထားလို့မရတော့တဲ့ ပီရူးကို အီကွေဒေါတို့ ဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူဖို့ ကြိုးစားလာမှာ ဖြစ်ပါတယ်။ အီကွေဒေါရဲ့ ကစားအားကိုကြည့်ရင် ဟေတီကို လေးဂိုးပြတ်နိုင်ပြီး အမေရိကန်ကို နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးထားပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲ ဖြစ်ထားပါတယ်။ လက်ရှိ ကစားအားအရ အီကွေဒေါတို့ အနိုင်ရလဒ်ကို မျှော်မှန်းနိုင်ပါတယ်။

**ချီလီနှင့် ဘိုလီးဗီးယား**

ဘိုလီးဗီးယားတို့ကတော့ ခြေစစ်ပွဲ အောင်ဖို့ မလွယ်တော့ပေမယ့် ချီလီတို့ကတော့ မျှော်လင့်ချက်ရှင်သန်ဖို့ ဆက်လက်ရုန်းကန်ရဦးမှာဖြစ်ပါတယ်။ ချီလီဟာ ကိုပါအမေရိကဖလားကို ထပ်ဆင့် ဆွတ်ခူးထားနိုင်တဲ့အသင်းဖြစ်လို့ ခြေစွမ်းက လျှော့တွက်လို့ မရပါဘူး။ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ ဘိုလီးဗီးယားတို့ကတော့ အခုပွဲမှာလည်း အမှတ်မျှော်လင့်လို့ မရနိုင်သေးတဲ့ အခြေအနေပါပဲ။ ။

**မိုးမြင့်လင်းလက်**

---



# ကျောနံပါတ် ၁၀ ကိုမှ ကြိုက်တယ်ဆိုတဲ့ အိုဇေးလ်

မီဆွတ် အိုဇေးလ်ဟာ မကြာသေးမီက ဂျာမနီအသင်းမှာ ပိုဒေါစကီးထံမှ ကျောနံပါတ် ၁၀ ဂျာစီအင်္ကျီကို လွှဲပြောင်းရယူခဲ့ပါတယ်။ အိုဇေးလ်အနေနဲ့ ဒီဂျာစီအင်္ကျီနဲ့ ဂျာမနီအသင်းမှာ ကစားခွင့်ရရှိတော့မှာဖြစ်ပါတယ်။ ကွင်းလယ် ဖန်တီးရှင် အိုဇေးလ်က သူ့အနေနဲ့ နံပါတ် ၁၀ ကို အတော်လေး သဘောကျနှစ်ကြိုက်တယ်လို့ ဆိုပါတယ်။ အာဆင်နယ်အသင်းမှာလည်း ဒီနံပါတ် ၁၀ ဂျာစီအင်္ကျီကို ဝတ်ဆင်လို တယ်လို့ ဆိုပါတယ်။ ဒီနှစ်ရာသီမှာ ဘုန်းမောက်ကို တစ်ရာသီ အငှားသွားရောက် ကစားတော့မယ့် ဂျက်ဝီရှရီရဲ့ကျောနံပါတ် ၁၀ ဂျာစီကို ရယူလိုတယ်လို့ အိုဇေးလ်က အာဆင်နယ် တာဝန်ရှိသူတွေထံ တရားဝင်ဖွင့်ဟတောင်းဆိုလာပါတယ်။ ဒီလို တောင်းဆိုရတာကလည်း အာဆင်နယ်အသင်းမှာ အိုဇေးလ်အနေနဲ့ အဓိကလူဖြစ်လာဖို့ ရည်ရွယ်တာလို့ ဆိုပါတယ်။ ပိုဒေါစကီးဟာ ဂျာမနီအသင်း လက်ရွေးစင်အဖြစ်မှ အနားယူခဲ့ပြီးနောက် အိုဇေးလ်နံပါတ် ၁၀ ဖြစ်လာခဲ့ပါတယ်။ အာဆင်နယ်အသင်းမှာလည်း နံပါတ် ၁၀နဲ့ ကစားတော့မယ် အနေအထားဖြစ်လာပါတယ်။ လက်ရှိအချိန်မှာတော့ နံပါတ် ၁၁ နဲ့ ကစားနေတာဖြစ်ပါတယ်။

● ကောင်းမြတ်သူ - စုစည်းသည်။ ●

# မော်ရင်ဟိုလက်ထက် မန်ယူအသင်းမှာ ခြေစွမ်းပြခွင့်မရဖြစ်နေတဲ့ ရှဝိန်းစတိုက်ဂါ

ဘတ်စတီယန် ရှဝိန်းစတိုက်ဂါဟာ မန်ယူကစားသမားတစ်ဦးဖြစ်ပေမယ့် နည်းပြမော်ရင်ဟိုလက်ထက်မှာ ခြေစွမ်းပြခွင့်မရဖြစ်နေဆဲပါ။ အဆိုးရွားဆုံးကတော့ မန်ယူရဲ့ ယူရိုပါလိဂ် အုပ်စုအဆင့်ပြိုင်ပွဲတွေမှာလည်း မော်ရင်ဟိုဟာ ရှဝိန်းစတိုက်ဂါကို ရွေးချယ်ထားခြင်းမရှိပါဘူး။ မန်ယူအသင်းဟာ စက်တင်ဘာလအတွင်းမှာ ဖီနာဘာချီ၊ ဇိုရာနဲ့ ဖေယန်နူးအသင်းတွေနဲ့ လာမယ့် စက်တင်ဘာ ၁၅ ရက်မှာ စတင်ကစားဖို့ ရှိပါတယ်။ ဒီပြိုင်ပွဲတွေမှာ ရှဝိန်းစတိုက်ဂါ ပါဝင်ကစားခွင့်ရရှိမှာ မဟုတ်ပါဘူး။ နည်းပြ မော်ရင်ဟိုက ရွေးချယ်ထားခြင်းမရှိလို့ပါပဲ။ အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကွင်းလယ်ကစားသမားကြီး ရှဝိန်းစတိုက်ဂါဟာ ပရီမီယာလိဂ်မှာ ပါဝင်ခွင့်ရပေမယ့် ယူအီးအက်ဖ်အေသို့ မန်ယူက တင်ပြတဲ့ ၂၇ ဦး ကစားသမားစာရင်းမှာ ချန်လှပ်ထားခြင်းခံရပါတယ်။ သူဟာ ပရီမီယာလိဂ်မှာလည်း မော်ရင်ဟိုလက်ထက်မှာ ကစားခွင့်မရသေးဘဲ ဖြစ်နေပါတယ်။ ရှဝိန်းစတိုက်ဂါဟာ လွန်ခဲ့တဲ့ သီတင်းပတ်က ဂျာမနီ လက်ရွေးစင်အဖြစ်မှ အနားယူလိုက်ပြီဖြစ်ပါတယ်။ ဂျာမနီအသင်းမှာ ပွဲပေါင်း ၁၂၀ ပွဲ ပါဝင်ကစားခဲ့ပြီးနောက် အနားယူခဲ့တာ ဖြစ်ပါတယ်။





# ပရီမီယာလိဂ်မှာ အကောင်းဆုံးနည်းပြဖြစ်လာမယ့် မန်စီးတီးနည်းပြ ဂွာဒီယိုလာ

ဂွာဒီယိုလာဟာ ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်မှ မန်စီးတီးသို့ ပြောင်းရွှေ့လာပြီးနောက် အကောင်းဆုံး နည်းပြဖြစ်လာဖို့ ကြိုးစားနေတာပါ။ လစဉ် အကောင်းဆုံး နည်းပြဆုအတွက် ပရိသတ်တွေနဲ့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေရဲ့အွန်လိုင်းမှတစ်ဆင့် မဲပေးရွေးချယ်မှုအပေါ် ထုတ်ပြန်ကြေညာပေးလေ့ရှိပါတယ်။ တွစ်တာ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဆန္ဒမဲပေးရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ ဩဂုတ်လအတွက် အကောင်းဆုံး နည်းပြဆုရဖို့အတွက် ဂွာဒီယိုလာ ရေပန်းစားနေပါတယ်။ ချယ်လ်ဆီးနည်းပြ ကွန်တီ၊ ဟားလ်စီးတီးနည်းပြ မိုက်ဖီလန်း၊ မန်ယူနည်းပြ မော်ရင်ဟိုတို့နဲ့ အပြိုင် အကောင်းဆုံးနည်းပြဖြစ်ဖို့ ဂွာဒီယိုလာ ရေပန်းစားနေပါတယ်။ ဂွာဒီယိုလာဟာ မန်စီးတီးကို တာဝန်ယူပြီးနောက် ငါးပွဲစလုံး အနိုင်ရအောင် ကြိုးစားပေးနိုင်ခဲ့ပါတယ်။ မော်ရင်ဟိုကလည်း မန်ယူကို သုံးပွဲဆက်တိုက် အနိုင်ရအောင် လုပ်ပေးနိုင်ခဲ့ပါတယ်။ ဟားလ်စီးတီးနည်းပြ ဖီးလန်းကလည်း ပရီမီယာလိဂ် သုံးပွဲမှာ နှစ်ပွဲ အနိုင်ရအောင် ကစားပေးနိုင်ခဲ့ပါတယ်။

# ပျက်စီးနေသောတံတားကို အသစ်တည်ဆောက်ပေးရန် ဒေသခံများလိုလားနေ

**ကန့်ဘလူ စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ကန့်ဘလူ-ငါတို့-ရွာမ-အင်းလယ်ကြီး-ကျေးပင်အက် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ငါတို့ကျေးရွာမှ ငမဲချောင်းဖြတ် တံတားသည် ပျက်စီးယိုယွင်းနေပြီး ဒေသခံပြည်သူများ ဆက်သွယ်သွားလာရေးအတွက် အခက်အခဲ ကြုံတွေ့နေရသဖြင့် တာဝန်ရှိသူများက တံတားအသစ်ဆောက်လုပ်ပေးရန် ဒေသခံပြည်သူများ မျှော်လင့်နေကြကြောင်း သိရသည်။



အဆိုပါ တံတားသည် အရှည် ပေ ၆၀၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားဖြစ်ပြီး ငါတို့ကျေးရွာမှ ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သောတံတားဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇူလိုင်လက မိုးများသည်းထန်စွာရွာသွန်းပြီး မြင်းတဲကြီးချောင်း (ဒေသအခေါ် ငမဲချောင်း) ရေကြီးရေလျှံမှုကြောင့် မျောပါသွားခဲ့ကြောင်း၊ တံတားကို ဒေသခံပြည်သူများက ပြန်လည်ပြုပြင်တည်ဆောက်ပြီးဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် တံတားမှာ အလယ်တွင် ချိုင့်ဝင်လျက် လက်ရမ်းများပြုတ်ခြင်း၊ သစ်သားတိုင်အောက်ခြေများ ယိုင်နဲ့နေခြင်း၊ အသားများဆွေးမြည့်နေခြင်းစသည်ဖြင့် ယာဉ်များဖြတ်သန်းရန် ခက်ခဲနေခြင်းကြောင့် တံတားကိုအသုံးပြုနေရသော ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင်ပါ အခက်အခဲကြုံတွေ့လျက်ရှိသည်။ အဆိုပါ တံတားကို အသစ် ပြန်လည်တည်ဆောက်ပေးနိုင်ရန် ဒေသခံပြည်သူများက လိုလားနေကြခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၅**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ စိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၆ ရက်တွင် မွန်ပြည်နယ်အတွင်းရှိ သစ်သီးဝလံဥယျာဉ်ခြံများနှင့် မျိုးသန့်မျိုးပွားစိုက်ခင်းများကို သွားရောက်ကြည့်ရှုပြီး မွန်ပြည်နယ်မှာ ရာသီဥတုကောင်းမွန်သဖြင့် ကျွဲကော၊ ဒူးရင်း၊ ကြက်မောက်၊ သီးနှံများထွက်ရှိပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပသို့ ထုတ်လုပ်တင်ပို့နိုင်ရေး ဆွေးနွေးသည်။ ဩဂုတ် ၂၇ ရက်တွင် မုဒုံရော်ဘာသုတေသနခြံစိုက်ခင်းသို့ ရောက်ရှိပြီး ရော်ဘာမျိုး ၂၁ မျိုး ယှဉ်ပြိုင်စိုက်ပျိုး သုတေသနပြုမည့်အစီအစဉ်များ၊ ရော်ဘာမျိုးကောင်းမျိုးသန့် ပျိုးပင်များထုတ်လုပ်၍ ခြံစိုက်ခင်းနှင့် ဒေသအတွင်း ပင်အို၊ ပင်ဟောင်းစိုက်ခင်းများတွင် အစားထိုးမည့် အစီအစဉ်များကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသအတွက် ရေမြှုပ်ခံစပါးမျိုး ၄၅ တင်း၊ ကော့ကရိတ်မြို့နယ် ကရင်အမျိုးသားအစည်းရုံး ဗဟိုဌာနချုပ် မိသားစုများအတွက် ရေမြှုပ်ခံစပါး ၄၅ တင်းနှင့် ယူရီးယား ဓာတ်မြေဩဇာ အိတ် ၅၀၊ ဘားအံမြို့နယ် ရေကျော်ကျေးရွာအတွက် ရေမြှုပ်ခံစပါး တင်း ၅၀ တို့ကို ထောက်ပံ့ပေးအပ်ပြီး ဘားအံမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သမဝါယမကိစ္စများ ဆွေးနွေးခဲ့သည်။ ထို့နောက် ဩဂုတ် ၂၈ ရက်တွင် ဘားအံဗဟိုခြံ၏ ဆင်းသုခမျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်းဧက ၃၀ ကိုလည်းကောင်း၊ ကမော့ကပိုခြံရှိ ဆင်းသုခမျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်းဧက ၃၀ နှင့် ပိုးစာစိုက်ခင်း၊ ကျွဲကောမျိုးထိန်း စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ယာဉ်မောင်းသူများ အရက်သောက်စားထားခြင်းရှိမရှိ စစ်ဆေး

**မြစ်ကြီးနား စက်တင်ဘာ ၅**

မြစ်ကြီးနားမြို့၌ မော်တော်ယာဉ်များကို အသုံးပြုသွားလာနေကြသော ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်မတော်တဆမှု ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန်အတွက် ယာဉ်မောင်းသူများအနေဖြင့် အရက်သေစာသောက်စားထားခြင်း ရှိ မရှိကို အရက်မူးတိုင်းကိရိယာ(alcohol tester) ဖြင့် စက်တင်ဘာ ၃ ရက် ညနေပိုင်းက စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။



မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဝိုင်းမော်-မြစ်ကြီးနားလမ်းပေါ်၌ ဖြတ်သန်းသွားလာသော ကုန်တင်ယာဉ်များ ခရီးသယ်တင်ယာဉ်များ၊ ကိုယ်ပိုင်မော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များအား အမှတ်(၉၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မြစ်ကြီးနား)မှ ရဲအုပ် ရဲစိုးသိန်း ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားခရိုင် ယာဉ်များကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဗလမင်းထင်တံတားထိပ်၌ အခြေပြု၍ စစ်ဆေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အရက်မူးတိုင်း ကိရိယာဖြင့် တိုင်းတာစစ်ဆေး၍ အရက်သေစာ သောက်စားထားသည်ကို တွေ့ရှိပါက ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**မင်းရာဇာ**

# အိမ်မဲမြို့နယ်၌ တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသ

**အိမ်မဲ စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် တိုင်းရင်းဆေးကုသရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ထိန်ငူကျေးရွာအုပ်စု မာလကာကုန်းကျေးရွာမှ ပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃ ရက် က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင့်ခိုင်စိုးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဌေးဌေးလှိုင်တို့က ကျေးရွာရှိပြည်သူများအား ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း၊ ကွမ်းစားသုံးခြင်း အန္တရာယ်များ၊ စာပေဖတ်ရှုခြင်းအကျိုးကျေးဇူးများ စသည်ဖြင့် ကဏ္ဍအလိုက် ဟောပြောခဲ့ပြီး ကျေးရွာနေပြည်သူများအား မြို့နယ် တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက အခမဲ့ ရောဂါစမ်းသပ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန် /ဆက်)**

# ကွမ်းစားသုံးမှုဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုများ ကျဆင်းပပျောက်ရေးကော်မတီ၊ အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းတို့ပူးပေါင်း၍ ကွမ်းစားသုံးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂ ရက် မွန်းတည့် ၁၂ နာရီက လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရင်မြနှင့် တာဝန်ရှိသူများက ကွမ်းစားသုံးခြင်းဆိုင်ရာသမိုင်းကြောင်း၊ ဆိုးကျိုးများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် ကွမ်းတံတွေးကိုစနစ်တကျထွေးခြင်း၊ စွန့်ပစ်ခြင်းအကြောင်းများကို ဟောပြောကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။ **(သတင်းစဉ်)**

# မုံရွာဌာနခွဲတွင် နိုင်ငံကူးလက်မှတ်များ လျှောက်ထားနိုင်

**မုံရွာ စက်တင်ဘာ ၅**

၂၀၁၄ ခုနှစ် ဇန်နဝါရီ၂ ရက်က စတင်ဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနခွဲ (မုံရွာ)တွင် ယခုနှစ် ဩဂုတ်လအထိ သုံးနှစ်တာကာလအတွင်း ၉၁၂၉ ဦးအား နိုင်ငံကူးလက်မှတ်ထုတ်ပေးခဲ့သော်လည်း ယခုအထိ မုံရွာဌာနခွဲတွင် လုပ်ရမည်ကို သိရှိသူနည်းပြီး ရန်ကုန်သို့သာ သွားရောက်ထုတ်ယူမှုများ ရှိနေသောကြောင့် ခရီးစရိတ်နှင့် အခြားကုန်ကျစရိတ်များပြားနေကြောင်း မုံရွာဌာနခွဲတာဝန်ခံ ရဲအုပ်မြင့်ဆွေထံမှ သိရသည်။

“မုံရွာဌာနခွဲအနေနဲ့ နိုင်ငံကူးလက်မှတ်စာအုပ် လာလျှောက်သူတွေကို ၁၁ ရက်နဲ့ စာအုပ်ရအောင်အပြီး ဆောင်ရွက်ပေးနေပါတယ်။ စာအုပ်လာလျှောက်တဲ့သူအနေနဲ့ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုဇယားမူရင်းနဲ့အတူ လူကိုယ်တိုင် လာရောက်ပြီး သတ်မှတ်ထားတဲ့အချက်တွေနဲ့ ပြည့်စုံရင် ထုတ်ပေးနေတာဖြစ်ပါတယ်။ သာသနာ့ဝန်ထမ်းဖြစ်ရင်လည်း မြို့နယ်သံဃနာယကရဲ့ထောက်ခံချက်နဲ့အတူ သာသနာရေးစိစစ်ရေးကတ်အစစ်နဲ့ လာရောက်လျှောက်ထားရင်ရပါပြီ။ အသက် ၁၀ နှစ်မပြည့်တဲ့ကလေးတွေလျှောက်ရင် မွေးစာရင်းမူရင်းနဲ့ လျှောက်ထားရမှာပါ။ လက်မှတ်လျှောက်တဲ့သူက အိမ်ထောင်စု ဇယားမူရင်းနဲ့မှတ်ပုံတင်ပြရင် လူဝင်မှုကြီးကြပ်ရေးက မှန်ကန်မှုရှိ မရှိစစ်ဆေးပြီး မှန်ကန်ရင်ချလန်ရောင်းပေးပါတယ်။ လိုအပ်တာတွေလုပ်ပြီးရင် စလစ်စာရွက် ပြန်ပေးပါတယ်။ ကုန်ကျစရိတ်အနေနဲ့ စာအုပ်ဖိုးငွေကျပ် ၁၉၀၀၀၊ အွန်လိုင်းကြေးငွေကျပ် ၁၀၀၀၊ ဓာတ်ပုံဖိုးငွေကျပ် ၂၀၀၀၊ ဝန်ဆောင်ခက ငွေကျပ် ၁၈၀၀ နဲ့ ပုံစံဖိုးက ငွေကျပ် ၂၀၀ စုစုပေါင်း ငွေကျပ် ၂၅၀၀၀ ကျသင့်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးဌာနခွဲ (မုံရွာ) အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်တို့တွင် ဌာနခွဲ ၁၅ခုရှိရာ ဌာနခွဲများတွင် သက်တမ်းငါးနှစ်ရှိ သာမန်နိုင်ငံကူးလက်မှတ်များကို ထုတ်ပေးနေခြင်းဖြစ်ပြီး ပွဲစားဖြင့် လာရောက်လုပ်ကိုင်ခြင်းများကို အထူးတင်းကြပ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မူခင်းအသိပညာပေးရွေ့လျားပြခန်းယာဉ်ဖြင့် လှည့်လည်ရှင်းလင်းမှုများ ရေဦး၌ပြုလုပ်

**ရေဦး စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး၏ ညွှန်ကြားမှုဖြင့်ပြည်သူ့ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊ မိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းပါဝင်လာစေရေး စသည့် မူခင်းဆိုင်ရာအကြောင်းအရာများ တွေ့မြင်သိရှိ နိုင်စေရေးတို့အတွက် ခရိုင်နှင့်မြို့နယ်များသို့ မူခင်းအသိပညာပေးရွေ့လျားပြခန်းယာဉ်ဖြင့် လှည့်လည်ရှင်းလင်းမှုများပြုလုပ်လျက်ရှိရာ စက်တင်ဘာ ၄ရက်ညနေပိုင်းက ရေဦးမြို့သို့ရောက်ရှိလာရာ မြို့ပေါ် ငါးရပ်ကွက်၊ ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများနှင့် လူစည်ကားရာ စည်ပင်ဈေးတောင်ဘက်တို့တွင် ပြုလုပ်ခဲ့သည်။

ရွေ့လျားပြခန်းယာဉ်ဖြင့် မူခင်းအသိပညာပေးခြင်း ဆောင်ရွက်ရာတွင် ဖြစ်ရပ်မှန်လူကုန်ကူးမှုများ၊ လူကုန်ကူးခံရသူများ၊ မူးယစ်ဆေးရောင်းဝယ်သုံးစွဲကြသူများ၏ ဘဝနိဂုံး၊ ယာဉ်စည်းကမ်းမလိုက်နာသူများနှင့် ယာဉ်မဆင်မခြင် မောင်းနှင်သူများကြောင့် အဖြစ်ဆိုးများနှင့်ကြုံတွေ့ရခြင်းတို့ကို ဗီနိုင်းဓာတ်ပုံများ ပြသထားခြင်း၊ ဓာတ်ပုံပါအကြောင်းအရာများကို ကြည့်ရှုသူများတွေ့မြင်နားလည်စေရန် ထောက်ပြရှင်းလင်းခြင်းအပြင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဆက် ဦးဆောင်ကာ အရာရှိတပ်ဖွဲ့ဝင်များနှင့် ရဲမေများက လမ်းသွားလမ်းလာများ၊ ယာဉ်မောင်းများ၊ ဈေးသူဈေးသားများ လက်ဝယ်သို့အရောက် ပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြသည်။

**သန်းထိုက်(ရေဦး)**



## သတင်းတိုများ

### မိုင်းလုံတွင် ဘီပိုးကာကွယ်ဆေး တတိယအကြိမ်ထိုးပေး

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် မိုင်းလုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများ စက်တင်ဘာ ၃ ရက်က တတိယအကြိမ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။ ပြည်သူ့ကျန်းမာရေးဌာန၏ အသည်းရောင်အသားဝါ ဘီပိုး ကာကွယ်ဆေးထိုးနှံခြင်း စီမံချက်အရ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို အခမဲ့ထိုးနှံပေးခြင်းဖြစ်ပြီး ကာကွယ်ဆေးမှာ သုံးကြိမ်ထိုးရမည်ဖြစ်ရာ ယခု တတိယအကြိမ် ဆေးထိုးပေးခြင်းမှာ အထက(မိုင်းလုံ)၌ နောက်ဆုံးအကြိမ် ထိုးနှံပေးခြင်းလည်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

ဂန့်ဂေါမြို့နယ် အခြေခံပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဂန့်ဂေါမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အထက်တန်းအဆင့်၌ ကျောင်းသား ကျောင်းသူ ငါးဦးနှင့် အလယ်တန်းအဆင့်၌ ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**(၁၀၁)**

# ကိုရီးယားဘာသာစကားသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားမည်

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးမြို့မှ ကိုရီးယားဘာသာစကား သင်ကြားလိုသူများအတွက် အခမဲ့သင်တန်းကို MIN JU ကိုရီးယားဘာသာစကားသင်တန်းမှ အခမဲ့ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ကိုရီးယားဘာသာစကားကို စိတ်ပါဝင်စားသူများ၊ ကိုရီးယားသို့ သွားရောက်အလုပ်လုပ်ကိုင်ချင်သူများ၊ ကိုရီးယားစကားပြန်လုပ်ချင်သူများအတွက် ကိုရီးယားဘာသာစကားကို ပညာဒါနအဖြစ် သင်ကြားပို့ချနေပြီး မည်သူမဆို လာရောက်ပညာသင်ယူနိုင်ပါတယ်။ ကိုရီးယားဘာသာစကားနဲ့ပတ်သက်ပြီး အရေး၊ အဖတ်၊ အပြော၊ နားထောင်စွမ်းရည်မြင့်တတ်လာစေရန် နှစ်လသင်ကြားပို့ချပေးပါတယ်၊ သင်တန်းမှာ ထူးချွန်သူတွေရွေးချယ်ပြီး အဆင့်မြင့်သင်တန်းများ ဆက်လက်ပို့ချပေးသွားမှာဖြစ်ပါတယ်"ဟု MIN JU ကိုရီးယားဘာသာစကားသင်တန်းမှ ဆရာမဒေါ်မဥ္ဇူက ပြောသည်။

အခြေခံ ကိုရီးယားဘာသာစကားပြောသင်တန်းသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုပါက စက်တင်ဘာ ၉ ရက်အထိ ဖုန်း-၀၂-၇၄၂၈၂ နှင့် ၀၉-၄၀၂၅၉၇၀၃၂ သို့ ဆက်သွယ်စာရင်းပေးကာ စနေ၊ တနင်္ဂနွေ နေ့တိုင်းတွင် နံနက် ၈ နာရီမှ ၁၀ နာရီအထိတစ်ချိန်နှင့် ညနေ ၆နာရီမှ ၈နာရီအထိ တစ်ချိန်တွင် မိမိအဆင်ပြေသောအချိန်ကို ရွေးချယ်တက်ရောက်နိုင်ကြောင်း သိရသည်။

MIN JU ကိုရီးယားဘာသာစကား သင်တန်းသည် အစိုးရခွင့်ပြုချက်ဖြင့် ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သူများကို EPS-TOPIK စာမေးပွဲ ပြင်ဆင်မှုသင်တန်းများ အခမဲ့ သင်ကြားပေးခြင်းနှင့် ကိုရီးယားသို့ ပညာသင်သွားရောက်လိုသူများအတွက် သံရုံးစာမေးပွဲပြင်ဆင်မှုသင်တန်း TOPIK-1 နှင့် TOPIK-2 မေးခွန်းများ ဖြေဆိုပုံဖြေဆိုနည်းများကိုလည်း အခမဲ့လေ့ကျင့်ပေးလျက်ရှိသော သင်တန်းတစ်ခုဖြစ်သည်။

အဆိုပါ MIN JU ကိုရီးယားဘာသာစကားသင်တန်းအနေဖြင့် ယခင်နှစ် နွေရာသီကျောင်းပိတ်ရက်အတွင်းကလည်း ဗြဟ္မစိုရ် လူမှုကူညီရေးအသင်း၌ ပထမအကြိမ် အခမဲ့သင်တန်းကို ဖွင့်လှစ်ပေးခဲ့ပြီး ယခုသင်တန်းသည် ဒုတိယအကြိမ်မြောက် အခမဲ့ပညာဒါန သင်ကြားပေးခြင်းဖြစ်ကြောင်း၊ လာမည့် နွေရာသီကျောင်းပိတ်ရက်တွင်လည်း ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း၌ အခမဲ့သင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချပေးသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**

# ဆင်သေချောင်း တောင်ကျရေဝင်ရောက်သည့် ကျေးရွာများသို့ ထောက်ပံ့လှူဒါန်း

**ရမည်းသင်း စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆတ္တိုးကြီးကျေးရွာအုပ်စုအတွင်း ဆင်သေချောင်း တောင်ကျချောင်းရေဝင်ရောက်ခဲ့သော ကျေးရွာများမှ ပြည်သူများအတွက် အလှူငွေ ကျပ်သိန်း ၇၀၀ ကျော်ကို ရမည်းသင်းမြို့နယ် ပျားစီးအုပ်စု ပျားစီးကျေးရွာ ပရဟိတအဖွဲ့မှ စက်တင်ဘာ ၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ဆတ္တိုးကြီးကျေးရွာအုပ်စုအတွင်းရှိ ဆတ္တိုးပေါက်ကျေးရွာ၊ အောင်ချမ်းသာကျေးရွာနှင့် သံပုရာကုန်းကျေးရွာများတွင် ဩဂုတ် ၂၅ ရက်က မိုးရွာသွန်းမှုများပြီး ဆင်သေချောင်းမှ တောင်ကျရေများ စီးဆင်းလာကာ ကျေးရွာအတွင်း ရေကိုးပေကျော် မြင့်တက်ခဲ့ခြင်းဖြစ်ကာ အဆိုပါ ကျေးရွာများမှ ပြည်သူများအတွက် ပျားစီးကျေးရွာ ပရဟိတအဖွဲ့ခေါင်းဆောင် ဦးစောယုနိုင်နှင့် ဦးသန်းဝင်းတို့က ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျေးရွာများ၌ လှည့်လည်အလှူခံရာမှ ရရှိသော ကျပ်သိန်း ၇၀၀ ကျော်ကို သွားရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

ကျေးရွာများရှိ ရေဘေးကြုံပြည်သူများအတွက် အိမ်ထောင်စုသုံး အိုး၊ ခွက်၊ ပန်းကန်များနှင့် ဆန်၊ ဆီများကို လက်ရောက်ပေးအပ်ခဲ့ပြီး အိမ်လုံးကျွတ်ပျက်စီးခဲ့သည့် အိမ်ထောင်စု ၁၅ စုအတွက်လည်း အလှူငွေ ကျပ် ၁၀၂ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ရေဘေးကြုံကျေးရွာများမှ ပြည်သူများအား ပျားစီးတိုက်နယ် ကျန်းမာရေးမှူးခေါင်းဆောင်ကာ သားဖွားဆရာမများက ရေသန့်ကလိုရင်းဆေးများ ခတ်ပေးခြင်းနှင့် အသက်ငါးနှစ်အောက် ကလေးငယ်များအား ကာကွယ်ဆေးထိုးပေးခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးဆေးခန်းဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မိုးရွာသောကြောင့် ဂွေးချိုဆည်အတွင်း ရေဝင်ရောက် စိုက်ပျိုးရေလုံလောက်စွာရရှိ၍ တောင်သူများဝမ်းမြောက်

**ရေစကြို စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ဩဂုတ်လက မိုးနှစ်ကြိမ်ရွာခဲ့ပြီး ဂွေးချိုဆည်အတွင်း ရေအလုံအလောက် ဝင်ရောက်ခဲ့ကာ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာရသဖြင့် ဒေသခံတောင်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက မိုးနည်းတယ်။ မနှစ်ကလည်း မိုးက ဟုတ်တိပတ်တိမရွာလို့ ဆည်ထဲ ရေဝင်တာနည်းတယ်။ ဒါကြောင့် ဒီနှစ်တော့ စပါးမစိုက်ရဘူးလို့ ထင်တာ။ မမျှော်လင့်ဘဲ ဩဂုတ် ဒုတိယပတ်မှာ မိုးနှစ်ကြိမ်ရွာတော့ ဆည်ထဲကို ရေ ၁၅ ပေလောက် ဝင်လာတယ်။ စပါးစိုက်ဖို့ လုံလောက်တဲ့ရေ ရတဲ့အတွက် ကျွန်တော်တို့ ဒေသခံတောင်သူတွေ ဝမ်းသာနေပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်မောင်ကလည်း "ဆည်ထဲမှာ ရေနည်းတော့ ဒီနှစ်မိုးစပါးစိုက်ပျိုးဖို့ မျှော်လင့်ချက်မဲ့သလို ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် ဩဂုတ်လထဲမှာ မိုးနှစ်ကြိမ်ရွာတော့ ဆည်ထဲကို ရေ ၁၅ ပေလောက် ဝင်လာတယ်။ ဒါကြောင့် စိုက်ပျိုးရေ ၁၃ ပေလောက် ပေးဝေနိုင်တော့မှာဖြစ်လို့ မိုးစပါး ဧက ၈၀ လောက်နဲ့ အခြားသီးနှံတွေ စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ရိဒ်ရေကန်ကြိုးပြင်ကာကွယ်တောထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက်

**ရိခေါဒါရ် စက်တင်ဘာ ၅**

ချင်းပြည်နယ် ရိဒ်ရေကန်ကြိုးပြင်ကာကွယ်တောထိန်းသိမ်းရေးအတွက် ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းနှင့် တာဝန်ရှိသူများ စက်တင်ဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကြိုးပြင်ကာကွယ်တော သတ်မှတ်သည့်နယ်မြေအတွင်း သစ်ပင်ခုတ်လှဲခြင်းနှင့် သစ်ခိုးထုတ်လုပ်မှု ရှိ မရှိ၊ ဥယျာဉ်ခြံများ နယ်မြေကျူးကျော်လုပ်ကိုင်မှု ရှိ မရှိ၊ ရိဒ်ရေကန်၏သဘာဝအလှ ထိခိုက်ပျက်စီးစေမည့် ကျူးကျော်လုပ်ဆောင်ခြင်းများ ရှိ မရှိ တို့ကို မြို့အုပ်ချုပ်ရေးမှူး ဦးဆောင်၍ သစ်တောဦးစီးဌာန ယာယီတာဝန်ခံ တောခေါင်း ဦးလိန်းမောင်၊ မြို့လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးရွှန်းနယ်ခဲန်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဗန်ရိုထန်းတို့အဖွဲ့ နယ်မြေကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

ရိဒ်ရေကန်ကြိုးပြင်ကာကွယ်တောအဖြစ် ရိဒ်ရေကန်ပတ်လည် ကြိုးဝိုင်းတော ၅၄၃ ဒသမ ၈၆ ဧက(၀ ဒသမ ၈၄၉၇ စတုရန်းမိုင်)ခန့်ကို ရိဒ်ရေကန်ဘေး လယ်ယာမြေများ၊ ပုဂ္ဂလိကဥယျာဉ်ခြံများ၊ မြို့မြေကွက်နှင့် ဌာနဆိုင်ရာမြေနေရာများ ချန်လှပ်၍ သတ်မှတ်ထားကြောင်း သိရသည်။

ယင်းကြိုးပြင်ကာကွယ်တော ကြိုးဝိုင်း သတ်မှတ်မြေနေရာနှင့် နယ်နိမိတ် တည်နေရာများကို အများပြည်သူများသိရှိနိုင်ရန် သစ်တောဦးစီးဌာနက ဘုတ်တိုင် ၁၇ တိုင် စိုက်ထူ အသိပေးထားကြောင်း၊ ရိဒ်ရေကန်ကြိုးပြင် ကာကွယ်တောထိန်းသိမ်းကြီးကြပ်ရေးကို သက်ဆိုင်ရာ ဌာနများနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



## ရွေ့လျားပြခန်းယာဉ်ဖြင့် မူခင်းပညာပေးအစီအစဉ်များ လှည့်လည်ပြသ

**ခင်ဦး စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် အတွင်းမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ထိရောက်သော မူခင်းအသိပညာများပေးနိုင်ရန် ရည်ရွယ်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်ဦးဆောင်ပြီး ခင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မူခင်းအသိပညာပေးမှုများကို ရွေ့လျားပြခန်းယာဉ်ဖြင့် လှည့်လည်ပြသလျက်ရှိရာ စက်တင်ဘာ ၂ ရက်က ခင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် သွားရောက်ပြသခဲ့သည်။

ရွေ့လျားပြခန်းယာဉ်တွင် မူခင်း အသိပညာပေး မှတ်တမ်းဓာတ်ပုံများ၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ပိုစတာများ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးမှတ်တမ်းဓာတ်ပုံများကို ပြသထားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးက မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းကိုလည်းကောင်း ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောကာ အသိပညာပေးလက်ကမ်း စာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**ခင်ဦးစိုးဝေ**



# ရေပြင်ရှာဖွေရေးနှင့် အသက်ကယ်ခြင်း တနင်္သာရီမြို့၌ လက်တွေ့သရုပ်ပြလေ့ကျင့်

**တနင်္သာရီ စက်တင်ဘာ ၅**

တနင်္သာရီမြို့နယ်အတွင်း နေ့စဉ်ပြေးဆွဲနေသော ရေယာဉ်များကို စီးနင်းသွားလာနေကြသော ဒေသခံပြည်သူများနှင့် ခရီးသွားများ သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာပေါ်ပေါက်ပါက မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် အရေးပေါ်ကယ်ဆယ်နိုင်ရန်အတွက် ရေပြင်ရှာဖွေရေး အသက်ကယ်မှု လက်တွေ့သရုပ်ပြခြင်းကို ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာရေပြင်အတွင်း စက်တင်ဘာ ၄ ရက်က ပြုလုပ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန်ခင်မောင်ရီ၏ လမ်းညွှန်မှုအရ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမျိုးနိုင်က ကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ဝင် ကိုးဦးတို့က မြစ်ရေပြင်အတွင်း အရေးပေါ်ရှာဖွေခြင်း၊ ကယ်ဆယ်ခြင်း၊ အသက်ရှူ အားကူနည်းဖြင့် ရှေးဦးပြုစုခြင်းနှင့် သက်ဆိုင်ရာသို့ ညွှန်းပို့ပေးခြင်းများကို စုပေါင်း၍ လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ- နန်းသာရီ ထိန်ဝင်း(ပြန်/ဆက်)**

# နမ့်စန်မြို့ တိန်းချောင်းပရဟိတကုသိုလ်ဘဏ်သို့ အလည်တစ်ခေါက်

## မိုးလွင်ဦး(လွိုင်လင်)

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် နမ့်စန် - ကျိုင်းတုံ ကားလမ်းအနီးတိန်းချောင်းနံဘေးတွင် တည်ရှိသော သန်လျင်သဘာဝတရားရိပ်သာ ဆရာတော်ဦးဥတ္တမသာရ၏ ရိပ်သာခွဲတစ်ခုဖြစ်သော နမ့်စန်တိန်းချောင်း သဘာဝရတနာပရဟိတကုသိုလ်ဘဏ် တစ်ခုတည်ရှိသည်။

အဆိုပါကုသိုလ်ဘဏ်ကို ၂၀၁၅ ခုနှစ် ဩဂုတ်လက တည်ထောင်ခဲ့ပြီး ယခု ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်၊ ၁၃၇၈ ခုနှစ် ဝါခေါင်လကွယ်နေ့ (ကြာသပတေးနေ့)တွင် တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိဗ္ဗာန်ဈေးခင်း၍ စုပေါင်းအလှူရှင်များအား စားစရာအမျိုးပေါင်း ၄၅ မျိုးကို ကုသိုလ်ပြုတည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

စာရေးသူသည် စက်တင်ဘာ ၂ရက်က နမ့်စန်တိန်းချောင်းသဘာဝရတနာ ပရဟိတကုသိုလ်ဘဏ်သို့ အလည်တစ်ခေါက်သွားရောက်လေ့လာခဲ့ပြီး သိလိုသည်များကို တာဝန်ရှိသူများအား မေးမြန်းပြီးမှတ်တမ်းတင်ခဲ့ပါသည်။



နမ့်စန်တိန်းချောင်း သဘာဝရတနာပရဟိတ ကုသိုလ်ဘဏ်၌ တည်ဆောက်ထားသည်များကို တွေ့ရစဉ်

နမ့်စန်မြို့သည် လွိုင်လင်မြို့၏ အရှေ့ဘက် ၁၆ မိုင်အကွာတွင်တည်ရှိပြီး တိန်းချောင်းသဘာဝ ရတနာပရဟိတကုသိုလ်ဘဏ်သည် နမ့်စန်မြို့နှင့် ခြောက်မိုင်ခန့်အကွာ နမ့်စန် - ကျိုင်းတုံကားလမ်းအနီး တိန်းချောင်းနံဘေးတွင် တည်ရှိသည်။ စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီက လွိုင်လင်မြို့မှ မော်တော်ဆိုင်ကယ်ဖြင့် တောတောင်သဘာဝကို ရှုရှိုက်ရင်းဖြည်းဖြည်းနှင့်မှန်မှန် ခရီးထွက်ခွာလာရာ နမ့်စန်မြို့သို့ နံနက် ၉ နာရီ ၄၅မိနစ်တွင် ရောက်ရှိပြီး မိတ်ဆွေအိမ်၌ ခေတ္တနားကာ မိတ်ဆွေများနှင့်အတူ နမ့်စန်မြို့နှင့် ခြောက်မိုင်ခန့်ကွာဝေးသည့် သဘာဝရတနာပရဟိတရိပ်သာသို့ ဆက်လက်ထွက်ခဲ့သည်။



နမ့်စန်တိန်းချောင်း သဘာဝရတနာပရဟိတ ကုသိုလ်ဘဏ်သို့ လာရောက်လေ့လာသူများ စိတ်အပန်းပြေစေရန်ဆောက်လုပ်ထားသော ချောင်းနံဘေးမှ လူသွားလမ်းကို တွေ့ရစဉ်

တိန်းချောင်းစီးသံ တသွင်သွင်ညံစီစီသာယာလှပသည့် သဘာဝရတနာ အဆောက်အအုံများမှာ သပ်သပ်ရပ်ရပ် အစီအရီတည်ဆောက်ထားသည်များ မြင်တွေ့ရသည်။ လာရောက်လည်ပတ်လေ့လာသူများ၊တစ်ဦးတစ်ယောက်ချင်းမှအစ မိသားစုအလိုက် စိတ်အပန်းဖြေအနားယူနိုင်ရန် ချောင်းနံဘေးတွင် လူသွားလမ်းများ၊ ဘန်ဂလိုများ တည်ဆောက်ထားပြီး ကျောက်စီစားပွဲခုံ ထိုင်ခုံများကို အစီအရီခင်းကျင်းထားသည်။ ထို့အတူ ရေကူးကန်များပင် တည်ဆောက်ထားပြီး အဝင်လမ်း၏ ညာဘက်တွင် အဆောက်အအုံများ၊ ဘယ်ဘက်တွင် တိန်းချောင်းနှင့် ပန်းရနေသည့် ဘန်ဂလိုများ၊ လူသွားလမ်းများဖြင့် ရင်သပ်ရှုမောဖွယ်လှပနေသည်။ ထူးခြားချက်တစ်ခုကတော့ အဝင်လမ်း၏ ညာဘက် ဘန်ဂလိုတစ်ခုအောက်တွင် ငြိမ်သက်လှပနေသည့် မြန်မာ့ရိုးရာနွားလှည်းကလည်း လာရောက်လည်ပတ်သူများအတွက်အသွင်ဆန်း အမြင်ဆန်းစွာ တည်ရှိနေသည်။ စာရေးသူသည် ထိုမြင်သမျှ တွေ့သမျှများကို မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးပြီးနောက် နမ့်တိန်းချောင်း သဘာဝတရားရိပ်သာ မူလပထမဆောင်သို့သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ သိလိုသည်များကို မှတ်တမ်းတင်ပြီး ပြန်လည်မျှဝေလိုက်ပါသည်။

"ဒီပရဟိတကုသိုလ်ဘဏ်ကို သန်လျင်သဘာဝတရားရိပ်သာတည်ထောင်ဖွင့်လှစ်တဲ့ သက်တော် (၄၇နှစ်) ရှိ ဆရာတော်ဦးဥတ္တမသာရရဲ့ ရိပ်သာခွဲတစ်ခုဖြစ်တဲ့ နမ့်စန်တိန်းချောင်း သဘာဝရတနာ ပရဟိတကုသိုလ်ဘဏ်တစ်ခုဖြစ်ပါတယ်။ ဒီကုသိုလ်ဘဏ်ရဲ့တစ်နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့ စက်တင်ဘာ ၂ရက်က ဒီအောက်အဆောင်မှာ နိဗ္ဗာန်ဈေးခင်းတယ်။ နောက်ပြီး စုပေါင်းအလှူရှင်တွေကိုလည်း စားစရာအမျိုးပေါင်း ၄၅ မျိုးဖြင့် ကုသိုလ်ပြုတည်ခင်းဧည့်ခံကျွေးမွေးခဲ့တယ်။ စက်တင်ဘာ ၂ရက်က အတော်စည်ကားခဲ့တယ်။"

ဆက်လက်၍ တာဝန်ခံတစ်ဦးက "လက်ရှိအခြေအနေမှာ ဒီသဘာဝ တရားရိပ်သာမှာ ဦးပဉ္စင်း လေးပါး၊ သာမဏေ ၁၆ပါး၊ သက်ကြီးရွယ်အိုငါးဦး၊ သီလရှင် နှစ်ပါးနဲ့ မိဘမဲ့ရှစ်ဦး အပါအဝင် ကျောင်းသား ကျောင်းသူ ၁၀၇ ဦးရှိပါတယ်။ အဲဒီကျောင်းတွေကတော့ များသောအားဖြင့် လီဆူတိုင်းရင်းသားတွေဖြစ်ကြပါတယ်။ ကျောင်းသား ကျောင်းသူတွေကိုတော့ နမ့်မော်ခေါက်စိပ်ကျေးရွာရှိ အလယ်တန်းကျောင်းနဲ့ နမ့်စန်အထကကျောင်းက ပညာသင်ကြားပေးပါတယ်။ ကျောင်းကြိုပို့အတွက် ကားနှစ်စီးနဲ့ ဆောင်ရွက်ပေးနေပါတယ်။ သူတို့လေးတွေအတွက် ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတွေကို ဆောင်ရွက်ပေးရပါတယ်။ အဲဒီကုန်ကျစရိတ်တွေကိုတော့ ဆရာတော်ဦးဥတ္တမသာရ (ရန်ကုန်သန်လျင်) ကျောင်းက ထောက်ပံ့ပေးသလို၊ အနီးအနားက ပြည်သူတွေ၊ ခရီးသွားဧည့်သည်တွေ၊ ရပ်ဝေးက အလှူရှင်တွေက ထောက်ပံ့ပေးနေပါတယ်။ ဒီကလေးတွေ လိမ္မာယဉ်ကျေးဖို့ ညစဉ်ဘုရားရှိခိုးတာ၊ တရားထိုင်တာတွေသင်ပေးတဲ့အပြင် တနင်္ဂနွေ ဓမ္မစကူးကိုလည်း မြို့ပေါ်က ဓမ္မစကူးဆရာ၊ ဆရာမတွေက အပတ်စဉ်လာသင်ပေးပါတယ်။ ကျန်းမာရေးကလည်း မြို့ပေါ်ကုသိုလ်ဖြစ်ဆေးခန်းတွေက အပတ်စဉ် တနင်္ဂနွေနေ့တွေလာပြီး ဆေးဝါးကုသပေးပါတယ်။ ဒီကလေးတွေအတွက် တစ်ရက်တစ်ရက်ကို ကျွေးမွေးစရိတ်ငွေကျပ် တစ်သိန်းခွဲရှိပါတယ်"ဟု ပြောသည်။

အလားတူ နမ့်စန် တိန်းချောင်းသဘာဝရတနာ ပရဟိတကုသိုလ်ဘဏ်သည် နမ့်စန် - ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီးအနီး၌ တည်ရှိသဖြင့် ခရီးသွားမော်တော်ယာဉ်များအတွက် စက်သုံးဆီပြတ်လပ်ပါကလိုအပ်သလိုထည့်ယူနိုင်ရန် ကုသိုလ်အဖြစ်ထားရှိပေးကြောင်း၊ ခရီးသွားများတည်းခိုလိုပါက အခမဲ့တည်းခိုနိုင်ရန် စီစဉ်ပေးထားကြောင်း၊ စားသောက်ရေးအတွက် အခက်အခဲရှိပါကဆန်၊ ဆီ ၊ ဆားနှင့် ဟင်းချက်စရာများအဆင်သင့် စီမံထားကြောင်း သိရသည်။

ထို့ကြောင့် လွိုင်လင်ခရိုင် နမ့်စန်မြို့ရှိတိန်းချောင်းသဘာဝရတနာပရဟိတကုသိုလ်ဘဏ်ရှိခြင်းအားဖြင့် ခိုကိုးရာမဲ့များ၊ ကျောထောက်နောက်ခံမရှိသူများအတွက် နားခိုရာနေရာဖြစ်ပါသောကြောင့် မိဘပြည်သူများက တစ်ဖက်တစ်လမ်းက ကူညီထောက်ပံ့ကာ ကုသိုလ်ရယူပွားများနိုင်ပါရန် ရေးသားလိုက်ရပါသည်။ ။


MYANMAR ENGINEERING SOCIETY
M.E.S Affiliated Centre

CHINDWIN COLLEGE
helping you engineer your future

PEARSON
BTEC



တက္ကသိုလ်ဝင်တန်း မအောင်သေးသူတွေအတွက် ရွေးချယ်စရာ အခွင့်အလမ်းသစ်

တက္ကသိုလ်ဝင်တန်းကို တစ်ကြိမ်ဖြေဆိုပြီးသူတွေအနေနဲ့ Pearson BTEC Level 3 Program ကို ချင်းတွင်းကောလိပ်မှာ တက်ရောက်နိုင်ပါပြီ။

အလွတ်ကျက်ပြီး စာမေးပွဲဖြေရတာ မဟုတ်ဘဲ သဘောတရား သိပြီး အသုံးချတတ်မှုကို ဆန်းစစ်တဲ့ assignment တွေနဲ့ အတန်းတင်ပေးတဲ့ သင်ကြား၊ သင်ယူမှု ပုံစံကို အသုံးပြုပါတယ်။

Engineering နဲ့ Business ရွေးချယ်တက်ရောက်နိုင်ပြီး၊ အင်္ဂလိပ်စာအရည်အချင်းပြည့်မှီပြီးရင် သင်တန်းကာလ two semester ဖြစ်ပါတယ်။

Level 3 Program အောင်မြင်ပြီးရင် HND ဆက်တက်နိုင်ပါတယ်။ HND ရပြီးရင် UK Bachelor Degree ရယူနိုင်တဲ့ နိုင်ငံတကာ ပညာရေးလမ်းကြောင်းပေါ် ရောက်ရှိမှာ ဖြစ်ပါတယ်။

၂၀၁၆ ဩဂုတ်လ နောက်ဆုံးပတ်မှာ စတင်ဖွင့်လှစ်မှာ ဖြစ်ပြီး အောက်ပါနေရာတွေမှာ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။
ဩဂုတ်လ မကုန်မီ စာရင်းပေးသွင်းလျှင် ၂၀ % လျှော့ပါမယ်။

ချင်းတွင်းကောလိပ်(ရန်ကုန်) - အမှတ် (၇၅) သိမ်ဖြူလမ်း (အောက်ဘလောက်)၊ ဗိုလ်တစ်ထောင်မြို့နယ်။ ဖုန်း - ၀၁ ၂၉၈၁၃၇ ၊ ၂၉၇၆၇၃။
ချင်းတွင်းကောလိပ် (မန္တလေး) - စံပယ်ဆောင်၊ ဂရိတ်ဝေါလ်တိုက်ခန်းများ၊ ၇၇ x ၇၈ နှင့် ၃၁ x ၃၂ ကြား။ ဖုန်း - ၀၂ ၇၄၁၇၉၊ ၆၈၂၄၉။
ချင်းတွင်းကောလိပ် (တောင်ကြီး) - အမှတ် (၅၇/၁၆) မြတ်ရတနာလမ်း၊ ရေအေးကွင်းရပ်။ ဖုန်း - ၀၉ ၇၈၄၀၃၈၉၉၅၊ ၇၈၄၀၃၈၉၉၆။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (ပြင်ဦးလွင်) - အမှတ် (၂၀၆)၊ ဘီလမ်း။ ဖုန်း - ၀၈၅ ၂၂၁၂၈၊ ၂၁၃၉၉။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (နေပြည်တော်) - ဥာဏအောင်မြေလမ်း၊ MICC နှင့် မြို့မဈေးအနီး။ ဖုန်း - ၀၆၇ ၄၂၁၇၁၈၊ ၄၂၁၇၁၉။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော (Transportation Equipment, Office Equipment, Furniture Equipment နှင့် Machinery & Equipment)များ အမြန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၆-၉-၂၀၁၆ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၁၀-၂၀၁၆ရက် မွန်းလွဲ ၂း၀၀နာရီ

**ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၃၁၁၈၀၊ ၀၆၇-၄၃၁၁၈၂**

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊**
**လူမှုဝန်ထမ်းဦးစီးဌာန၏ အစီအစဉ်ဖြင့်**

ဂျပန်နည်းပညာ စင်တီမီတာဖြင့် အင်္ကျီဆွဲနည်း၊ မိန်းမဝတ် ရင်စေ့၊ ရင်ဖုံး နှင့် ခေတ်ပေါ်ပုံ အမျိုးမျိုးအတွက် စက်ချုပ် သင်တန်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

ဖွင့်လှစ်မည့်နေ့ (၂၄.၉.၂၀၁၆)
သင်တန်းချိန် နံနက်(၀၉း၃၀)နာရီမှ ညနေ(၀၃း၀၀)နာရီထိ
သင်တန်းကာလ ၈ပတ်(စနေ+တနင်္ဂနွေနေ့တိုင်း)

သင်တန်းလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်-
မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊အမှတ်(၆၅)၊ကျိုက်ပိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်းအတွင်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၄၂၀၀၁၅၆၀၊ ၀၉-၂၅၀၇၉၇၀၂၁။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ကုသရေးဦးစီးဌာန
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကုသရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေလက်အောက်ရှိ ဆေးရုံများတွင် လူနာများအား ကုသမှုပေးရန် F.D.A အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခွဲ ခွဲစိတ်မှန်သုံးဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၆-၉-၂၀၁၆ ရက် အင်္ဂါနေ့ နံနက် ၁၀း၀၀နာရီ

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၁၀-၂၀၁၆ရက် အင်္ဂါနေ့ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော်ကုသရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၂၁၄၆၂**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP(Yangon) အရောက် ဝယ်ယူလိုပါသည်-

Tender No.15/EPGE/2016-2017(USD)
Frame 5 (Johnbrown) Gas Turbine Spare Parts for Ywama
Tender No-16/EPGE/2016-2017(Kyats)
Frame 5 Gas Turbine Spare Parts for all Thermal Power Station

၂။ Tender No-15 & 16 ၏ တင်ဒါပိတ်ရက်မှာ ၅-၁၀-၂၀၁၆ရက်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၈၁၀၄၂၇၉**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ဝန်ကြီးရုံး(အားကစား)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး (အားကစား)တွင် အသုံးပြုရန်လိုအပ်လျက်ရှိသော ရုံးသုံးစက်ပစ္စည်း(၁၀)မျိုးနှင့် ရုံးသုံးပရိဘောဂ (၉)မျိုးတို့အား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၉-၂၀၁၆ရက်မှ၂၁-၉-၂၀၁၆ ရက်ထိ နံနက် ၁၀း၀၀နာရီမှ ၁၆း၃၀နာရီထိ
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၁-၉-၂၀၁၆ ရက် ၁၆း၃၀ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး(အားကစား)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်
(ဃ) **တင်ဒါဖွင့်လှစ်ရွေးချယ်မည့်ရက်** - ၂၆-၉-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ (အစည်းအဝေးခန်းမ)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ ပစ္စည်းစာရင်းနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် ရုံးအမှတ်(၃၁)၊ ဝန်ကြီးရုံး(အားကစား)၊ **ဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ**တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၆၂၉၁ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့**

---

## CLAIMS DAY NOTICE
## M.V SPRING SKY VOY: NO (65)

Consignees of cargo carried by M.V SPRING SKY VOY: NO(65) are here by notified that the vessel will arrive on about 7-9-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## ဦးရီစိန် (တရားလွှတ်တော်ရှေ့နေ)
## ၏
## စီမံခန့်ခွဲရေးဥပဒေ

၁။ အစိုးရသစ် (ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး)အတွက် မရှိမဖြစ်ဥပဒေ။
၂။ တိုးတက်ပြီးဖြစ်သည့် နိုင်ငံတိုင်းအတွက် အသုံးပြုလျက်ရှိသည့်ဥပဒေ။
၃။ တိုးတက်သည့် နိုင်ငံတိုင်းအတွက် လိုအပ်သည့်ဥပဒေ။
၄။ စီမံခန့်ခွဲရေးဥပဒေဆိုသည်မှာ အဘယ်နည်း။
၅။ နိုင်ငံတစ်နိုင်ငံအတွက် စီမံခန့်ခွဲရေးဥပဒေသည် မည်မျှအရေးကြီးသနည်း။
၆။ ဒီမိုကရေစီအသားကျနိုင်ငံကြီးများ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များ။

**"ထွက်ပြီ"**

---

## ၁၉၆၄-၁၉၈၄ တက္ကသိုလ်ကောလိပ်သိပ္ပံကျောင်းပေါင်းစုံ
## အ-သုံးလုံးအဖွဲ့ဝင်များဦးစီးသော
## ဓာတ်တတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့
## မြန်မာ့ အ-သုံးလုံး (၅၃)နှစ်မြောက်အထိမ်းအမှတ်နှင့်
## နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး
## ဖိတ်ကြားစာ

**နေ့ရက်** - ၁၁-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**အချိန်** - မွန်းလွဲ ၁း၀၀ နာရီ
**နေရာ** - ဝိဇ္ဇာခန်းမ၊ ရန်ကုန်တက္ကသိုလ်နယ်မြေ

အသင်းဝင်ဟောင်း/သစ်များအားလုံးနှင့် ပရဟိတလုပ်ငန်း စိတ်ပါဝင်စားသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

## တစ်ဦးတည်းဖြစ်ကြောင်း

ထ-ခွဲ၊ လ(၁)ပျဉ်းမနားမြို့နယ် တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဇော်ဇော်အောင်၏ဖခင် ဦးမောင်လှာနှင့် ဦးလှာသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်လှာ(ခ)ဦးလှာ**

---

## မွေးသက္ကရာဇ်အမှန်

ဦးသန်းမြင့် ၁၁/ကဖန(နိုင်)၀၄၃၁၂၆- ဒေါ်ခင်ခင်ဦး ၁၁/ကဖန(နိုင်)၀၄၁၅၈၈၏ သမီး တောင်ဥက္ကလာ၊ (၇)ရပ်ကွက်နေ မယမင်းသူဇာ ၁၂/ဥကတ(နိုင်)၁၉၅၈၅၆၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၄-၂၀၀၀ ဖြစ်ပါကြောင်း။

---

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့
# သတင်းကြေညာချက်

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းထီလက်မှတ်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ၂၀၁၇ခုနှစ် မတ်လတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ရာ ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် အောက်ပါအချက်များနှင့်အညီ ဆောင်ရွက်ကြရန် ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်ပြည်နယ်/တိုင်းဒေသကြီးများမှ အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) လျှောက်လွှာပုံစံများကို သက်ဆိုင်ရာရုံးများတွင် အခမဲ့ တောင်းယူနိုင်ပါသည်။

(ဂ) လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူများ တင်ပြရမည်ဖြစ်ပါသည်။

(ဃ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ ၁၆-၉-၂၀၁၆ ရက် နောက်ဆုံးထား၍ တင်သွင်းသွားရန်ဖြစ်ပါသည်။

(င) လစဉ်ဝယ်ယူခွင့်ရရှိသော ထီစာအုပ်အရေအတွက်အရ ထီလက်မှတ်(၁၁)စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် အာမခံငွေ(Deposit) ကျပ် ၁၀၀ နှုန်းဖြင့် (၃)လစာ ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

(စ) ထီစာအုပ်ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းချမည့် ထီစာအုပ် အရေအတွက်အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့် ထီစာအုပ်အရေအတွက်ကိုဖော်ပြလျက် မပျက်မကွက် ဝယ်ယူမည်ဖြစ်ကြောင်း ပဋိညာဉ်စာချုပ် ချုပ်ဆိုရမည်ဖြစ်ပါသည်။

(ဆ) ထီစာအုပ်ဝယ်ယူရောင်းချသူများအနေဖြင့် ပဋိညာဉ်စာချုပ်ပါသဘောတူညီချက်များကို လေးစားလိုက်နာရန် (ပျက်ကွက်ပါက Deposit ပေးသွင်းငွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူသွားမည့်အပြင် အမည်ပျက်စာရင်းတွင် ထည့်သွင်းသွားမည်ဖြစ်ပါသည်။)

(ဇ) အကယ်၍ ထီစာအုပ်များဆက်လက်ရောင်းချလိုခြင်းမရှိပါက (၃)လကြိုတင်တင်ပြပြီး Deposit ငွေများ ပြန်လည်ထုတ်ယူနိုင်ပါသည်။

(ဈ) ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အား အတည်ပြုချက်ရရှိပါက သဘောတူညီချက်ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း၊ အာမခံငွေပေးသွင်းခြင်းလုပ်ငန်းများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား၍ အပြီးဆောင်ရွက်ရပါမည်။

JCM JEWEL COLLECTION MANUFACTURING CO.,LTD

# ကျေးဇူးဥပကာရ အထူးတင်ရှိခြင်း

JCM JEWEL COLLECTION MANUFACTURING CO.,LTD

မြန်မာ့ရတနာလောကတွင် အောင်မြင်မှုများကို အစိုင်အမာ ရရှိနေသည့် မိခင်ကုမ္ပဏီဖြစ်သော
နိုင်ငံတကာအဆင့်မီ ရွှေနန်းတော်စိန်ရွှေရတနာဆိုင်မှ
၂၀၀၅ ခုနှစ်တွင် မွေးဖွားခဲ့သည့် Jewel Collection Manufacturing Co.,Ltd သည်
Laos နိုင်ငံ Vientiane မြို့တွင် စက်တင်ဘာ(၅)ရက်နေ့၌ ကျင်းပသည့်
ASEAN BUSINESS AWARDS 2016 @ CLMV SME EXCELLENCE WINNER AWARDS ၏
INNOVATION CATEGORY အတွက် ထူးချွန်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက်ငယ်စဉ်ကတည်းက စီးပွားရေးလုပ်ငန်းများနှင့်
ပတ်သက်၍ မျိုးစေ့ချ၊ ပျိုးထောင်လေ့ကျင့်သင်ကြားပေးခြင်း၊ Leadership Position အနေဖြင့်လုပ်ငန်းများကို
ယုံကြည်စွာ စတင်လုပ်ကိုင်ခွင့်ပေးခြင်းနှင့် ယနေ့ထက်တိုင်စောင့်ရှောက်ပေးသော
ကျေးဇူးရှင် မိဘများဖြစ်သည့် (ဦးရွှေ+ဒေါ်ခင်စန်းရီ) နှင့် (ဦးခင်မောင်သိန်း)+ ဒေါ်ခင်မြမြ တို့အားလည်းကောင်း၊
၂၀၀၉ ခုနှစ်တွင် ISO 9001:2008 Certificate ( Quatity Management System)၊ ၂၀၁၃ ခုနှစ်တွင်
ISO 14001:2004 Certificate (Environmental Management) နှင့်
OHSAS 18001:2007 Certificate (Occupational Health and Safety ) တို့ကို ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်
ပေးသောဝန်ထမ်းများအားလည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံကောင်းများ ဖန်တီးပေးခဲ့သည့်
အ.ထ.က(၁)ဒဂုံ၊ အ.ထ.က(၁)မိုးကုတ်၊ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်တို့မှ ဆရာကြီးဆရာမကြီးများအားလည်းကောင်း
၂၀၀၄ ခုနှစ်နှင့်၂၀၁၄ ခုနှစ်တို့တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (MBA Program) မှထူးချွန်ကျောင်းသား/ကျောင်းသူများအတွက်
ချီးမြှင့်ပေးသည့် "မမြလေး Award"ဆုများနှင့်အတူ
စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာပညာရပ်များကို ကောင်းစွာမျိုးစေ့ချပေးခဲ့သည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ
ဆရာကြီးဆရာမကြီးများအားလည်းကောင်း၊စီးပွားရေးဆိုင်ရာအတွေ့အကြုံကောင်းများရရှိအောင်ပံ့ပိုးပေးသည့် UMFCCI ၊
မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး
ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံးကိုလည်းကောင်း၊ စီးပွားရေးနယ်ပယ်အသီးသီးမှ
လုပ်ငန်းရှင်များအားလည်းကောင်း၊ (၂၃)နှစ်တိုင်တိုင် ဝယ်ယူအားပေးလျက်ရှိသော ရတနာချစ်သူမိတ်ဆွေများအားလုံးကို
လှိုက်လှိုက်လှဲလှဲ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ဒေါက်တာအောင်ကျော်ဝင်း + ဒေါက်တာသက်သက်နိုင်**
**သမီးသက်ရတနာကျော်ဝင်း**
**ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ Forever Gems by ရွှေနန်းတော်**
**Jewel Collection Manufacturing Co.,Ltd. United GP Development Co.,Ltd @ 68 Residence**

---

**ဖခင်အမည်မှန်**

ပျော်ဘွယ်မြို့နတ်စုန်းမော်ကျေးရွာ အလက(ခွဲ) ဆဋ္ဌမတန်းမှ မဖြူဖြူသင်း၏ဖခင်အမည်မှန်မှာ ဦးလှမင်း ၉/ပဘန(နိုင်)၁၆၉၂၆၈ ဖြစ်ပါကြောင်း။ **ဦးလှမင်း ၉/ပဘန(နိုင်)၁၆၉၂၆၈**

## ဖခင်အမည်မှန်

ရေဦးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မအေးသန္တာထွန်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်မျိုး ၅/တဆန(နိုင်)၀၈၆၀၁၀ ဖြစ်ပါသည်။

**ဖခင်-ဦးနိုင်မျိုး**

## ဖခင်အမည်မှန်

ရေဦးမြို့၊အထက(၁)၊ တက္ကသိုလ်ဝင်တန်း(I)မှ မသိမ့်သိမ့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၅/ဒပယ(နိုင်)၀၃၁၂၄၆ ဖြစ်ပါသည်။

**ဖခင်-ဦးမြင့်ဦး**

## ဖခင်အမည်မှန်

ရေဦးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(K)မှ မအေးသက်မွန်၏ဖခင်အမည်မှန်မှာ ဦးဝင်းဇော်မြင့် ၅/ရဥန(နိုင်)၁၂၃၇၃၄ ဖြစ်ပါသည်။

**ဖခင်-ဦးဝင်းဇော်မြင့်**

## ဖခင်အမည်မှန်

ရေဦးမြို့၊အထက(၁)၊ တက္ကသိုလ်ဝင်တန်း(C)မှ မမေကျော့ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်း ၅/ရဥန(နိုင်)၀၇၇၃၇၀ ဖြစ်ပါသည်။

**ဖခင်-ဦးမြင့်ထွန်း**

## ဖခင်အမည်မှန်

ရေဦးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ညီညီထွေး၏ ဖခင်အမည်မှန်မှာ ဦးကြည်စိန် ၅/ရဥန(နိုင်)၀၁၂၇၉၉ ဖြစ်ပါသည်။

**ဖခင်-ဦးကြည်စိန်**

## ဖခင်အမည်မှန်

ရေဦးမြို့၊အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မနန်းအိစံ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနိုင် ၅/ရဥန(နိုင်)၀၇၃၃၇၈ ဖြစ်ပါသည်။

**ဖခင်-ဦးဇော်မင်းနိုင်**

## ဖခင်အမည်မှန်

အထက(၁) ရေဦးတက္ကသိုလ်ဝင်တန်း(B)မှ မဇာခြည်အောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၅/ဒပယ(နိုင်)၀၇၂၂၂၉ ဖြစ်ပါသည်။

**ဖခင်-ဦးမြင့်နိုင်**

## ဖခင်အမည်မှန်

